# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၁၂]


မြတ်ဗုဒ္ဓအဆူဆူတို့၏
အဆုံးအမ

- ❖ မကောင်းမှု ရှောင်၊
- ❖ ကောင်းမှု ဆောင်၊
- ❖ ဖြူအောင် စိတ်ကိုထား။

## ဧရာဝတီမြစ် ရေကြီးရေလျှံမှုမှကာကွယ်ရန်နှင့် လျှပ်စစ်စွမ်းအား ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆွေးနွေး

စာမျက်နှာ-၃



# ဘာသာရေးအဆုံးအမများဖြင့် အေးချမ်းသောကမ္ဘာကို ဖော်ဆောင်နိုင်ရန်အတွက် ဘာသာပေါင်းစုံမှပညာရှင်များ တက်ရောက်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံ ကျင်းပမည်



ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကျင်းပမည့် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဘာသာရေးအဆုံးအမများဖြင့် အေးချမ်းသောကမ္ဘာကို ဖော်ဆောင်နိုင်ရန်အတွက် ဘာသာပေါင်းစုံမှ ပညာရှင်များ စုဝေးတက်ရောက်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံ (The World Buddhist Peace Conference) ကို စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ဇန်နဝါရီ ၂၂ ရက်မှ စတင်ကျင်းပမည်ဖြစ်ပြီး ဘာသာရေးပညာရှင်များနှင့် လေ့လာသူ ၇၀၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော် အရှင်ဉာဏိဿရ ဦးဆောင်ဖွင့်လှစ်သည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်းတွင် ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနားသို့ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ပညာရှင်ပေါင်း ၂၀၀ ကျော် တက်ရောက်မည်ဖြစ်သည်။

ယခုအခါ အမေရိကန်၊ အင်္ဂလန်၊ ရုရှား၊ အီရန်နှင့် ဗုဒ္ဓဘာသာ နိုင်ငံများ၊ အာရှနိုင်ငံများနှင့် စိတ်ပါဝင်စားသည့် နိုင်ငံများမှ ဘာသာရေးကျွမ်းကျင်သူများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သီတဂူမောင်မောင်




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လေးဆယ်အရွယ်ကျော်သောအခါဝယ်

လူတို့၏သက်တမ်းသည် ရာစုနှစ်တစ်ခုလျှင်တစ်နှစ်နှုန်း လျော့ကျလာသည့်အလျောက် လက်ရှိ ကမ္ဘာ့မှတ်တမ်းများအရ မြန်မာလူမျိုးများ၏ ပျမ်းမျှသက်တမ်းမှာ ၆၀ ဝန်းကျင် သက်တမ်းဟု ဆိုကြသည်။ အသက်လေးဆယ်ကျော်လွန်လာသူများအဖို့ လူ့သက်တမ်းမှာ တစ်ဝက်ကျော်လွန်ခဲ့ချေပြီ။ ကျွန်ုပ်တို့အနေဖြင့် မွေးဖွားသည်မှ လေးဆယ်အရွယ်အထိ လွတ်လပ်စွာ သွားလာနေထိုင်စားသောက်ခဲ့ကြသည်။ ပျော်ပါးခဲ့ကြသည်။ နေပူမရှောင် မိုးရွာမရှောင် အလုပ်ကိုလုပ်ခဲ့ကြသည်။ ပင်ပန်းနွမ်းနယ်စွာ ရုန်းကန်ခဲ့ကြသည်။ ထို့ကြောင့်လည်း လူ့ခန္ဓာကိုယ်မှာ ရင့်ရော်ရာမှ ယိုယွင်းသည့်အနေအထားသို့ ရောက်ရှိလာသည်။

ခန္ဓာကိုယ်အတွင်း ကလီစာပိုင်းစတင်ဖောက်ပြန်လာသည်။ ထို့ကြောင့်လည်း သွေးတိုး၊ နှလုံး၊ ကျောက်ကပ်အစရှိသော ရောဂါများနှင့် စတင်ရင်ဆိုင်လာကြရသည်။ ငယ်ငယ်ရွယ်ရွယ်ဖြင့် လေဖြတ်သူများ ပိုမိုများပြားလာသည်။ အသက်လေးဆယ်ကျော်များတွင် ဆီးချိုရောဂါဖြစ်ပွားလာသူများ များပြားလာသည်။ နှလုံးသွေးကြောကျဉ်း အဆီပိတ်သူများလည်း တိုးလာသည်။

ဤရောဂါများသည် ကူးစက်ရောဂါမဟုတ်ဘဲ အဘယ်ကြောင့်လျင်မြန်စွာတိုးပွားလာသည်ကို စဉ်းစားစရာဖြစ်သည်။ အမှန်စင်စစ် ထိုရောဂါများသည် ကူးစက်ရောဂါမဟုတ်သော်လည်း လူတို့၏နေထိုင်စားသောက်ပုံနှင့် အဓိကဆက်စပ်လျက်ရှိသည်။ အချို့သောသူများမှာ အသက်လေးဆယ်ကျော်လာသော်လည်း ငယ်ရွယ်နုပျိုစဉ်ကကဲ့သို့ စားမြဲစား၊ သွားမြဲသွား၊ သောက်မြဲသောက်နေကြဆဲဖြစ်သည်။

နေ့စဉ်လေ့ကျင့်ခန်းတစ်ခုခုလုပ်ရမည့်အစား သက်သာအောင်နေထိုင်မှု များပြားလာသည်။ အသက်လေးဆယ် အရွယ်ရောက်သူများအဖို့ လူလတ်ပိုင်းအရွယ်ဖြစ်သည့်အလျောက် ဘဝတစ်ခုသည် စတင်အနည်ထိုင်မှုရှိလာသည်။ စီးပွားရေးအဆင်ပြေသူများအဖို့ ပို၍ စည်းစိမ်ရှိလာသည်။ အရက်သေစာနှင့် ဆေးလိပ်ကိုအလွန်အကျွံသောက်ကြသဖြင့် နောက်ဆုံးတွင် ဆိုးရွားသော ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်လာကြရသည်။

အသက်လေးဆယ်ကျော်လာသူများအဖို့ သတိနှင့်နေထိုင်သွားလာစားသောက်ရတော့မည့် အနေအထား ဖြစ်သည်။ အပျော်အပါး၊ အသောက်အစားများကို လျှော့ချဖို့လိုအပ်လာသည်။ ကျန်းမာရေးလေ့လာလိုက်စားမှုကို အလေးထားသင့်သည်။ ဘာသာရေးအလုပ်ကို ပို၍လုပ်ဖို့လိုအပ်လာသည်။ အားကစားလေ့ကျင့်ခန်းများ ပိုမိုပြုလုပ်ရန် လိုအပ်လာသည်။

ထိုသို့အစားအသောက်နှင့် နေထိုင်မှုပုံစံများပြောင်းလဲခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက မကြာမီကာလအတွင်း ကူးစက်ရောဂါ မဟုတ်သော ကုစားရန် ခက်ခဲသည့် နာတာရှည်ရောဂါများနှင့် ရင်ဆိုင်ကြရဖို့ရှိသည်။ သို့ဖြစ်၍ လူတိုင်း လူတိုင်း အသက်လေးဆယ်ကျော်လာပြီဆိုလျှင် နေထိုင်စားသောက်မှုပုံစံကို သတိပြု အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အအုံ ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီလ တတိယပတ်က ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့သို့ သွားရောက်၍ မြတ်စေတနာ ဘိုးဘွားရိပ်သာအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ညှိနှိုင်းခဲ့သည်။ ထို့နောက် ဒေးဒရဲမြို့နယ်တိုက်ကျောင်းဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေနှင့် သွပ်များ၊ ဓမ္မစကူးအတွက် အလှူငွေနှင့် ဒေးဒရဲမြို့နယ် အရေးပေါ် မီးငြိမ်းသတ်နိုင်ရေး ငွေကျပ် ၅၅ သိန်း တန်ဖိုးရှိသော အပေါ့စား မီးသတ်ရေစုပ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဖျာပုံမြို့ (၁၇) ရပ်ကွက်၌ ဝန်ကြီးဌာနက လှူဒါန်းထားသည့် စစ်ကိုင်းလမ်း ကွန်ကရစ်လမ်းသစ်ခင်းခြင်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်၍ ကျိုက်လတ်မြို့သို့ သွားရောက်ကာ ရွှေရတုခန်းမ၌ ကျိုက်လတ်မြို့နယ် အရေးပေါ်မီးငြိမ်းသတ်နိုင်ရေး ငွေကျပ် ၅၅ သိန်း တန်ဖိုးရှိ အပေါ့စား မီးသတ်ရေစုပ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဇန်နဝါရီ ၁၇ ရက်တွင် ဘိုကလေးမြို့နယ် ချောင်းဖြကြီးကျေးရွာအုပ်စု ဇီးဖြူရွာမကျေးရွာသို့ ကွင်းဆင်း၍ ဝန်ကြီးဌာနက ငွေကျပ် သိန်း ၇၅၀ ဖြင့် ဆောက်လုပ်လှူဒါန်းထားသည့် ဘက်စုံသုံး မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Multipurpose Cyclone Shelter) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည် ပက်ဖျန်းပေးကာ ဒေသခံပြည်သူများထံ သဘာဝဘေးလျော့ပါးရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကားလမ်းနှင့်မလွတ်ကင်းသော ကားရေဆေးဆိုင်များကြောင့် ကတ္တရာခင်းလမ်း ပျက်စီးလာနိုင်

**ထင်သာမြင်သာ ပြုပြင်စရာ**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ်နှင့် ရန်ကုန်-ညောင်တုန်းလမ်းမကြီးသည် နေ့စဉ်ယာဉ်ဖြတ်သန်းသွားလာမှုများသော လမ်းမကြီးဖြစ်ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ ကားလမ်းတစ်လျှောက်တွင် ကားရေဆေးသော ဆိုင်များဖွင့်လှစ်ခဲ့သည်။

လှိုင်သာယာမြို့နယ်အတွင်း ယခုအခါတစ်လမ်းလျှင် ရေဆေးခုံ (၃၀) ခန့်ရှိပြီး တပင်ရွှေထီးလမ်း အနော်ရထာလမ်းမကြီး အပါအဝင် ရပ်ကွက်အတွင်းရှိ ကွန်ကရစ်လမ်းဘေးတွင်လည်း ရေဆေးခုံများ ဖွင့်လှစ်လာသောကြောင့် နိုင်ငံတော်မှ အများပြည်သူ ဖြတ်သန်းသွားလာမှုလွယ်ကူချောမွေ့စေရန် ခင်းပေးထားသော ကွန်ကရစ်လမ်းနှင့် ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် ဆောင်ရွက်ပေးထားသည့် အဝေးပြေး ကတ္တရာခင်းလမ်းများ ပျက်စီးလာနိုင်ပါသည်။ အဆိုပါဆိုင်များမှာ မြို့၏ကားလမ်းမကြီး တစ်လျှောက်တွင် တဖြည်းဖြည်း တိုးလာလျက်ရှိပြီး မြို့နယ်၏ အဓိက ကားလမ်းမကြီး ပျက်စီးလာနိုင်၍ အများပိုင်လမ်းများ အလဟဿ ပျက်စီးဆုံးရှုံးမှု မရှိစေရေး မြို့ခံပြည်သူတို့က စိုးရိမ်လျက်ရှိကြောင်း သိရသည်။ (၁၆၄)






# အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပညာပေးဆွေးနွေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်၌ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပညာပေး ဆွေးနွေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က လှိုင်းဘွဲ့မြို့ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအကြောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောက်ရိုးစီမြေထိန်းနံရံဆောင်ရွက်

**မံစီ ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မံစီမြို့နယ် မန်သာကျေးရွာအုပ်စု ကံကြီးကျေးရွာတွင် ဒေသခံများ ရာသီမရွေးသွားလာနိုင်ရန် အရှည်ပေ၄၀၀ ရှိ ရွာဦးတာရိုးလမ်း ကျောက်ရိုးစီမြေထိန်းနံရံကို စံလွန်ဘွမ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပြီးစီးမှုအခြေအနေကို မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ဇန်နဝါရီလ ဒုတိယပတ်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၉၂၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၄၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀ / ၈၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀ / ၇၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁·၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂·၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆·၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂·၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄·၃၉ |

ခင်ရတနာ-စုစည်းသည်။

# ရောဝတီမြစ် ရေကြီးရေလျှံမှုမှကာကွယ်ရန်နှင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံပိုင်စွမ်းအင် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုအုပ်စု (State Power Investment Corporation-SPIC) ဥက္ကဋ္ဌ မစ္စတာ ဝမ်ပင်းဟွာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရောဝတီမြစ် ရေကြီးရေလျှံမှုမှကာကွယ်ရန် နိုင်ငံတကာပညာရှင်များပါဝင်သော လေ့လာရေးလုပ်ငန်းများနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။



ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်နှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ဝမ်ပင်းဟွာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

---

**✻ ရှေ့ဖုံးမှ**

လေ့လာသူ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓဘာသာသည် အခြေခံကျပြီး အလယ်အလတ်လမ်းစဉ်ကိုကျင့်သုံးတဲ့ ဘာသာတစ်ခုဖြစ်ပါတယ်။ သို့သော် ဘာသာတရားဆိုတာ လူသားတွေအတွက် အဆုံးအမပေးတာဖြစ်ပြီး မှန်ကန်တဲ့ဆုံးမလမ်းညွှန်မှုတွေကနေ တစ်ကမ္ဘာလုံးအေးချမ်းမှုကို ဆောင်ကြဉ်းနိုင်မယ်လို့ ယုံကြည်တဲ့အတိုင်း အခုလိုဆောင်ရွက်တာဖြစ်တယ်" ဟု သီတဂူဆရာတော်က မိန့်ကြားသည်။

ထို့ပြင် အဆိုပါညီလာခံသို့ ပြည်တွင်းဘာသာရေးပေါင်းစုံတို့မှ ခေါင်းဆောင်များအားလုံး တက်ရောက်ကြမည်ဖြစ်ပြီး ဗုဒ္ဓဘာသာအပြင် အခြားဘာသာရေးလေ့လာသူများကိုလည်း ဖိတ်ခေါ်ထားပြီး စုစုပေါင်း ပြည်တွင်းပညာရှင် ၅၀၀ တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သီတဂူသာသနာပြုအဖွဲ့မှ သိရှိရသည်။

"သီတဂူဆရာတော်ရဲ့ညွှန်ကြားမှုနဲ့ အကောင်းဆုံးပြင်ဆင်နေပါတယ်။ လာရောက်မယ့် ဧည့်သည်တော်တွေအတွက် မန္တလေးနဲ့စစ်ကိုင်းမှာ စီစဉ်ထားရှိပြီး နေထိုင်စားသောက်မှုအဝဝကို သီတဂူဆရာတော်နဲ့ သီတဂူစီမံအုပ်ချုပ်ရေးအဖွဲ့နဲ့ သီတဂူကပ္ပိယကာရကအဖွဲ့တို့က ဆောင်ရွက်နေကြပါတယ်။ အခမ်းအနားကို နိုင်ငံတော်အစိုးရအဖွဲ့နဲ့ ပြည်တွင်းပြည်ပသံတမန်တွေလည်း လာရောက်မှာမို့ အားလုံးစုပေါင်းပြီး ခမ်းခမ်းနားနားဖြစ်အောင် လုပ်နေပါတယ်" ဟု သီတဂူအဖွဲ့မှ ကပ္ပိယတစ်ဦးက ပြောသည်။

ထို့ပြင် **ညီလာခံသို့ ဟိမဝန္တာတောင်တန်းမှ ဗုဒ္ဓဓာတ်တော်များကို တိဗက်ရဟန်းတော်များက ပင့်ဆောင်ပူဇော်မည်**ဖြစ်ပြီး ထူးခြားမှုမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်မှ လေ့လာဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘာသာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

---

# ငွေရေးကြေးရေးအဖွဲ့ အစည်းများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

# မြန်မာနိုင်ငံရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၉**

၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးဒုက္ခရောက်ခဲ့ရသည့်ပြည်သူများအတွက် နိုင်ငံတော်မှဦးဆောင်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက သက်ဆိုင်ရာဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် Asian Honda Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၈၀၀၀၀ တန်ဖိုးရှိ HONDA Generator မီးစက်အလုံး ၁၇၀ နှင့် NCX Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ HONDA Water Pump ရေစုပ်စက်အလုံး ၁၀၀ တို့ကို မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လာရောက်လှူဒါန်းခဲ့ရာ ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူခဲ့ကာ အလှူရှင်များဖြစ်သော Asian Honda Co.,Ltd. မှ Mr.Shinichi Noyori နှင့် NCX Co.,Ltd. မှ ဦးနေမင်းဟန်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ကျေးလက်ရေရရှိရေး ဆောင်ရွက်

**ကျောက်ဖြူ ဇန်နဝါရီ ၁၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဖြူမြို့နယ် ကိုင်းချောင်းကျေးရွာရှိ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဇင်ချောင်းတစ်ဖက်ပိတ်ဆည် တည်ဆောက်နေသည့် လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ ကိုင်းချောင်းကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းကို ငွေကျပ် သန်း ၁၆ ဒသမ ၀၀ နှင့် ဇင်ချောင်းတစ်ဖက်ပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ် သန်း ၉၅ ဒသမ ၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းပြီးစီးသွားပါက ကိုင်းချောင်း၊ ကုန်းဘောင်ကြီး၊ ကုန်ဘွေ၊ တောင်ရင်း၊ ဝက်ထားပြင်၊ ကျီးဘွေကျေးရွာများရှိ ပြည်သူများ သောက်ရေ၊ သုံးရေဖူလုံစွာ ရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

---

# စိုက်ပျိုးရေးတက္ကသိုလ်၌ သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုးရေးဘွဲ့ရများအသင်းမှ ကြီးမှူး၍ နှစ်ပတ်လည်အစည်းအဝေးနှင့် သင်ရိုးညွှန်းတမ်းအဆင့်မြှင့်တင်ရေးဆွေးနွေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဇန်နဝါရီလ တတိယပတ်က ကျင်းပသည်။ အခမ်းအနားတွင် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာကျော်သန်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ အငြိမ်းစားကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စိုက်ပျိုးရေးဘွဲ့ရများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း အသင်းဝင်ကတ်များ ပေးအပ်ခဲ့ပြီး ရန်ကုန်ရုံးခွဲ၏လှုပ်ရှားမှုအခြေအနေနှင့် လက်ရှိအသင်းအခြေအနေများ၊ ရှေ့လုပ်ငန်းအစီအစဉ်များကိုတင်ပြဆွေးနွေးကာ အလုပ်အမှုဆောင်ကော်မတီဝင်များ အတည်ပြုဖွဲ့စည်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် သင်ရိုးညွှန်းတမ်းအဆင့်မြှင့်တင်ရေးဆွေးနွေးပွဲကို ယင်းနေ့နံနက်ပိုင်းကကျင်းပရာ နယ်ပယ်ပေါင်းစုံမှ အသိပညာရှင် အတတ်ပညာရှင်များက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ကြိုသင်တန်းများ၏သင်ရိုးညွှန်းတမ်း အဆင့်မြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**

---

# ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ပွဲအခမ်းအနား ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဒသမအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ စာပေဆုကော်မတီသို့ ဆက်သွယ်ရမည့်လိပ်စာမှာ အမှတ်(၂၃/၂၄)၊ ဗဟိုစည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော် မြို့နယ် ဖုန်း ၀၉-၇၃၁၀၄၄၈၇ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ဆစ်ဒနီရဲစခန်းတိုက်ခိုက်ခံရခြင်းကို ဩစတြေးလျရဲများ တုံ့ပြန်ပစ်ခတ်

**ဆစ်ဒနီ ဇန်နဝါရီ ၁၉**

ဩစတြေးလျနိုင်ငံ၏ မြို့တော်ကြီးတစ်ခုဖြစ်သော ဆစ်ဒနီအနောက်ဘက်ဆင်ခြေဖုံးရှိ ရဲစခန်းတစ်ခုတွင် ထိပ်တိုက်ရင်ဆိုင် ပစ်ခတ်မှုများဖြစ်ပွားရာ အနည်းဆုံး လူတစ်ဦး ပစ်ခတ်ခံခဲ့ရကြောင်း ပြည်နယ်သတင်းမီဒီယာဖော်ပြချက်ကို ကိုးကား၍ အရေးပေါ်ဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ပြောခဲ့သည်။

သို့သော်လည်း ဖြစ်ပွားသည့်အကြောင်းရင်း အသေးစိတ်ကို မသိရသေးချေ။ ဩစတြေးလျနိုင်ငံတွင် စစ်သွေးကြွများ၏ တိုက်ခိုက်လာနိုင်မှုအတွက် သတိပေးမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ သက်ဆိုင်ရာ အာဏာပိုင်များက ၎င်းတို့သည်ဖြစ်နိုင်ဖွယ်ရာ တိုက်ခိုက်မှုမှန်သမျှကို နှိမ်နင်းနေကြောင်း၊ သို့သော်လည်း မကြာသေးမီ လများအတွင်းက တစ်ကိုယ်တော် တိုက်ခိုက်မှုများ ရှိလာခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

နယူးဆောက်သ်ဝေးလ်ပြည်နယ် ရဲစခန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော စာရင်းကိုင်တစ်ဦးကို




**ဆစ်ဒနီအနောက်ဘက် ကွေကာပေးရဲစခန်း၌ ထိပ်တိုက်ရင်ဆိုင်ပစ်ခတ်မှု ဖြစ်ပွားရာ နေရာကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။**

ပါရာမက်တာဒေသ ဆင်ခြေဖုံးရှိ ရဲဌာနချုပ်အပြင်ဘက်တွင် အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦးက ပစ်သတ်ခဲ့သည်။

ထို့အတူ လွန်ခဲ့သောနှစ်အောက်တိုဘာလက ဆစ်ဒနီအနောက်ဘက်တွင် ယင်းကဲ့သို့ ဖြစ်ရပ်မျိုးဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

ရဲများနှင့် ဖြစ်ပွားသောနောက်ဆက်တွဲ စီးနင်းတိုက်ခိုက်မှုတွင်လည်း ဆယ်ကျော်သက် တစ်ဦးဖြစ်သူ ဖာဟက်ခါလီမိုဟာမက်ဂျဗားလည်း သေဆုံးခဲ့သည်။

(ရိုက်တာ)

# အာကာသစခန်းတွင် ပထမဦးဆုံးအကြိမ်ပန်းပွင့်



**ဝါရှင်တန် ဇန်နဝါရီ ၁၉**

ကမ္ဘာ့အပြင်ဘက် အာကာသထဲတွင် အာကာသယာဉ်မှူးများစိုက်ပျိုးထားသည့် ပန်းပင်မှ ပထမဦးဆုံးအကြိမ် ဖူးပွင့်နေပြီဖြစ်သည်။ အမေရိကန် အာကာသ အေဂျင်စီနာဆာမှ အာကာသယာဉ်မှူး စကောက်ကယ်လီက ဆွဲအား အနည်းငယ်သာရှိသည့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ ဓာတ်ခွဲခန်းထဲတွင် ဖူးပွင့်နေသည့် လိမ္မော်ရောင်ပန်းပွင့်၏ပုံကို တွစ်တာစာမျက်နှာပေါ်တွင် တင်ထားသည်ကို တွေ့ရသည်။

၎င်းက "အာကာသစခန်းတွင် ဖူးပွင့်သည့်ပန်း ပထမဦးဆုံးထွက်ပေါ်လာပါပြီ၊ အာကာသထဲတွင် သက်ရှိအပင်တစ်မျိုး စိုက်ပျိုးနိုင်ပြီ" ဟု ရေးသားခဲ့သည်။

နာဆာကထုတ်ဝေသည့်ဆောင်းပါးတွင် "ဇင်နီရာ"အမည်ရှိ အဆိုပါပန်းပင်သည် အလှစိုက်ပျိုးရုံသက်သက်မဟုတ်၊ ဆွဲအားအနည်းငယ်မျှသာရှိသည့်နေရာတွင် ပန်းများမည်ကဲ့သို့ရှင်သန်ဖူးပွင့်ကြသည်ကို သိပ္ပံပညာရှင်များလေ့လာရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးခဲ့ကြောင်း ရှင်းလင်းရေးသားခဲ့သည်။

လွန်ခဲ့သောကာလများက ဂျုံပင်နှင့်ဆလတ်ပင်များလည်း အာကာသအတွင်း စိုက်ပျိုးခဲ့ပြီး ဩဂုတ်လအတွင်းက ဆလတ်ပင်များခူးဆွတ်နိုင်ခဲ့ကာ နာဆာမှအာကာသယာဉ်မှူးများ ပထမဦးဆုံး အကြိမ်အဖြစ် စားသုံးနိုင်ခဲ့သည်။

ယခုနှစ်အတွင်း ကောက်ပဲသီးနှံအများအပြားကို အာကာသစခန်းသို့ ပေးပို့မည်ဖြစ်သည်။ ယခုစိုက်ပျိုးမှုမှ အတွေ့အကြုံများသည် ၂၀၁၈ ခုနှစ်တွင် အာကာသစခန်း၌ ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် များစွာအထောက်အကူပြုမည်ဟု နာဆာက ပြောသည်။

အာကာသအတွင်း သစ်ပင်များစိုက်ပျိုးခြင်းသည် အာကာသယာဉ်မှူးများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရာရောက်သည်။

(ဆင်ဟွာ)

# ဂျပန်နိုင်ငံရှိ ဒေသများတွင် လေပြင်းများတိုက်ခတ်၊ ဆီးနှင်းများ ထူထပ်စွာ ကျဆင်း

**တိုကျို ဇန်နဝါရီ ၁၉**

ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းတစ်လျှောက်ရှိ ပြည်သူများမှာ ဆောင်းရာသီ၏ ဆိုးရွားသောရာသီဥတုကို အလူးအလဲ အန်တုရင်ဆိုင်ခံစားနေရသည်။

အေးခဲသောလေပြင်းများနှင့်ဆီးနှင်းထူထပ်မှုများက ဒေသအများအပြားကို လွှမ်းမိုးထားလျက်ရှိသည်။

လေဖိအားနည်းရပ်ဝန်းက လေပြင်းများသည် ဂျပန်ကျွန်းဒေသအများအပြားကို တိုက်ခိုက်ခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောခဲ့သည်။

လေပြင်းများသည် အလယ်ဗဟိုတွင် တစ်နာရီလျှင် ၁၁၀ ကီလိုမီတာနှုန်းဖြင့်ဂျပန်နိုင်ငံမြောက်ပိုင်းမြို့တော်နီမူရိုနှင့် ကန်နာဇဝမြို့များကို တိုက်ခတ်လျက်ရှိသည်။



၇၀ စင်တီမီတာခန့် ရှိသောနှင်းထုများသည် ဂျပန်နိုင်ငံ မြောက်ပိုင်းဒေသများဖြစ်သော ဟိုကိုင်ဒိုနှင့်တိုဟိုကူတို့ကို လွှမ်းမိုးသွားခဲ့ပြီး အနောက်ဘက်တောင်ကုန်း ထူထပ်သောချူရိုကူဒေသကိုလည်း ဖုံးအုပ်သွားခဲ့ကြောင်း သိရသည်။

လေဖိအားနည်းရပ်ဝန်းကြောင့် ယင်းဒေသများတွင် လေပြင်းများ တိုက်ခတ်ပြီး ဆီးနှင်းများကျနိုင်ဖွယ်ရှိကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# တရုတ်နိုင်ငံတွင် လူအုပ်ထဲကားတိုးဝင်မှုကြောင့် လူသုံးဦးသေဆုံး၊ ၁၈ဦး ဒဏ်ရာရ

**နန်ချန် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက တရုတ်နိုင်ငံအရှေ့ဘက် ပြည်နယ်တွင် လူအုပ်ထဲသို့ ကားတစ်စီးအရှိန်ဖြင့်ဝင်လာသဖြင့် လူသုံးဦးသေဆုံးပြီး အခြား ၁၈ ဦး ဒဏ်ရာရရှိခဲ့ရာ အများစုမှာ ကျောင်းသားများဖြစ်ကြောင်း အစိုးရက ဖော်ပြသည်။

ယင်းမတော်တဆမှုသည် ဖန်ဆင်စီရင်စုတွင် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်ကဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စီရင်စုအာဏာပိုင် တစ်ဦးက ပြောသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ကားသမားကို ရဲများကဖမ်းဆီးထားကြောင်းနှင့် ဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ **(ဆင်ဟွာ)**

# မိုးခေါင်ရေရှားမှုကြောင့် အာဖရိကတောင်ပိုင်းတွင် လူပေါင်း ၁၄ သန်း အငတ်ဘေးရင်ဆိုင်နေရ

**ဂျီနီဗာ ဇန်နဝါရီ ၁၉**

ကာလရှည် မိုးခေါင်ရေရှားမှုများကြောင့် အာဖရိကတောင်ပိုင်းတွင် လူပေါင်း ၁၄သန်းအငတ်ဘေးပြဿနာနှင့်ရင်ဆိုင်နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) ၏ ဖော်ပြချက်ကို ကိုးကား၍ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့က ပြောခဲ့သည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဒေသတွင်းနိုင်ငံများတွင် မိုးခေါင်ရေရှားမှု ပိုမိုဆိုးရွားလာခဲ့ကြောင်း ဒဗလျူအက်ဖ်ပီ၏ပြောကြားချက်ကို ကုလသမဂ္ဂ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က ဖော်ပြခဲ့သည်။

ရာသီဥတုဆိုးရွားလာမှုကြောင့် ဒေသတွင်းအစားအစာမလုံလောက်မှု သိသိသာသာပိုမိုမြင့်တက်လာနိုင်ကြောင်း ဟက်က ဆက်လက်ပြောကြားခဲ့သည်။

ယခုနှစ်တွင်မိုးရာသီဖြစ်သော်လည်း အပူချိန်မြင့်တက်လာခြင်း၊ မိုးရေချိန်ရရှိမှုနည်းပါးလာခြင်းက အစားအစာထုတ်လုပ်မှုကို လျော့နည်းစေကာ အစားအစာမလုံလောက်မှုကို ခြိမ်းခြောက်လျက်ရှိကြောင်းနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပိုမိုဆိုးရွားသောအကျိုးဆက်ကို ခံစားရနိုင်ဖွယ်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)



# အနောက်အုပ်စု၏ ခြိမ်းခြောက်မှုကို ဖြေရှင်းရန် ရုရှား၏ လုံခြုံရေးမဟာဗျူဟာကို အဆင့်မြှင့်တင်

**မော်စကို ဇန်နဝါရီ ၁၉**

အမေရိကန်နှင့် ၎င်းမဟာမိတ်တို့၏မူဝါဒများအရ ရုရှားနှင့်ဆက်ဆံရေးအခြေအနေပို၍ဆိုးရွားလာပါက ရုရှားနိုင်ငံအနေဖြင့် အသင့်ဖြစ်စေရန်၎င်း၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာကို အဆင့်မြှင့်တင်မည်ဟု သိရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ရုရှားသမ္မတဗလာဒီမာပူတင်သည် ရုရှားနိုင်ငံကို ခြိမ်းခြောက်လာသည့်အန္တရာယ်များကို တွန်းလှန်နိုင်ရန် ရုရှားနိုင်ငံ၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာကို လက်မှတ်ရေးထိုးခဲ့သည်။

ရုရှားလုံခြုံရေးကောင်စီအကြီးအကဲက မဟာဗျူဟာတွင်ပါရှိသည့် အဓိကအချက်များကို ၂၀၀၉ ခုနှစ်မှစတင်၍ အဆင့်မြှင့်တင်ခဲ့သည်ဟုပြောသည်။

ရုရှားနိုင်ငံသည် လက်နက်လျှော့ချရေးအစီအစဉ်များကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး အဖျက်လက်နက်ကြီးများမပြန့်ပွားစေရန် ဆက်လက်ဆောင်ရွက်မည်ဟု ၎င်းကပြောသည်။

သို့သော် ရုရှားနိုင်ငံ၏နယ်မြေလုံခြုံရေးနှင့် အချုပ်အခြာအာဏာခိုင်မြဲရေးကို အာမခံချက်ပေးနိုင်သည့် နျူကလီးယားလက်နက်ပိုင်ဆိုင်မှု ဆက်လက်ရှိရမည့်အပေါ် နားလည်ရမည်ဟု ၎င်းကပြောသည်။

ရုရှားနိုင်ငံနယ်စပ်တွင် နေတိုးနှင့်မဟာမိတ်တို့က စစ်လက်နက်ပစ္စည်းများတိုးမြှင့်ချထားသော်လည်း ရုရှားနိုင်ငံသည် အမေရိကန်နှင့်ယူရိုအတ္တလန္တိတ်ဒေသမှ နိုင်ငံများနှင့်အတူတကွ လက်တွဲဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ၎င်းက ပြောသည်။ **(ဆင်ဟွာ)**

# အဖျက်စွမ်းအားကြီးမားသောလက်နက်များ တားဆီးကာကွယ်ရေးဆိုင်ရာ ကုလဆုံးဖြတ်ချက် အမှတ်(၁၅၄၀) အကောင်အထည်ဖော်ရေး စားပွဲဝိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

အဖျက်စွမ်းအား ကြီးမားသော လက်နက်များပြန့်ပွားမှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၅၄၀) အကောင်အထည်ဖော်ရေး စားပွဲဝိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးဆိုင်ရာရုံးမှ အရာရှိများ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၅၄၀) အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအဖွဲ့မှ ကျွမ်းကျင်သူများ၊ ကုလသမဂ္ဂ အာရှပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာမှ ညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်အရာရှိကြီးများနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ကိုကိုလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်း၊ ကုလသမဂ္ဂ အာရှပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစင်တာမှ ညွှန်ကြားရေးမှူး မစ္စတာ ယူရီခရိုနော့၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် (၁၅၄၀) အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ကျွမ်းကျင်သူအဖွဲ့မှ အဖွဲ့ဝင် မစ္စတာ လုရှန်ဒေါင်တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြပြီးနောက် တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးကြသည်။



အဆိုပါ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# မိုးယွန်းကြီးအင်း ရမ်ဆာရေတိမ်ဒေသ၌ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး ဆောင်းခိုငှက်များ ကျရောက်ကျက်စားမှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ပညာပေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၉**



မြန်မာနိုင်ငံ၏ ရမ်ဆာရေတိမ်ဒေသထိန်းသိမ်းရေး နယ်မြေတစ်ခုအဖြစ် ၂၀၀၄ ခုနှစ်တွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အသိအမှတ်ပြု သတ်မှတ်ခဲ့ပြီးဖြစ်သည်။ မိုးယွန်းကြီးအင်းသည် ကမ္ဘာ့မြောက်ခြမ်းနှင့် တောင်ခြမ်းဒေသ၊ အာရှအလယ်ပိုင်းဒေသ၊ အာရှနှင့် ဩစတြေးလျတိုက်ဒေသတို့မှ ရေပျော်ငှက်မျိုးစိတ်များစွာတို့အတွက် ဆောင်းခိုကာလ ငှက်ပျံသန်းလမ်းကြောင်းပေါ်ရှိ ခေတ္တခိုလှုံရာနေရာကောင်းတစ်ခု၊ ကျက်စားရာနယ်မြေတစ်ခုအဖြစ် အထင်ကရဖြစ်လာခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဇန်နဝါရီ ၁၆ ရက်တွင် မိုးယွန်းကြီးအင်း ရေတိမ်ဒေသ ထိန်းသိမ်းရေးနယ်မြေသို့ သွားရောက်၍ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဌာနေငှက်များနှင့် ဆောင်းခိုငှက်များ ကျရောက်ကျက်စားမှု အခြေအနေ၊ ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အင်းအတွင်း ရေပမာဏထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဇန်နဝါရီ ၁၇ ရက်တွင် မိုးယွန်းကြီးအင်းအတွင်း ဆောင်းခိုငှက်မျိုးစိတ်များ သဘာဝအတိုင်း ကျရောက်ကျက်စားနေမှု၊ ဌာနေငှက်များကျက်စားမှု၊ ငှက်များအတွက် ကျက်စားနေရာများ အခြေအနေ၊ မြေအသုံးချမှု အခြေအနေတို့ကို တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ဒုတိယဝန်ကြီးအား မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ရေတိမ်ဒေသများနေ့ (World Wetlands Day) အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုအခြေအနေများနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်ဖြင့် B.O.Tစနစ်နှင့် အပန်းဖြေစခန်းလုပ်ငန်းများ တိုးတက်ဆောင်ရွက်နေမှုအခြေအနေများကို သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်၊ ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုနှင့် ရွှေပြည်အေးခရီးသွားလုပ်ငန်းကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမျိုးသက်တို့က ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

# Corporate Governance ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ UK -Myanmar Financial Taskforce အဖွဲ့နှင့် Thai Institute of Director မှ ဥက္ကဋ္ဌတို့သည် Corporate Governance ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံလမ်းရှိ မြန်မာနိုင်ငံ စာရင်းကိုင်သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။ ထို့နောက် Standard Chartered Bank မှ Chief Representative အဖြစ် တာဝန်ထမ်းဆောင်နေသော Ms. Tina Singhsacha က ကျေးဇူးတင်စကားပြောကြားပြီး ဆက်လက်၍ ထိုင်းနိုင်ငံ Institute of Director Association မှ CEO နှင့် President ဖြစ်သူ Dr. Bandid Nijithworn က Corporate Governance နှင့် ပတ်သက်၍ ကောင်းမွန်သော စီမံအုပ်ချုပ်မှု၏အရေးပါပုံ၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု အလေ့အကျင့်များ တည်ဆောက်ရာတွင် Thai Institute of Director ၏ ပါဝင်သော အခန်းကဏ္ဍ၊ Thai Institute of Director မှ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းအစီအစဉ်များ၊ Board of Director များအတွက် ဖွင့်လှစ်သည့်သင်တန်းများ စသည်တို့ကို အပိုင်းလေးပိုင်းခွဲ၍ အသေးစိတ် ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ UK-Myanmar Financial Taskforce အဖွဲ့နှင့် Thai Institute of Director တို့က ပြန်လည်ဖြေကြားသည်။ ယင်းဆွေးနွေးပွဲအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက အရင်းအနှီးဈေးကွက်အတွက် လိုအပ်သော အရည်အချင်းပြည့်ဝ၍ စွမ်းဆောင်ရည်မြင့်မားသော လူသားအရင်းအမြစ်များ လုံလောက်စွာရရှိစေရန် လေ့ကျင့်သင်ကြားပေးမည့် Shenton Institute of Applied Finance၊ MIND Investment Institute နှင့် Myanmar Institute of Finance စသည့် SECM က စိစစ်ပြီးသော သင်တန်းကျောင်းသုံးခုကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။ မနေ့ကတည်းက သတ်မှတ်ထားပြီး ဒီနေ့မှာ သတ်မှတ်ဈေးအတိုင်း ရောင်းချဖို့အတွက် ညွှန်ကြားပြီးပါပြီ" ဟု မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် ရန်ကုန်ဈေးနှုန်းများသာ ကျဆင်းခဲ့ပြီး အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆီဆိုင်များ၏ ဈေးနှုန်းများမှာမူ ကျဆင်းခြင်းမရှိသေးကြောင်း ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာခြင်းသည် ကုန်စည်ဝယ်ယူပို့ဆောင်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပြီး စက်သုံးဆီဈေးနှုန်းနှင့်အပြိုင် အခြားသော ကုန်စည်များ၏ ဈေးနှုန်းများကိုလည်း လိုက်ပါလျှော့ချသင့်ကြောင်း မြင်းခြံကုန်သည်ပွဲစား စက်ပိုင်များကထိန်တော်အသင်းမှ ဦးမောင်မောင်မြင့်က ပြောကြားသည်။

"အရင်က စက်သုံးဆီဈေးနှုန်းမြင့်လို့ သယ်ယူစရိတ်က ထပ်ဆောင်းပေးရတယ်။ အဲဒီတော့ ကုန်ဈေးနှုန်းက တက်တယ်။ အခု စက်သုံးဆီဈေးက တစ်လီတာကို ငွေကျပ် ၅၀ ကျတယ်ထားပါဦး။ အခြားကုန်ဈေးနှုန်းတွေပါ လိုက်ကျဖို့လိုပါတယ်။ အားလုံးက ဆက်စပ်နေတာပါ။ နှစ်နှစ်လောက်ကြာမှ အခုလို စက်သုံးဆီဈေးတွေကျသွားတာက အခြားကုန်ဈေးနှုန်းတွေကျဖို့အတွက် လမ်းစတစ်ခုဖြစ်လာရင် ကောင်းမယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပန်းတနော်မြို့ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းတစ်ခုမှ ကိုကျော်အေးကလည်း စက်သုံးဆီဈေးနှုန်းများ ရုတ်တရက်ကျဆင်းလာပြီဖြစ်သဖြင့် ကုန်စည်ဈေးနှုန်းများကို အနည်းငယ်လျှော့ချကာ ရောင်းချပေးလျှင်အဆင်ပြေကြောင်း၊ ကုန်စည်ဈေးနှုန်းနှင့် သယ်ယူစရိတ်သည် ထက်ဝက်နီးပါးလိုက်သဖြင့် ယခုကဲ့သို့ ဆီဈေးကျဆင်းခြင်းဖြင့် ရောင်းကုန်များကို လျှော့ချနိုင်ကြောင်း ပြောပြသည်။

အပတ်စဉ် ဆိပ်ကမ်းအရောက်ဈေးနှုန်းများနှင့် နေ့စဉ်ဈေးနှုန်းများကို မီဒီယာများမှတစ်ဆင့် ဖော်ပြပေးနေသော်လည်း စက်သုံးဆီဈေးနှုန်းများမှာ ပြင်ပဈေးနှင့် များစွာကွာခြားလျက်ရှိသောကြောင့် ယခုကဲ့သို့ဈေးနှုန်းကန့်သတ်ရခြင်း ဖြစ်ပြီး သတ်မှတ်ဈေးနှုန်းများထက် ပိုမိုရောင်းချခြင်း မရှိစေရေးအတွက် ထိန်းညှိပေးမည်ဖြစ်ကြောင်း ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီမှ သိရသည်။

"ဈေးတွေက အမှန်တကယ်လျှော့ချထားလိုက်ပါပြီ။ ဒီဇယ်က တစ်လီတာကို ငွေကျပ် ၅၀၀ သတ်မှတ်ထားပါတယ်။ ဆိပ်ကမ်းအရောက်ဈေးနှုန်းကတစ်လီတာကို ၃၇၃ ကျပ်ရှိတာမို့ ၁၂၇ ကျပ်ဟာ သယ်ယူစရိတ်တွေနဲ့ အခြားကုန်ကျစရိတ်တွေကြောင့်အတွက် တွက်ဆပြီး ဈေးနှုန်းသတ်မှတ်ရခြင်းဖြစ်တယ်။ အောက်တိန်း ၉၂ ဆိုရင်လည်း ဒီနေ့ကစပြီး တစ်လီတာကို ငွေကျပ် ၅၅၀ နဲ့ စတင်လျှော့ချရောင်းပေးရမယ်"ဟု မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ရုံးအဖွဲ့မှူး ဦးဝင်းနိုင်က ပြောကြားသည်။

ဈေးနှုန်းများ သတ်မှတ်လိုက်သဖြင့် ဆီဈေးနှုန်းများကျဆင်းမှုသည်ရန်ကုန်မြို့တွင်သာတွေ့ရှိရပြီး မန္တလေးမြို့နှင့် အခြားမြို့ကြီးများ၌ ယခင်နေ့ဈေးနှုန်းများအတိုင်းသာ ရောင်းချကြောင်း စုံစမ်းသိရှိရပြီး တစ်နိုင်ငံလုံးတွင် ဈေးနှုန်းများ ဆိုးရွားစွာ ကွာခြားမှု မရှိစေရေးအတွက် ရက်ပိုင်းအတွင်း ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဦးဝင်းနိုင်က ဖြေကြားသည်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဇန်နဝါရီ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **(မြန်မာ့အလင်း)**

# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၄)

ဦးဟန်ညွန့် (ဥပဒေ)



**တရားဓမ္မဟူသည်**

တရားသောအကျင့်၊ သတိကပ်သော ကျင့်စဉ်၊ မှန်ကန်မျှတသော လမ်းကြောင်းဟူ၍ အဓိပ္ပာယ်ဆောင်သည်။ ကောင်းကျိုးချမ်းသာ မင်္ဂလာမည်သည်။ မကောင်းသောစိတ်ကို ထိန်းကျောင်းပေးသည်။ မှန်သောလမ်းသို့ ညွှန်ပြသည်။ ဤကား တရားဓမ္မဖြစ်ပေသည်။ တရားဥပဒေအတွေးအခေါ်၏ အခြေခံအုတ်မြစ်ဟူ၍လည်း သတ်မှတ်နိုင်ပေသည်။

**မှန်ကန်မျှတသော တရားစီရင်ရေး**

တရားစီရင်ရာတွင် မှန်ကန်မျှတဖို့ လိုပေသည်။ ထိုသို့ မှန်ကန်မျှတသော တရားစီရင်ရေးစနစ် ထွန်းကားလျှင် ပြည်သူတို့ ကိုယ်စိတ်လုံခြုံ၍ ချမ်းမြေ့ကြပါသည်။ အချင်းချင်း စည်းလုံးညီ ညွတ်ကြပါသည်။ တရားရုံးများကို ယုံကြည်အားကိုးကြခြင်းဖြင့် အစိုးရကိုပါ ယုံကြည်အားကိုး၍ မေတ္တာထားကြပါသည်။ ထိုအကြောင်းကို အငြိမ်းစား နိုင်ငံတော်သမ္မတ ဒေါက်တာ မောင်မောင်က ၄င်းရေးသားပြုစုသော နိုင်ငံတော်လုပ်ကြံမှု၊ (ပြည်ထောင်စုနှင့် ဦးစော) စာမျက်နှာ ၁၂၂ တွင် -

"မှန်ကန်မျှတခြင်းသည် တရားစီရင်ရေးတွင်သာ လိုအပ်သည်ကား မဟုတ်ပါ။ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် မှန်ကန်မျှတ၊ ကိုယ်ချင်းစာနာ သမစိတ္တရှိကြရန် လိုပါသည်။ တရားရုံးများတွင်ကား ပို၍ပင် လိုသေးကြောင်း၊ ထိုတရားများ ထွန်းကား ကြောင်းကို ပြည်သူတို့ မျက်ဝါးထင်ထင် တွေ့မြင်ကြရန် လိုကြောင်းကို အလေးအနက်ထား၍ ဖော်ပြခြင်းသာ ဖြစ်ပါသည်။ တစ်နည်းဆိုရသော် တရားရုံးများသည် နိုင်ငံတွင် မှန်ကန်မျှတမှု ထွန်းကားခြင်း ရှိ မရှိပြသော ကြေးမုံပြင်ဖြစ်ပါသည်။"

"တရားရုံးများတွင် ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ၊ အဂတိလေးပါး ကင်းစင်ပါမှ တရားစီရင်ခြင်း ကြည်လင်နိုင်ပါသည်။ ထိုသို့ အဂတိများ မလိုက်စားဘဲ တရားစီရင်ခြင်း မှန်ကန်မျှတနိုင်စေရန် နိုင်ငံ၏ အစိုးရကလည်း မှန်ကန်မျှတသော စိတ်ထားရှိရပါသည်။ တက်ကြွထက်မြက်သော အာဏာနှင့် တည်ငြိမ်ပြည့်ဝသော တရားတို့ကို ဒွန်တွဲသုံးစွဲမှ နိုင်ငံသည် စည်းလုံးချမ်းမြေ့၍ ကြွယ်ဝတိုးတက်နိုင်ပါသည်။"

"အစိုးရက မှန်ကန်မျှတနိုင်ရန်အတွက် မှန်ကန်မျှတသောစိတ်၊ သမစိတ္တတရားကို ပြည်သူတို့က နှလုံးကိန်းဝပ် လက်ခံကျင့်သုံးရပါမည်။ ပြည်သူတို့သည် မှန်ကန်မျှတသောတရားကို ကျင့်သုံးကြလျှင် အစိုးရသည်လည်း မှန်ကန်မျှတစွာ အုပ်ချုပ်ပေလိမ့်မည်။ တရားရုံးများသည်လည်း မှန်ကန်မျှတစွာ တရားစီရင်ကြပေလိမ့်မည်။ အစိုးရနှင့် တရားရုံးများက မှန်ကန် မျှတကြလျှင် ပြည်သူတို့ကလည်း မှန်ကန်မျှတစွာ လုပ်ကိုင်၊ နေထိုင်၊ ဆက်ဆံကြပေလိမ့်မည်။ ဤသို့ ပြည်သူ၊ အစိုးရနှင့် တရားရုံးများသည် အချင်းချင်း အကျိုးပြုနေကြပါသည်။ အချင်းချင်း မှီခိုအားထားနေကြပါသည်" ဟူ၍ ဖော်ပြခဲ့သည်။

**လိုသလို မလိုသလို**

မှန်ကန်မျှတခြင်းဖြစ်ထွန်းဖို့ လိုအပ်သည်။ ဥပဒေသည် တစ်ညီတစ်ညွတ်တည်းဖြစ်သင့်သည်။ အမှုဖြစ်လျှင် ပြဋ္ဌာန်းဥပဒေနှင့်အညီ စီရင်အပ်သည်။ အမှုပေါ်ပေါက်မှ အမှုကိုလိုက်၍ သို့မဟုတ် လူကိုလိုက်၍ လိုသလိုကျင့်ခြင်း၊ မလိုသလိုကျင့်ခြင်း မဖြစ်သင့်။ ယင်းအချက်နှင့် စပ်လျဉ်း၍ ယောမင်းကြီးဦးဖိုးလှိုင် ပြုစုသော ရာဇဓမ္မသင်္ဂဟကျမ်း၌-

"အညီအညွတ် စည်းဝေးတိုင်ပင်ကုန်သော မင်းညီမင်းသား မျှုးတော်မတ်တော်တို့သည် အမှုနှင့်တွေ့ကာလမှ အမှုကိုပညတ်ဥပဒေထား၍ စီရင်လျှင် အမှုဖြစ်သူတို့က ကိုယ့်အမှုနိုင်အောင် ကပ်ရပ်ပြောဆိုသောစကား၊ တံစိုးပဏ္ဏာပေးသည်ကိုကားယူပြီးလျှင် တံစိုးပဏ္ဏာများကို ငဲ့ကွက်၊ မျက်နှာကြီးငယ်ကိုလိုက်၍ စီရင်ရသောကြောင့် အမှုမရှိမီ ရှေးအဖို့က မည်ကဲ့သို့၊ အမှုဖြစ်လျှင် မည်ကဲ့သို့ စီရင်မည်၊ မည်ကဲ့သို့ ဥပဒေထားမည်ဟု ညှိနှိုင်းတိုင်ပင်ပြီးလျှင် အသေအချာ ဥပဒေရေးသားထားပြီးမှ အမှုရှိလျှင် ထားသည့် ဥပဒေအတိုင်းစီရင်သည့် ကာလဆိုခဲ့ပြီးသောအမှုလွတ်ကင်း၍ အမှုမှန်ရာကျသည်။ ဤကဲ့သို့ ပြုကျင့်သည်ကိုပင် ပညတ်တိုင်းကို မလွန်မူ၍ ပညတ်သစ် မပြုမလုပ်ဘဲစီရင်သည်မည်၏။" ဟူ၍ ကျမ်းပြုသည်။

**မြန်မာ့ထုံးတမ်းစဉ်လာ**

မြန်မာ့ထုံးတမ်းစဉ်လာများမှသိမ်မွေ့ကောင်းမြတ်သောကျင့်စဉ်များကို ဆက်လက်ဖော်ဆောင်ကြရပေမည်။ တရားစီရင်ရာတွင် မှန်ကန်မျှတစေခြင်း၊ မြန်စေခြင်း၊ မှန်စေခြင်း၊ ညီညွတ်စေခြင်း၊ တိကျစေခြင်း၊ ထင်ရှားစေခြင်း၊ လိုတစ်မျိုး၊ မလိုတစ်မျိုး မဖြစ်စေခြင်း၊ အဂတိတရားကင်းစေခြင်း၊ ငွေများတရားနိုင်မဖြစ်စေခြင်း၊ ကြီးသောအမှုငယ်စေ၊ ငယ်သောအမှုပပျောက်စေခြင်း၊ ပြည်သူတို့စိတ်ချမ်းမြေ့စေခြင်း၊ အချင်းချင်းမေတ္တာမပျက်စေခြင်း၊ စည်းလုံးညီညွတ်စေခြင်းစသည့် ကောင်းမြတ်သော တရားများ ပြည့်စုံစေရာသည်။ မြန်မာ့ထုံးတမ်းစဉ်လာကို ထိန်းသိမ်းရာ ရောက်ပေသည်။

> **မှန်ကန်မျှတခြင်းသည် တရားစီရင်ရေးတွင်သာ လိုအပ်သည်ကား မဟုတ်ပါ။ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် မှန်ကန်မျှတ၊ ကိုယ်ချင်းစာနာ သမစိတ္တရှိကြရန် လိုပါသည်။**

**ဥပဒေအစိတ်အပိုင်းများ**

ဥပဒေများကို အစိတ်အပိုင်းများ ခွဲခြားကြည့်နိုင်ပါသည်။

**(က)နိုင်ငံတော်တွင်ရေးဆွဲသော အမျိုးသားစီမံကိန်းများ**

မည်သို့စီမံကိန်းရေးဆွဲမည်နည်း။ မည်သို့ နိုင်ငံတော်အတွက် ဖော်ဆောင်မည်နည်း။ အကျိုးအပြစ်ခွဲခြားကာ ဝေဖန်သုံးသပ်နိုင်သည်။ ရေတိုရေရှည်သုံးသပ်နိုင်သည်။ ရေးဆွဲမည့် စီမံကိန်းများအကြောင်း ဥပဒေပြုရသည်။

**(ခ)ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စများ**

ပြည်ထောင်စုတွင် ဘဏ္ဍာငွေများသုံးစွဲရသည်။ အရအသုံးခွဲခြားထားသည်။ အဓိကကျသော ဘဏ္ဍာငွေကိစ္စများ၊ ခွဲဝေသုံးစွဲမှုများဖြစ်သည်။ နိုင်ငံတော်အတွက် အရေးကြီးလှသည်။ တိကျဖို့လည်း လိုအပ်သည်။ ထို့ကြောင့် ဥပဒေပြုရသည်။

**(ဂ) အခွန်အကောက်ဆိုင်ရာကိစ္စများ**

အခွန်အကောက်ကိစ္စများမှာလည်း နိုင်ငံ့ဘဏ္ဍာအတွက်အရေးပါသည်။ စာရင်းအင်းကိန်းဂဏန်း၊ အတွက်အချက်များမပါ၍မရ၊ ယိုဖိတ်၍မရ၊ အလွဲသုံးစားမဖြစ်စေရေး ဦးစားပေးရသေးသည်။ သို့ဖြစ်၍ ဥပဒေပြုပေးရသည်။

**(ဃ) စီမံခန့်ခွဲရေးဥပဒေများ**

စီမံခန့်ခွဲမှုမှာ နေရာတိုင်းတွင် လိုအပ်သည်။ စည်းနှင့်ကမ်းနှင့်စီမံရသည်။ စနစ်တကျ တင်ပြရသည်။ စနစ်တကျဝေဖန်ရသည်။ စနစ်တကျထောက်ပြရသည်။ စနစ်တကျစီမံခန့်ခွဲရသည်။ စီမံခန့်ခွဲမှုနှင့်ကင်းဝေးသော အလုပ်မရှိနိုင်။ ဌာနတိုင်း စီမံခန့်ခွဲမှုရှိသည်။ စီမံကိန်းတိုင်း စီမံခန့်ခွဲမှုရှိသည်။ ဥပဒေအရ စီမံအုပ်ချုပ်ခြင်းဖြစ်သည်။ ဥပဒေနှင့်အညီ စီမံအုပ်ချုပ်သည်။ ဥပဒေနှင့်အညီ တာဝန်ပေးသည်။ ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်။ ဥပဒေပေတံဖြင့် နေရာတကာတွင် တိုင်းတာသည်။

ဝန်ကြီးဌာနများဖွဲ့စည်းသည်။ ဝန်ကြီးဌာနတစ်ခုချင်းအလိုက် တာဝန်များသတ်မှတ်သည်။ အမျိုးအစားတူရာတူရာအလိုက် စုစည်းသည်။ အများအပြား ခွဲခြားခြင်း၊ ကျယ်ပြန့်ခြင်းအစား စုစုစည်းစည်း၊ လုပ်ငန်းတွင်ကျယ်မှုအတွက် အလေးပေးရသည်။ ဘဏ္ဍာငွေခြိုးခြံချွေတာရသည်။ စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ များပြားလှသည်။

**(င) ပြစ်မှုတစ်ရပ်ချင်းအလိုက် ဥပဒေများ**

ပြစ်မှုတစ်ရပ်ချင်းအလိုက်၊ အမျိုးအစားအလိုက် ဥပဒေများပြဋ္ဌာန်းသည်။ ဥပဒေ အမည်၊ အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်း၊ စီရင်ပိုင်ခွင့် အဓိပ္ပာယ်ဖော်ပြချက်၊ ဥပဒေ၏ စာကိုယ်၊ အထွေထွေစသည်ဖြင့် ပိုင်းခြားသတ်မှတ်သည်။

**ဥပဒေနှင့်ဆီလျော်သောအချက်အလက်များ**

ဥပဒေရေးဆွဲရာတွင် ဥပဒေနှင့်ဆီလျော်သော အချက်အလက်များဖော်ပြစမြဲ ဖြစ်သည်။ ဥပဒေ၏ ရည်ရွယ်ချက်သည် အဘယ်နည်း။ ဥပဒေကိုကန့်သတ်ချက်ထည့်မည်လော။ ကာလစည်းကမ်းသတ်မည်လော။ ရှင်းလင်းစေရန် သီးခြားဖော်ပြစရာရှိသလား။ လုပ်ထုံးလုပ်နည်းအကြောင်း ဖော်ပြပြဋ္ဌာန်းရန် လိုအပ်မည်လား။ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည့်သဘော သက်ရောက်ပါသလော။ ပြစ်ဒဏ်ရပ်ဆိုင်းခွင့်၊ ပယ်ဖျက်ခွင့်များ၊ သီးခြားခြွင်းချက်များ စဉ်းစားဖော်ပြရန်သင့် မသင့်စသည်များ တွေးရသည်။ ရေးရသည်။ ဥပဒေပညာရှင်၏အတွေး၊ ဥပဒေပညာရှင်၏ အရေးသည် စီမံခန့်ခွဲသူများနှင့် ညှိနှိုင်း ရမည့်အလုပ်ဖြစ်ပေသည်။ အများပြည်သူ အကျိုး ဦးတည်ရမည့် အလုပ်လည်းဖြစ်ပေသည်။

**(စ) အထွေထွေပိုင်း**

ဥပဒေတစ်ရပ်ရေးလျှင် အထွေထွေပိုင်းပါတတ်သည်။ ဥပဒေတစ်ရပ်၏ ရှေ့ခန်း၊ အလယ်ခန်းများ၌ မဖော်ပြခဲ့သော သီးခြားထည့်ရန်လိုအပ်သော ကိစ္စရပ်များကို အထွေထွေခန်း၌ ဖော်ပြသည်။ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည့်အချက်၊ ရဲအရေးပိုင် မပိုင်ကိစ္စ၊ တရားစွဲခွင့်ပြုမိန့်ကိစ္စ၊ တရားရုံးက မှတ်ယူရမည့်ပြဋ္ဌာန်းချက်၊ အခြားလိုအပ်မည့် ဖော်ပြချက်များကို ထည့်သွင်းဖော်ပြစမြဲဖြစ်သည်။

**ပြင်ဆင်ခြင်း**

တည်ဆဲဥပဒေတစ်ရပ်သည် ပြင်ဆင်ရန် လိုအပ်ပါသလား။ စာလုံးတစ်လုံး၊ နှစ်လုံးအနည်းငယ်သာ ပြင်ရမည်လား။ ဥပဒေထက်ဝက်ကျော် ဖြစ်ရမည်လား။ ထက်ဝက်ကျော်နှင့်အထက် ဥပဒေပြင်ရမည့်ကိစ္စတွင် ဥပဒေအသစ်ရေးဆွဲခြင်းသည်သာ ပို၍သင့်မည် မဟုတ်လား။ လုပ်ထုံးမည်သို့ရှိမည်လဲ။ အချိန်ကာလ မည်မျှ လိုသလဲ။ ချက်ချင်းပြင်ရန်လိုသလား။ လူထုဆန္ဒလှေ့လာကြစို့။ ဘက်ပေါင်းစုံကဝေဖန် ထောက်ပြကြပါ။ သို့မှသာ ပြည့်စုံသောဥပဒေတစ်ရပ်ပေါ် ထွန်းလာမည်မှာ အသေအချာ။

**ဥပဒေအတွေး အရေးကြီးသည်**

ထို့ကြောင့် ဥပဒေအတွေးအရေးကြီးသည်။

ဥပဒေတစ်ရပ်ပေါ်ထွန်းဖို့ ဥပဒေအတွေးကို အခြေခံရသည်။ ဥပဒေအတွေးကောင်းမှ ဥပဒေအရေးကောင်းမည်။ ဥပဒေလုပ်ထုံးညီမည်။ နိုင်ငံ့အကျိုး၊ လူထုအကျိုးရှေးရှုသော၊ အများလက်ခံသော၊ မတင်းကျပ်သော၊ မှန်ကန်မျှတသော တရားဥပဒေများ ထွန်းကားပါစေကြောင်း . . .။

# မန်းရွှေစက်တော်ပွဲတော်အတွင်း ဌာနဆိုင်ရာများအတွက် တည်းခိုဆောင်များချထားပေးခြင်းမရှိ

**မင်းဘူး ဇန်နဝါရီ ၁၉**

နှစ်စဉ်နှစ်တိုင်း တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ပွဲတော်ကာလ သုံးလကျော် ကျင်းပမြဲဖြစ်သည့် မန်းရွှေစက်တော် ဘုရားပွဲကို ယခုနှစ်တွင် ဝါထပ်ကာလကြုံ၍ နှစ်လကျော်သာ ကျင်းပနိုင်တော့မည်ဖြစ်ပြီး တည်းခိုဆောင် စည်းကမ်း အားနည်းချက်များ အပေါ် ဝေဖန်မှုများ နှစ်စဉ်ထွက်ပေါ်နေသည့်အတွက် ပွဲတော်ကာလများအတွင်း ဌာနဆိုင်ရာ တည်းခိုဆောင်များ ချထားပေးတော့မည် မဟုတ်ကြောင်း မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူးက အတည်ပြု ပြောကြားသည်။

"ဒီနှစ် ဌာနဆိုင်ရာ တည်းခိုဆောင် လုံးဝချထားပေးတော့မှာမဟုတ်ပါဘူး။ ဘုရားဘဏ္ဍာတော်ငွေပိုလှူနိုင်တဲ့သူ၊ အကျိုးပြုအနစ်နာခံနိုင်တဲ့သူ၊ လက်ငုပ်လက်ရင်းလုပ်ကိုင်သူတွေက လုပ်ငန်းလုပ်ပိုင်ခွင့်တွေ ရမှာပဲဖြစ်ပါတယ်။ ဂေါပကအဖွဲ့အနေနဲ့ ဘုရားကိုအမှီပြုပြီး အသက်မွေးဝမ်းကျောင်းတဲ့ လုပ်ငန်းသမားတွေ သာမကဘဲ လက်လုပ် လက်စားသမားတွေပါ မကျန် နေရာတွေ ဖော်ထုတ်စီစဉ်ပေးနေပါတယ်"ဟု ယခုနှစ်မှ မန်းရွှေစက်တော် ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌ အသစ်အဖြစ် စတင်တာဝန်ထမ်းဆောင်သူ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။

၂၀၁၆ ခုနှစ် မန်းရွှေစက်တော် ဘုရားပွဲ တင်ဒါလုပ်ငန်း ၄၇ မျိုး အတွက် ကြမ်းခင်းဈေးနှုန်းများ၊ စပေါ်တင်သွင်းရမည့် ငွေများနှင့် လုပ်ငန်းဆိုင်ရာစည်းကမ်းချက်များကို တရားဝင်ကြေညာထား ရှိပြီး ဇန်နဝါရီ ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် တင်ဒါပွဲများ ကျင်းပသွားမည်ဖြစ်သည်။

"ဇန်နဝါရီ ၁၈ ရက်အထိ သိထားတာက ဌာနဆိုင်ရာ တည်းခိုဆောင်တွေ အရင်နှစ်ကလိုပဲ ချထားပေးမယ်ပေါ့။ တစ်ဆင့် ဝယ်ချင်တဲ့သူတွေကလည်း ဌာနဆိုင်ရာတွေဆီ ချဉ်းကပ်နေပြီလို့ ကြားရတယ်။ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းကျမှ သိလိုက်ရတာက ဌာနဆိုင်ရာတွေကို တည်းခိုဆောင်တွေမပေးတော့ဘူးတဲ့။ ဘုရားဖူးတွေကို အဆင်ပြေစေချင်တယ်" ဟု မင်းဘူးဒေသခံတစ်ဦးက ပြောသည်။

**ဇေယျာတု(မကွေး)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၈ ရက်က အဆိုပါဈေး၌ ကျင်းပရာ ဈေးကြီးအတွင်း အသင့်တပ်ဆင်ထားသည့် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ယာဉ်များဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေပက်ဖျန်းခြင်းသရုပ်ပြလေ့ကျင့်စဉ်။ (ဝ၂၁)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်း ၅ ခု ဖတ်ကြားအတည်ပြု




**နေပြည်တော် ဇန်နဝါရီ ၁၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ**(ယာပုံ)** ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း အပါအဝင် ဥပဒေကြမ်း ၅ ခုကို ဖတ်ကြားအတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း**၏မူနှင့် အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေအကြောင်းအရ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ထိုသို့ အဆုံးအဖြတ်ရယူရာတွင် **လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု**ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုးအစားပြောင်းလဲရန် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ အဆိုပြုချက်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က စီးပွားရေးအသွင်သဏ္ဌာန်ပြောင်းလဲမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်းအာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံတွင်၂၀၁၀ ပြည့်နှစ်၌ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုသည် ၃၆ ရာခိုင်နှုန်းမှ ၂၀၁၄ ခုနှစ်တွင် ၃၀ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားသည် ၂၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၂၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုသည် ၄၀ ဒသမ ၇ ရာခိုင်နှုန်းမှ ၄၂ ဒသမ ၆ ရာခိုင်နှုန်းသို့ ပြောင်းလဲခဲ့ပါကြောင်း။

လာအိုနိုင်ငံတွင် လယ်ယာကဏ္ဍကြီး၌ ၃၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၇ ဒသမ ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၌ ၃၁ ဒသမ ၈ ရာခိုင်နှုန်းမှ ၃၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၌ ၃၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၄၀ ဒသမ ၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဗီယက်နမ်နိုင်ငံတွင် လယ်ယာကဏ္ဍကြီး၌ ၁၈ ဒသမ ၉ ရာခိုင်နှုန်းမှ ၁၈ ဒသမ ၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၌ ၃၈ ဒသမ ၂ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၌ ၄၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၄၃ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် လယ်ယာကဏ္ဍကြီး၌ ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၌ ၃၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၌ ၅၂ ဒသမ ၇ ရာခိုင်နှုန်းသို့ လည်းကောင်း ပြောင်းလဲလာပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့သည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ နိုင်ငံ၏ကာလရှည် ရည်မှန်းချက်တွင် ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ကို ဖော်ဆောင်ရန် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စက်မှုနိုင်ငံအဖြစ်ကို နှစ်တိုအတွင်း ပြောင်းလဲနိုင်မည်မဟုတ်ဘဲ နှစ်ရှည်ကာလမှသာ စက်မှုနိုင်ငံ အဖြစ်ပြောင်းလဲရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပြောင်းလဲရာတွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်စေခြင်းမှတစ်ဆင့် လယ်ယာအခြေခံ စက်မှုလက်မှုကုန်စည်များ ထုတ်လုပ်မှုကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခု နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို လျှော့ချသည့်တိုင်အောင် ဂျီဒီပီတိုးတက်မှုနှုန်း လျော့နည်းမှုမှာ အများဆုံး ၀ ဒသမ ၅ ရာခိုင်နှုန်းအောက်သာ ကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း ပုဂ္ဂလိကပိုင်ကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုတိုးတက်လာပါက လျော့နည်းသွားသည့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုပမာဏကို အစားထိုးနိုင်မည်ဖြစ်ပြီး ဂျီဒီပီအနေဖြင့်လည်း မျှော်မှန်းထားသော ရည်မှန်းချက်အတိုင်း ပြည့်မီနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍများနှင့် ၎င်းတို့ပါဝင်ဖွဲ့စည်းထားသော ကဏ္ဍကြီးများ၏ ထုတ်လုပ်မှုတန်ဖိုး၊ တိုးတက်မှုနှုန်းများကို ပြောင်းလဲရန်မလိုအပ်ပါကြောင်းနှင့် ပါဝင်မှုအချိုးအစားများကိုလည်း ပြောင်းလဲရန်မလိုအပ်ဘဲ မူလအဆိုပြုထားသည့် ဥပဒေမူကြမ်း၏ ရည်မှန်းချက်များအတိုင်းသာ ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း**တစ်ခုလုံးအား အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ကြေညာသည်။

ထို့နောက် **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**၏ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

**၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း** တစ်ခုလုံးအား အတည်ပြုပေးနိုင်ပါရန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပိုးသတ်ဆေးဥပဒေကြမ်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးနှင့် အအောင်မြင်ဆုံး ကုမ္ပဏီ ၁၀၀ စာရင်းတွင် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်ပါဝင်ရွေးချယ်ခံရ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ DAVOS မြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တစ်ခုဖြစ်သည့် World Economic Forum တွင် လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ တစ်ကမ္ဘာလုံးရှိ စီးပွားရေးလုပ်ငန်း ကုမ္ပဏီများအနက်မှ အကောင်းဆုံးနှင့်အအောင်မြင်ဆုံးကုမ္ပဏီ ၁၀၀ ၏ အမည်စာရင်း "World Finance 100 (2015)" အား ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံမှ အောင်မြင်ထင်ရှားသည့် ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် ကမ္ဘောဇဘဏ် (KBZ Bank)လည်း ပါဝင်ရွေးချယ်ခြင်းခံရကြောင်း သိရသည်။

World Finance မှ တစ်ကမ္ဘာလုံးရှိ အကောင်းဆုံးနှင့် အအောင်မြင်ဆုံးကုမ္ပဏီ ၁၀၀ "World Finance 100 (2015)" စာရင်း၌ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ကို ရွေးချယ်ရာတွင် ကမ္ဘောဇဘဏ်သည် ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံနှင့်အဝန်း အချိန်တိုအတွင်း ဘဏ်ခွဲများစွာကို အောင်မြင်စွာ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ခေတ်နှင့်အညီ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ဆောင်မှုများ တိုးတက်ကောင်းမွန်ခြင်း၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာများတွင် စနစ်ကျနကောင်းမွန်မှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုတွင် ထိပ်ဆုံးမှ ရပ်တည်နေခြင်း၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပုဂ္ဂလိက ကဏ္ဍစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ပြည်တွင်းရှိလုပ်ငန်းရှင် အမြောက်အမြားအား ထောက်ပံ့ကူညီမှုနှင့် ထောက်ကူမှုများစွာပေးနိုင်ခြင်း၊ နိုင်ငံအတွက် လေးနှစ်ဆက်တိုက် အခွန်အများဆုံး ပေးဆောင်ခဲ့ပြီး စုစုပေါင်း အခွန်ငွေကျပ် ၆၄ ဘီလီယံကျော် ပေးဆောင်ထားခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ စီးပွားရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတကာမှ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း စံနှုန်းများနှင့်အညီ ကျင့်သုံးလိုက်နာ ဆောင်ရွက်နိုင်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍအသီးသီးတွင် တက်ကြွစွာ ပါဝင်ကူညီမှု၊ အများအပြားလှူဒါန်းခဲ့မှု စသည့်အချက်များကြောင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၎င်း "World Finance 100 (2015)" တွင် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်နှင့်အတူ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်သီးစီးပွားရေး ကုမ္ပဏီကြီးများဖြစ်သည့် Apple IT (USA)၊ Barclays Bank (England)၊ BMW Company (Germany)၊ BNP Paribas Bank (France)၊ UAE မှ Emirates Airline နှင့် Qatar National Bank (QNB)၊ ANZ Bank (Australia)၊ Toyota Company (Japan)၊ HSBC Bank (Hong Kong)၊ Sinopec စွမ်းအင်ကုမ္ပဏီ (China) နှင့် Sing Tel (Singapore) တို့လည်း ပါဝင်ရွေးချယ်ခံရကြောင်း သိရသည်။




၎င်းဖိုရမ်သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာမှ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထင်ရှားကျော်ကြားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စုံညီစွာ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့သို့ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ အခြေခံပညာ(ထက်၊လယ်၊မူ)ကျောင်းများမှ ထူးချွန်ကျောင်းသားကျောင်းသူ ၄၅၇ ဦးတို့သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဉာဏ်တော် ၁၀၈ တောင်ကျော်ရှိ လျောင်းတော်မူဘုရားကြီး အမိုးအရိပ်အတွင်း ကြည်ညိုနိုင်ရန် စီမံဆောင်ရွက်

**မိုးညှင်း ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းဖို-အင်းမ တောင်ဘက်ကုန်းမြင့်မြေတွင် သာသနာပြုဆရာတော် ဦးခန္တီ (ကျောက်သွေးတောင်) ဦးဆောင်၍ သဒ္ဒါကြည်လင်ကုသိုလ်ရှင်များ စုပေါင်းအလှူတော်ငွေဖြင့် သပ္ပာယ်စွာ တည်ထားကိုးကွယ်လျက်ရှိသော ဉာဏ်တော် ၁၀၈ တောင် တစ်မိုက်လျောင်းတော်မူဘုရားကြီးကို သွပ်အမိုးအရိပ်အတွင်းကြည်ညိုသဒ္ဒါပွားနိုင်ရန် ဇန်နဝါရီ ၁၇ ရက်မှစတင်ကာ (၁၂×၃)ခန်း အလျားပေ ၂၀၀၊ အနံ ၅၅ ပေ၊ အမြင့်ပေ ၇၀ ရှိ သံတိုင်၊ သံပေါင်၊ သံထည်များနှင့် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဇြ)**

## သာစည်၌ နိုင်ငံသားကတ်ပြုလုပ်ပေး

**သာစည် ဇန်နဝါရီ ၁၉**

သာစည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးဌာနမှူးနှင့်အဖွဲ့သည် မိုးပွင့်အထူးစီမံချက် အပိုင်း(၂) ကာလအတွင်း ဇန်နဝါရီ ၁၇ ရက်က သာစည်မြို့နယ် ရွာကြီးကျေးရွာ အထက(ခွဲ)ကျောင်းရှိ အသက်(၁၀နှစ်)အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပြင်ဦးလွင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# Music Show Case (NUAC) Orchestra တင်ဆက်ခြင်း၊ ပုဂံအက၊ အပျိုတော်အကတို့နှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်း

ရန်ကုန် ဇန်နဝါရီ ၁၉




**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ Music Show Case (NUAC) Orchestra တင်ဆက်ခြင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ မူဖြစ်သည့် ပုဂံအက၊ အပျိုတော်အကတို့နှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပသည်။** (ယာပုံ)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဦးအောင်နိုင်မြင့်က "ဂီတပညာမှာ ဘွဲ့ရတဲ့ ကျောင်းသား ကျောင်းသူတွေ အတတ်ပညာတစ်ခုကို မျိုးဆက်သစ်အဖြစ် Orchestra ဝိုင်းတစ်ခု ဖွဲ့စည်းပြီး Music Show Case 2016 အနေနဲ့ပြသခြင်း ဖြစ်ပါတယ်။ သင်ကြားပေးလိုက်တဲ့ မြန်မာ့ရိုးရာ ဂီတတူရိယာတွေကို အနောက်တိုင်းဂီတတွေနဲ့ပေါင်းစပ်ပြီး Music Education ကဏ္ဍသဘော သက်ရောက်အောင် တင်ဆက်ခြင်းဖြစ်ပါတယ်။ ပထမတစ်ချက်က ဂီတအထူးပြုမှာ တက်တဲ့သူတွေ သူတို့အသက်မွေးဝမ်းကျောင်းတစ်ခုကို မျှော်လင့်လာမယ်။ အဲဒီတော့ စာသင်ခန်းထဲမှာ စာသင်နေရုံမက တီးဝိုင်းတွေမှာ တီးခွင့်ကို ဖန်တီးပေးရမယ်။ သူတို့ရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရမယ်။ ဒုတိယတစ်ချက်က စုပေါင်းသင်ယူမှုရှိရမယ်။ စုပေါင်းသင်ယူမှုဆိုတော့ Orchestra ဝိုင်း လုပ်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေ စုပေါင်းပြီး စနေ၊ တနင်္ဂနွေနေ့တွေမှာ သီချင်းတိုက်တာတွေ ရှိလာတယ်။ ဒါ စုပေါင်းသင်ယူမှုပါ။ နောက်ဆုံးတစ်ချက်က စာသင်ခန်းနဲ့လက်တွေ့ကို ဆက်စပ်ပေးတာ အဲဒါ အရေးကြီးတယ်။ နောက်ပိုင်း ပညာရေးစနစ်တွေမှာ စာသင်ခန်းထဲမှာ လက်တွေ့ပေါင်းစပ်ပြီး သင်ကြားပေးနိုင်မယ့်ကိစ္စလိုအပ်တယ်လို့ အကြံပြုပါရစေ။ ပွဲလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ရိုးရာတူရိယာတွေနဲ့ အနောက်တိုင်း တူရိယာတွေနဲ့ ပေါင်းစပ်ပြီး သံစုံတီးဝိုင်းကြီးကို ပထမဆုံးအကြိမ် တင်ဆက်ခြင်းဖြစ်တယ်။ ဂီတဝါသနာပါတဲ့ လူငယ်တွေ မြန်မာ့ဂီတတူရိယာတွေနဲ့ နိုင်ငံတကာ တူရိယာများအပေါ် စိတ်ဝင်စားမှု ရှိစေချင်တယ်။ ပိုစိတ်ဝင်စားဖို့ ရည်ရွယ်ပါတယ်။ တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများရဲ့ စွမ်းရည်ကို မြှင့်တင်ဖို့နဲ့ ပွဲအတွေ့အကြုံရဖို့ တက္ကသိုလ်ပုံရိပ်ကို မြှင့်တင်စေဖို့ ဒီပွဲကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဂီတပညာဌာန ပါမောက္ခဌာနမှူး ဦးမောင်မောင်ဇော်ထက် (အကယ်ဒမီဓီရာမိုရ်)က "ဒီပွဲကိုစီစဉ်ဖို့ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့တာကြာပါပြီ။ အဓိကကတော့ Music Education ပါ။ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ အားနည်းချက်တွေ ရှိတယ်။ ယနေ့ဂီတပုံစံက အမျိုးမျိုးရှင်သန်နေတယ်။ မဟာဂီတ၊ ဂန္ထဝင်ဂီတတွေရှိတယ်။ ရှင်လည်းရှင်သန်နေတယ်။ အင်အားလည်းကြီးတယ်။ အနောက်တိုင်းမှာ Pop၊ Rock ၊ Hip Hop အားလုံး ရှင်သန်နေတယ်။ ဒါတွေကိုချိတ်ဆက်ပြီး တင်ပြနိုင်ဖို့ အားနည်းနေတယ်။ တက္ကသိုလ်မှာ မြန်မာ့ဂီတ၊ ကမ္ဘာ့ဂီတ အခြေအမြစ်ဆက်စပ်မှု သဘောတရားတွေရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆရာကြီးမြို့မငြိမ်းတို့ လက်ထက်ကတည်းက ရှာတွေ့ခဲ့ပြီးဖြစ်ပါတယ်။ ရှာဖွေတွေ့ရှိခဲ့ပြီး အခြေအမြစ်ချင်းတူတာ ပေါင်းပြီး ပေါင်းစပ်လို့ ရတာတွေ ပေါင်းစပ်ခဲ့ပါတယ်။ မြန်မာ့ရိုးရာတူရိယာတွေနဲ့ ကမ္ဘာ့ဂီတသီချင်းတွေကို တီးပြီး လူငယ်ကြိုက် အဆိုတော်တွေနဲ့ ဖျော်ဖြေသွားမှာပါ"ဟု ပြောသည်။

ဆက်လက်ပြီး Event Management မှ ဦးမျိုးမင်းဦးက ပွဲဖြစ်မြောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းမောင်က "အနုပညာဦးစီးဌာန၏ မူဖြစ်သည့် ပုဂံအကနဲ့ အပျိုတော်အကကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ရိုးရာယဉ်ကျေးမှုမပျက် ထိန်းသိမ်းစောင့်ရှောက်ထားသည့် ကနည်းကဟန်မူကို ဆိုလိုခြင်းဖြစ်ပါတယ်။ မူပိုင်ခွင့်ဆိုတဲ့ Copyright ကို ဆိုလိုခြင်း မဟုတ်ပါဘူး။ ကဟန်မူဆိုတော့ အစဉ်အလာနဲ့ ထိန်းသိမ်းထားတဲ့ ကနည်းကဟန်တွေရှိတယ်။ ဝတ်စားဆင်ယင်မှုတွေရှိတယ်။ တီးလုံးတေးသွားနဲ့ တီးချက်တွေရှိတယ်။ ဒါတွေကို ကဟန်မူတွေအနေနဲ့ ရှင်းလင်းသရုပ်ပြသွားမှာဖြစ်ပါတယ်။ ဒီကဟန်မူတွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ အနုပညာမောင်နှမတွေ အသုံးပြုနိုင်ပါတယ်။ လိုအပ်ရင်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနကကူညီဖို့ အဆင်သင့်ရှိပါတယ်။ ပုဂံအကကို အစဉ်အလာနဲ့ ထိန်းသိမ်းလာခဲ့တာ။ ပုဂံခေတ်က အေဒီ ၁၁ ရာစုနဲ့ ၁၃ ရာစုကတည်းကပါပဲ။ အခုတင်ဆက်မယ့် ပုဂံအကကတော့ ၂၀၀၇ ခုနှစ်ကစပြီး သန္ဓေတည်ခဲ့တယ်။ ပုဂံဘုရားတွေရဲ့ နံရံဆေးရေးပန်းချီကားတွေထဲက ထုတ်နုတ်ပြီး သုတေသနပြုခဲ့တာပါ။ ပုဂံခေတ် တူရိယာအမျိုးပေါင်း ၂၀ မျိုးတွေ့တယ်။ အဲဒါတွေထဲက ထုတ်နုတ်ပြီး အခုခေတ် တူရိယာတွေနဲ့ အစားထည့်ပြီး ဖန်တီးထားတယ်။ ပုဂံကကွက် ၁၇ ကွက်ကို အခြေခံပြီး ပုဂံယိမ်းအကကို ကြားကွက်တွေနဲ့ ဖန်တီးလိုက်တာ ကကွက် ၆၆ ကွက်ဖြစ်သွားတယ်။ ဒါတွေနဲ့ ပုဂံအကကို ဖန်တီးထားတာဖြစ်ပါတယ်။ အပျိုတော်အကက ပွဲကတဲ့ ဒုတိယညမှာ ပွဲဦးထွက် ကတဲ့အက၊ ဝတ်စားဆင်ယင်မှုအပိုင်းမှာ အပျိုတော်အကက ပန်းပန်တယ်။ ပဝါစုံချတယ်။ နဖူးစည်းမပါဘူး။ ရင်မစည်းဘူး။ ခါးတောင်ဝတ်တယ်။ အရင်က အပျိုတော်အကက တစ်နာရီ သို့မဟုတ် ၄၅ မိနစ်ကြာတယ်။ ၁၉၆၃ ခုနှစ်က အကပညာရှင်ကြီးတွေ အပျိုတော်အကကို ၁၅ မိနစ်စာ ကောက်နုတ်ပြီး အစဉ်အလာမပျက် ထိန်းသိမ်းလာခဲ့တယ်။အပျိုတော် ၁၂ ခန်းအကကို တစ်ဦးချင်း အပျိုတော်အကနဲ့ အပျိုတော်အဖွဲ့လိုက်ယိမ်းအကဆိုပြီး ဆိုင်းဝိုင်းနဲ့ တင်ဆက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

Music Show Case 2016 သံစုံတီးဝိုင်းနှင့် ဂီတအမျိုးအစားများ ပေါင်းစပ်တင်ဆက်မှုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (NUAC)က အနုပညာပိုင်းဆိုင်ရာ တင်ဆက်ပြီး Xenon Entertainment က Event Organizer အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

Music Show Case 2016 ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီမှ ၉ နာရီအထိ တင်ဆက်မည်ဖြစ်သည်။

သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို Orchestra Solo၊ Rock၊ Pop၊ Hip Hop ၊ EDM ဆိုပြီး အပိုင်းငါးပိုင်းခွဲ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ တစ်ပိုင်းလျှင် ဂီတအမျိုးအစားတစ်မျိုးစီနှင့် နာမည်ကျော်တေးသံရှင်များဖြစ်ကြသော စိုင်းစိုင်းခမ်းလှိုင်၊ ဝေလ၊ နီနီခင်ဇော်၊ ချမ်းချမ်းနှင့် DJ ဝိုင်းတို့က ပူးပေါင်းအားဖြည့်တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ပွဲလက်မှတ်များကို ငွေကျပ်နှစ်သောင်း၊ တစ်သောင်း၊ ရှစ်ထောင်တို့ဖြင့် Call Center 1876 ၌ ဇန်နဝါရီ ၂၅ ရက်မှစ၍ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ရဲထွဋ်**

# မတ္တရာမြို့နယ်၌ဖြစ်ပွားခဲ့သော ကလေးလုယူမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်း

**မတ္တရာ ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ ဇန်နဝါရီ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်(၉၁×၉၂)လမ်းကြားနေ ဦးမျိုးနိုင်နှင့်မဆန်းနုဝေတို့၏ သမီးမစုလဲ့နိုင် ခုနစ်နှစ်အား ကားပေါ်သို့တက်၍ ကလေးလုယူမှုဖြစ်စဉ် (ပ)၉/၂၀၁၆ ပြစ်မှုပုဒ်မ-၃၆၅ နှင့်ပတ်သက်၍ မတ္တရာမြို့နယ်ရဲစခန်း၌ ရှင်းလင်းပွဲကျင်းပခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားပြီးနောက် မတ္တရာမြို့နယ်ရဲစခန်းမှ ပခုက္ကူမြို့နယ်ရဲစခန်းသို့ အဆင့်ဆင့်မေးမြန်းစုံစမ်းရာတွင် ကြည်မြင့်မှာ ပခုက္ကူမြို့နယ် နန်းတော်ရပ် မြင်ဝန်းကျေးရွာနေသူဖြစ်ပြီး စိတ်ဝေဒနာဖြစ်ပွားနေသည်မှာ အနှစ် ၂၀ ရှိပြီဖြစ်ကြောင်း၊ မြင်ဝန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကလည်း ကြည်မြင့်သည် ရွာမှထွက်သွားသည်မှာ ၃၊ ၄ ရက်ရှိပြီဖြစ်ကြောင်း၊ စိတ်ဝေဒနာရှင်ဖြစ်ကြောင်း ထောက်ခံချက်နှင့် မြစ်ခြေနယ်မြေရဲစခန်းတို့မှ ထောက်ခံချက်ကို ဖက်စ်ဖြင့် ပေးပို့ခဲ့ကြောင်း၊ ကြည်မြင့်၏ တူတော်စပ်သူနှင့် ပခုက္ကူမြို့ ဇာနည်ကဖေးသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကြည်မြင့်၏ ရပ်ဆွေရပ်မျိုးဖြစ်သူ မတ္တရာမြို့ အမှတ်(၅)ရပ်ကွက်နေ ကိုမင်းမင်းဦး (ယခင် နန်းတော်ရပ် မြင်ဝန်းကျေးရွာအုပ်စု ပခုက္ကူမြို့နယ်နေသူ)က ကြည်မြင့်မှာလွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကတည်းက စိတ်ဝေဒနာရှင်ဖြစ်နေကြောင်း၊ ၎င်းမှာ ကလေးချစ်တတ်သူဖြစ်ပြီး ကလေးများကိုတွေ့ပါက ခေါင်းကိုကိုင်ကာ ပွတ်သပ်တတ်ကြောင်း၊ လူကြီးများကိုမူ ကြည့်ပင်မကြည့်ကြောင်း၊ ၎င်းအားကျွေးမွေးသည့် အိမ်များသို့သာ ထမင်းများသွားရောက်တောင်းယူလေ့ရှိကြောင်း၊ အခြားအိမ်များတွင် ရပ်၍ပင်မကြည့်ကြောင်း ပြောခဲ့ပြီး ဆက်သွယ်မေးမြန်းလိုပါက မေးမြန်းနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကြည်မြင့်အား စစ်ဆေးမေးမြန်းချက်အရ ၎င်းသည် ပခုက္ကူမြို့မှ မန္တလေးမြို့သို့ ပြေးဆွဲသည့် လိုင်းကားပေါ်သို့ လူတစ်ဦးက တင်ပေးလိုက်သဖြင့် မန္တလေးမြို့သို့ ရောက်ရှိခဲ့ကာ ဘုန်းကြီးကျောင်း၌ တစ်ညအိပ်ခဲ့ပြီး မတ္တရာမြို့သို့ပြေးဆွဲသည့် ကားနှင့်လိုက်ပါခဲ့ကြောင်း၊ မတ္တရာမြို့နယ် လင်းမြွေချောင်းကျေးရွာအနီးတွင် ကားသမားက မတ္တရာမြို့မရောက်ဘူးဟုပြောပြီး ချထားခဲ့ကြောင်း သိရသည်။ မတ္တရာမြို့နယ်ရဲစခန်းက ကြည်မြင့်အား ဆက်လက်စစ်ဆေးမေးမြန်းဆောင်ရွက်လျက်ရှိပြီး စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်၍ ကျန်းမာရေးဆေးစစ်ချက် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင်တည်ရှိသော မီးသတ်စခန်းနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ခရီးသွားလုပ်သားပြည်သူများအနေဖြင့်လိုအပ်ချက်တစ်စုံတစ်ရာရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင်တည်ရှိသော မီးသတ်စခန်းများနှင့်တယ်လီဖုန်းနံပါတ်များကို ဖော်ပြအပ်ပါသည်။

| စဉ် | မီးသတ်စခန်းတည်ရှိရာနေရာ | တယ်လီဖုန်းနံပါတ် |
|---|---|---|
| ၁ | ရန်ကုန်(တိုးဂိတ်) | ၀၉-၃၁၅၄၀၉၈၄ |
| ၂ | ဖြူး(၁၁၅-မိုင်) | ၀၉-၃၁၅၄၀၉၈၂ |
| ၃ | ဒက္ခိဏသီရိ(ပလွေး) | ၀၉-၃၁၅၄၀၉၈၀ |
| ၄ | မိတ္ထီလာ(သီးကုန်း) | ၀၉-၃၁၅၄၀၉၈၁ |
| ၅ | တံတားဦး(စကားအင်း) | ၀၉-၇၈၁၆၇၈၂၁၅ |
| ၆ | ပဲခူး(ဘောနတ်ကြီး) | ၀၉-၂၅၄၇၇၄၀၁၄ |
| ၇ | ဒိုက်ဦး(ဘောနီ) | ၀၉-၂၅၄၇၇၄၀၁၅ |
| ၈ | ဒိုက်ဦး(အုတ်ရှစ်ကုန်း) | ၀၉-၂၅၄၇၇၄၀၁၆ |
| ၉ | ကျောက်တံခါး(မြို့ချောင်း) | ၀၉-၂၅၄၇၆၅၆၀၁ |
| ၁၀ | အုတ်တွင်း(ပေါဓိကုန်း) | ၀၉-၇၈၃၄၈၅၃၁၅ |
| ၁၁ | ရေတာရှည်(သာဂရ) | ၀၉-၂၅၄၇၆၅၆၀၂ |
| ၁၂ | ဥတ္တရသီရိ(ပန်းတင်) | ၀၉-၂၅၄၆၂၄၃၈၅ |
| ၁၃ | ဥတ္တရသီရိ(ဘုရားတောင်) | ၀၉-၂၅၄၆၂၄၃၈၆ |
| ၁၄ | ပျော်ဘွယ်(ပေပင်လေး) | ၀၉-၇၉၈၉၀၁၂၅၇ |
| ၁၅ | နွားထိုးကြီး(ပြင်စည်) | ၀၉-၂၅၉၄၃၀၅၆၅ |

# ဥပဒေအကြောင်း သိကောင်းစရာဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၉**

အမျိုးသမီးငယ်များ အိမ်ထောင်ပြုခြင်းဆိုင်ရာတွင် မှန်ကန်သည့် အသိပညာများ နားလည်သိရှိစေရန် ရည်ရွယ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးပြီး "တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေအကြောင်း" သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဒေါ်မိုးပပဝင်းက "တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ"ကို အတည်ပြုပြဋ္ဌာန်းပေးလိုက်ပြီဖြစ်ရာ အမျိုးသမီးများ၏ အိမ်ထောင်ရေးဆိုင်ရာ အခွင့်အရေးမှာ ယခင်ကထက် ပိုမိုရရှိလာပြီဖြစ်ကြောင်းကို ဖြစ်ရပ်ဖြစ်စဉ် သာဓကများနှင့် ဥပဒေဖွင့်ဆိုချက်၊ ဖော်ပြချက်များကို သိရှိနားလည်လွယ်စေသော စကားရပ်များဖြင့် ရှင်းလင်းဟောပြောခဲ့သည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# မြေကွက်များချပေးမည်ဆိုသည့်သတင်းသည် ကောလာဟလသတင်းများဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြား

သတင်း - ခင်မောင်ထွေး၊ မင်းသစ်
ဓာတ်ပုံ - ဇော်မင်းလတ်



ဒလစာတိုက်၌ မြေကွက်လျှောက်ထားသည့် အငြိမ်းစားဝန်ထမ်းများ ဇန်နဝါရီ ၁၉ ရက် အထိ လာရောက်လျှောက်ထားသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၉**

အငြိမ်းစားဝန်ထမ်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေကွက်များ ချထားပေးမည်ဟူသည့် ကောလာဟလသတင်းများနှင့်စပ်လျဉ်း၍ ယနေ့မွန်းလွဲပိုင်းက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သတင်းအမှားသာဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

"အဲဒါနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတာမရှိသလို လျှောက်လွှာခေါ်ယူထားတာလည်း မရှိပါဘူး။ ဒီလျှောက်လွှာတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးခြင်းလည်း မရှိပါဘူး။ ဒါကောလာဟလ သတင်းအမှားသာဖြစ်ပါတယ်။ ကောလာဟလသတင်းတွေကို မယုံကြည်ကြဖို့ လိုပါတယ်" ဟု ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းကလည်း "ဒီကိစ္စကို ကျွန်တော်တောင် မသိပါဘူး"ဟု ဆိုသကဲ့သို့ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့ကလည်း အငြိမ်းစားဝန်ထမ်းများအား မြေကွက်များချပေးမည်ဆိုသည့်သတင်းကို ၎င်းတို့လည်း မသိရှိကြကြောင်းပြောကြားခဲ့ပြီး အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

အဆိုပါ ကောလာဟလသတင်းကြောင့် အငြိမ်းစားဝန်ထမ်းအများစုသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လိပ်မူပြီး ရန်ကုန်စာတိုက်ကြီးနှင့် မြို့နယ်စာတိုက်များရှိ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းမှ တစ်ဆင့် မြေကွက်လျှောက်လွှာများကို ပြီးခဲ့သည့် တစ်ပတ်ခန့်ကပင် စုပြုံလျှောက်ထားမှုများဖြစ်ပေါ်ခဲ့သည်။

"မြေကွက်လျှောက်လွှာတွေကို စာတိုက်ကရောင်းတာ မဟုတ်ပါဘူး။ လျှောက်လွှာပွဲစားအချို့က စာတိုက်အောက်မှာ လျှောက်လွှာတွေကို မိတ္တူကူးပြီး လာရောင်းနေတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မတို့ဆီကို တရားဝင် သတင်းထုတ်ပြန်ထားမှုလည်း မရှိပါဘူး။ စာထည့်သူ Customers မှန်သမျှကိုတော့ စာတိုက်က ဝန်ဆောင်မှုပေးခြင်းသက်သက်ပဲဖြစ်ပါတယ်" ဟု မြန်မာ့စာတိုက်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ငုသီတာက ပြောသည်။

မြို့နယ်စာတိုက်သို့ မြေကွက်လျှောက်လွှာ အပြေးအလွှားသွားရောက်တင်ခဲ့သူ ရွှေပြည်သာမြို့နယ်နေ အငြိမ်းစားဝန်ထမ်း ဦးငြိမ်းကမူ "မိတ်ဆွေတစ်ယောက်က ဖုန်းဆက်လို့ သွားလျှောက်ခဲ့တယ်။ စာတိုက်မှာ သူလိုကိုယ်လို အသံကြားလို့ လာကြတဲ့သူတွေချည်းပဲ။ သေသေချာချာသိတဲ့သူတော့ မရှိဘူး။ လျှောက်လွှာဖိုးနဲ့ မှတ်ပုံတင်ကြေးအပါ ငွေကျပ် ၁၅၀၀ လောက်ပဲကျတဲ့အတွက် နစ်နာမှုတော့ သိပ်မရှိပါဘူး။ ဘာပဲပြောပြော ဒီကိစ္စသာမှန်နေရင် မျှော်လင့်လို့ရတာပေါ့" ဟု ဆိုသည်။

ရန်ကုန်စာတိုက်ကြီးရှေ့၌ မြေကွက်မိတ္တူ လျှောက်လွှာရောင်းချသူပွဲစားများထံ လျှောက်လွှာများကို တစ်စောင်လျှင် တစ်ရာကျပ်နှုန်းဖြင့် ဝယ်ယူပြီး အမြန်ချောပို့စနစ်ဖြင့် လျှောက်ထားသူများ ရှိနေဆဲပင်ဖြစ်သည်။

"ရန်ကုန်စာတိုက်ကြီးကိုသွားတော့ စာတိုက်ရှေ့ မြေကွက်လျှောက်လွှာရောင်းတဲ့ အမျိုးသမီးက မြေကွက်လျှောက်လွှာရမယ်။ တစ်စောင် ၁၀၀ ဆိုပြီး ခေါ်ရောင်းတယ်။ ဘယ်လိုလျှောက်ရမလဲမေးတော့ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပင်စင်စာအုပ်မိတ္တူယူလာပြီး လျှောက်လွှာနဲ့အတူ အမြန်ချောပို့နဲ့လျှောက်ရမယ် ပြောတယ်" ဟု ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ အငြိမ်းစားဝန်ထမ်း ဦးအောင်မင်းက ပြောသည်။

ဒလမြို့နေ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ကြည်လှကလည်း "ဒလမှာ လျှောက်လွှာတစ်စောင်ကို ငွေကျပ် ၁၀၀ ကနေ ၅၀၀ အထိ မိတ္တူဆိုင်တွေက ရောင်းတာ။ ပင်စင်စားမိတ်ဆွေတွေပြောလို့ လာလျှောက်တာ။ ရ၊ မရတော့ မသိပါဘူး။ သူများလျှောက်လို့ လျှောက်လိုက်တာ"ဟု ဆိုသည်။

အငြိမ်းစားဝန်ထမ်းများအား မြေကွက်များချထားပေးမည်ဟူသည့် သတင်းမှာ ကောလာဟလသတင်းအမှားသာဖြစ်ကြောင်း တာဝန်ရှိသူများကအတည်ပြုပြောကြားထားပြီးဖြစ်သော်လည်း ယနေ့တွင် ရန်ကုန်မြို့နှင့် မြို့နယ်အသီးသီးရှိ စာတိုက်များ၌ လျှောက်ထားမှုများ ရှိနေသေးကြောင်း သိရသည်။

## ဟားခါးမြေပြိုဘေးဒဏ်ခံပြည်သူများအတွက် နေအိမ်ဆောက်လုပ်ရန် အလှူငွေပေးအပ်



**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် RIT Electronics ကျောင်းသားကျောင်းသူဟောင်းများ အဖွဲ့က ၂၀၁၅ ခုနှစ် ဇူလိုင်မှ စက်တင်ဘာအတွင်း မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် ချင်းပြည်နယ်ဟားခါးမြို့၌ မြေပြိုမှု ဘေးဒုက္ခကြုံတွေ့ခဲ့ရသော ပြည်သူများအတွက် စတုရန်းပေ ၅၄၀ သွပ်မိုးပျဉ်ထောင်ပျဉ်ခင်း လုံးချင်းလူနေအိမ် တစ်လုံး ဆောက်လုပ်ရန် တန်ဖိုးငွေကျပ် ၃၇၄၀၀၀၀ လာရောက်လှူဒါန်းရာ အဆိုပါဦးစီးဌာနညွှန်ကြားရေးမှူး ဦးကြည်သာနှင့် ဝန်ထမ်းများက လက်ခံယူခဲ့ပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးကြည်သာက "ယနေ့အချိန်ထိ တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရန် ငွေကျပ် ၄၄၄၀၀၀၀ တန်ဖိုးရှိ စတုရန်းပေ ၆၄၀ နေအိမ်လေးလုံးနှင့် ၃၇၄၀၀၀၀ တန်ဖိုးရှိ စတုရန်းပေ ၅၄၀ နေအိမ်သုံးလုံး စုစုပေါင်းနေအိမ်ခုနစ်လုံးအတွက် ငွေကျပ် ၅၂၈၅၅၀၄၂၅ နှင့် USD-၁၇၃၅၄၈ လက်ခံရရှိခဲ့ပြီး ငွေတွေကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဘဏ်အကောင့်နဲ့ ထိန်းသိမ်းထားပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးကြီး ဖွင့်လှစ်

ကိုမျိုး(ရွှေပေါက်ကံ့)၊ ဓာတ်ပုံ-မူဆယ်(ခရိုင် ပြန်/ဆက်)



**မူဆယ် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း ကမ်းနားလမ်းနှင့် ချစ်ကြည်ရေးလမ်းထောင့်တည်နေရာ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းနှင့် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့က အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးကြီးကို ဖွင့်လှစ်လိုက်ပြီး ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီးကို ကျင်းပလျက်ရှိသည်။

မူဆယ်စီးပွားရေးဇုန်ကြီးကို ဇုန်ခြောက်ဇုန်ခွဲခြားအကောင်အထည်ဖော်တည်ဆောက်၍ ဇုန်(၁)တွင် လူနေဆိုင်ခန်းများ၊ ဇုန်(၂)တွင် အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ မီးသတ်တပ်ဖွဲ့ရုံး၊ လျှပ်စစ်ရုံးများ၊ ဇုန်(၃)တွင် ဟိုတယ်နှင့် စားသောက်ဆိုင်၊ ဇုန် (၄-၅-၆)တွင် ဆိုင်ခန်းများ ဆောက်လုပ်ထားသည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းအနေဖြင့် ဒေသခံပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေး၊ ကုန်သွယ်မှုပမာဏမြင့်မားပြီး နိုင်ငံခြားသားခရီးသွားများ ပိုမိုလေ့လာကြည့်ရှုလည်ပတ်ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိစေရေးနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရရှိစေရေးကို ရည်ရွယ်၍ အကောင်အထည်ဖော်တည်ဆောက်ခဲ့ကြောင်း နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးငွေစိုးက ပြောသည်။

စီမံကိန်းဧရိယာသည် ၂၉၄ ဒသမ ၇၈၉ ဧကရှိပြီး အဆောက်အအုံမှာ ၁၈၁ ဒသမ ၅၃၃ ဧကဖြစ်ကာ လမ်းတံတား ဧက ၁၁၀ ကျော်ရှိသည်။ မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးကြီး၌ အဆောက်အအုံ ရှစ်ခု၊ အဆောက်အအုံတစ်ခုတွင် ဆိုင်ခန်း ၂၄ ခန်း စုစုပေါင်းဆိုင်ခန်းပေါင်း ၁၉၂ ခန်းရှိ၍ ဆိုင်ခန်းတစ်ခန်းစီသည် စတုရန်းပေ ၃၀၀၀ ရှိ သုံးထပ်ခန်းများဖြစ်ကာ အောက်ဆုံးမြေညီထပ်တွင် ဆိုင်ခန်းဖွင့်၍ ကျန်အထပ်များတွင် လူနေနိုင်ပြီး ကားပါကင်တစ်ခု ပါရှိသည်။ လက်ရှိဆိုင်ခန်းများ၏ ၆၀ ရာခိုင်နှုန်းကို ရောင်းထားပြီးဖြစ်ကြောင်း နယူးစတားလိုက်ကုမ္ပဏီစီမံကိန်းဒါရိုက်တာက ပြောသည်။

အဆိုပါ ဖွင့်ပွဲတွင် IC တေးဂီတအဖွဲ့နှင့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ R ဇာနည်၊ နီနီခင်ဇော် စသည့် တေးသံရှင်များ လာရောက်ဖျော်ဖြေပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ပြည်နယ်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ပြည်နယ်စီမံရေးနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

# လိမ္မော်သီးတစ်စိတ်စီ ပေးကြရင်

နေဝင်းဇော်(မြန်အောင်)

ဖတ်မိတဲ့စာလေးတစ်ပုဒ်အပေါ်မှာ ခံစားရင်း ဒီဆောင်းပါးလေးကို ရေးဖြစ်ခဲ့တာပါ။ စာရေးသူကြိုက်တဲ့ ဘာသာပြန်စာရေးဆရာမ နိုင်းနိုင်းစနေရဲ့ "လက်ထဲက လိမ္မော်ချို" ဆိုတဲ့ စာလေးကို ဖတ်လိုက်ရတော့ရင်ထဲမှာ ဝေဒနာလေးတစ်ခု ခံစားလိုက်ရတယ်။

မိဘမဲ့ကျောင်းမှာ ကြီးပြင်းလာခဲ့တဲ့ လူငယ်တစ်ယောက်က သူတွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံလေးကို ပြောပြသွားတာပါ။ သူ ကိုးနှစ်သားအရွယ်မှာ မိဘတွေဆုံးပါးသွားတော့ လန်ဒန်က မိဘမဲ့ကျောင်းမှာ သွားနေခဲ့ရင်း ဘဝကို ဖြတ်သန်းခဲ့ရတာလေးပါ။ မိဘမဲ့ကျောင်း ဆိုပေမယ့် ထောင်နဲ့ မကွာလှပါဘူးတဲ့။ တစ်နေ့ကို ၁၄ နာရီလောက် အလုပ်လုပ်ရတယ်။ ဒီလိုနဲ့ တစ်နေ့ပြီး တစ်နေ့ သူ့ရဲ့ဘဝဟာ ဒီအတိုင်းနဲ့ မပြောင်းလဲဘဲ မိဘမဲ့ကျောင်းမှာပဲ နေခဲ့ရတယ်။

သူတို့ မိဘမဲ့ကျောင်းသားလေးတွေဟာ တစ်နှစ်မှာ ခရစ္စမတ်နေ့ တစ်ရက်ပဲ နားခွင့်ရတယ်။ အဲဒီနေ့မှာ ဘုရားသခင်ကို ပူဇော်တဲ့အနေနဲ့ တစ်ယောက်ကို လိမ္မော်သီးတစ်လုံးစီရကြတယ်။ ခရစ္စမတ်မှာ သူများတွေလို အစားအစာကောင်းကောင်းတွေ မရှိဘူး။ ကစားစရာ အရုပ်မရှိဘူးတဲ့။ သူတို့ တစ်ယောက်ချင်းစီရဲ့ဝေစုဟာ လိမ္မော်သီးတစ်လုံးပဲ ရကြတယ်။ တစ်နှစ်ပတ်လုံးမှာ အမှားမကျူးလွန်တဲ့သူ၊ ပြောသမျှစကားကိုနားထောင်ပြီး လိမ္မာတဲ့သူမှ လိမ္မော်သီးကိုစားရတယ်။ ဒါကြောင့် ခရစ္စမတ်ရဲ့လိမ္မော်သီးဟာ သူတို့အတွက် တစ်နှစ်ပတ်လုံးရဲ့ မျှော်လင့်ချက်ဖြစ်ခဲ့ကြတယ်။

ဒီလိုနဲ့ ခရစ္စမတ်ပွဲတော်ရက်တစ်ရက်ကို ရောက်လာခဲ့တယ်။ အဲဒီရက်က သူ့ရဲ့ကမ္ဘာပျက်တဲ့နေ့ပဲ။ ကလေးတွေဟာ လိမ္မော်သီးရဖို့အတွက် ကျောင်းအုပ်ကြီးရှေ့မှာ တန်းစီနေချိန် သူကအခန်းရဲ့ထောင့်တစ်နေရာမှာ အပြစ်ပေးတာခံနေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ အဲဒီနှစ် နွေရာသီတုန်းက ကျောင်းကနေထွက်ပြေးဖို့ ကြိုးစားခဲ့တဲ့အပြစ်ကြောင့် ဖြစ်တယ်။

လိမ္မော်သီးရတဲ့ကလေးတွေ ခြံထဲကစားခွင့်ရတဲ့အချိန်မှာ သူကအိပ်ခန်းထဲမှာ တစ်နေကုန် လဲလျောင်းနေရတယ်။ သူဒီနေ့အတွက် အလွန်ခံစားနေရတယ်။ သူများတွေပျော်လို့ မပျော်ရတဲ့အခြေအနေမှာ လောကကြီးကို သူ စိတ်နာမုန်းတီးလို့နေတယ်။

ခဏနေတော့ သူခြေသံတစ်ခု ကြားလိုက်ရတယ်။ သူ့ရဲ့စောင်ကို ခြေသံပိုင်ရှင်က ဆွဲလှန်လိုက်တယ်။ သူ မျက်စိဖွင့်ကြည့်လိုက်တော့ ဝီလီလို့ ခေါ်တဲ့ ကောင်လေးတစ်ယောက် ခုတင်ရှေ့မှာရပ်နေတာကို တွေ့လိုက်ရတယ်။ ဝီလီရဲ့ ညာဘက်လက်မှာ ဆုပ်ကိုင်ထားတာက လိမ္မော်သီးတစ်လုံး။ ဝီလီက လိမ္မော်သီးကို သူ့ကိုကမ်းပေးလိုက်တယ်။ သူစဉ်းစားလိုက်တယ်။ ကလေးတစ်ယောက်ကို လိမ္မော်သီးတစ်လုံးပဲရချိန်မှာ ဝီလီရဲ့လက်ထဲ ဘာကြောင့် လိမ္မော်သီးနှစ်လုံး ရှိနေရတာလဲပေါ့။

ဝီလီက သူ့လက်ထဲကို လိမ္မော်သီးပေးလိုက်တဲ့အချိန်မှာ လိမ္မော်သီးစိတ်ကလေးတွေကို စုထားပြီး လိမ္မော်သီးတစ်လုံးဖြစ်အောင် သူငယ်ချင်းတွေက ပေးလိုက်တယ်ဆိုတာကို သူသဘောပေါက်သွားတယ်။ ကျောင်းကပေးတဲ့ ခရစ္စမတ်လက်ဆောင်ကို သူ မရပေမယ့် သူ့ရဲ့သူငယ်ချင်းတွေပေးတဲ့ လက်ဆောင်ကို သူရလိုက်တယ်။ သူ့ရင်ထဲ အလွန်ပျော်သွားတယ်။ သူတို့ရဲ့ စစ်မှန်တဲ့ သူငယ်ချင်းပီသမှုကို သူခံစားလိုက်ရတယ်။ သူငယ်ချင်းမိတ်ဆွေဆိုတာ ဘဝမှာ အကောင်းဆုံးအဖော်ဆိုတာကိုလည်း သူသိသွားခဲ့တယ်။

ဒီစာလေးဆုံးသွားပါပြီ။ စာရေးသူရင်ထဲ တစ်ခုခုကျန်ခဲ့တယ်။ ဘာကျန်ခဲ့တာလဲ တွေးမိတယ်။ ငယ်ရွယ်တဲ့ကလေးတွေကို ဒီအကြောင်းအရာလေး ပြောပြလိုက်ရင်လည်း သူတို့ရဲ့စိတ်ထဲမှာ သူငယ်ချင်းမိတ်ဆွေဆိုတာ အခက်အခဲ၊ အကျပ်အတည်းဖြစ်ပြီး အားငယ်နေချိန်မှာ ကူညီသင့်တဲ့အရာပါလားလို့ တွေးတတ်ခေါ် တတ်လာမယ်။ စာရေးသူတို့တွေဟာ လောကကြီးထဲမှာ ကျင်လည်နေကြတယ်။ လူဆိုတာ ပတ်ဝန်းကျင်ရယ်၊ အပေါင်းအသင်းတွေရယ်နဲ့ အတူတူနေရတယ်။ တစ်ချိန်မှာ ကိုယ့်မိတ်ဆွေ အပေါင်းအသင်း၊ သူငယ်ချင်း၊ မိတ်ဆွေတွေမှာ အကူအညီလိုလာနိုင်တယ်။ ကိုယ်ကိုယ်တိုင်လည်း အကူအညီလိုအပ်လာနိုင်တယ်။ ဖတ်လိုက်ရတဲ့စာထဲက မိဘမဲ့ကျောင်းက ကလေးတွေလို စာရေးသူတို့ လုပ်နိုင်ပါ့မလား။



အသင်းအဖွဲ့တွေထဲမှာ အတူတူလုပ်နေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အကူအညီလိုအပ်လာရင်ရော၊ သာရေး နာရေးရှိကြရင် လိမ္မော်သီး တစ်စိတ်ချင်းပေးသလို အကူအညီတွေကို အသင်းအဖွဲ့ထဲက လူတွေက သူ့အလှည့် ကိုယ့်အလှည့် မခွဲခြားဘဲပေးနိုင်အောင် ကြိုးစားကြစေချင်တယ်။ ကိုယ့်မှာ အကူအညီလိုရင်သာ တောင်းတတ်ပြီးတော့ သူများအကူအညီလိုလို့ မပေးတာတွေလည်း လောကကြီးမှာ တွေ့နေရတယ်။ ဒါတွေက ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာတွေပါ။ ဒါပေမယ့် စာရေးသူရဲ့ စိတ်ရင်းကတော့ ကိုယ်ကသာ ကူညီလိုက်ပါ။ သူပြန်မကူညီရင်လည်း အပြစ်မမြင်ပါနဲ့။ ကိုယ့်ကိုကူညီမယ့်သူ ပေါ်လာပါလိမ့်မယ်။ ဒါတွေကို စာရေးသူကိုယ်တိုင် ခံစားဖူးလို့ပါ။

စာရေးသူတို့တစ်တွေ ကိုယ့်ထက်ငယ်တဲ့သူတွေကိုလည်း ဒီလိုမျိုး ကူညီတတ်အောင်၊ အားပေးတတ်အောင် သင်ပေးပါ။ ကျေးရွာလေးတစ်ခုက မူလတန်းကျောင်းလေးတစ်ကျောင်းကို အာဟာရကျွေးရအောင် စာရေးသူ ရောက်ခဲ့တယ်။ ကျောင်းသားလေးတွေကို စကားပြောချင်တာနဲ့ သူတို့တွေ စုနေတဲ့ နေရာကိုသွားပြီး စကားတွေပြောဖြစ်ခဲ့တယ်။ မူလတန်းကျောင်းသားလေးတွေဆိုတော့ သူတို့နဲ့ စကားပြောရတာ ပျော်စရာကောင်းတယ်။

ဘာတစ်ခုကိုမေးမေး သူတို့လုဖြေတယ်။ ကျောင်းအုပ်ဆရာကြီးရဲ့နာမည်ကို မေးတဲ့အချိန်မှာတော့ သူတို့မဖြေနိုင်တာကို တွေ့ရတယ်။ သူတို့ ဆရာကြီးရဲ့အမည်ကို မသိကြပါဘူး။ အခြားသင်ကြားရေးဆရာတချို့ရဲ့ အမည်တွေကိုပဲ သူတို့ဖြေနိုင်ကြတယ်။ ဆရာကြီးကို ဆရာကြီးလို့ပဲ သူတို့ သိထားကြတယ်။ ဒါတွေဟာ ချစ်စရာကောင်းတဲ့ အလေ့အကျင့်ကောင်းလေးတွေလို့ စာရေးသူက ထင်မြင်မိတယ်။

ဒါနဲ့ သူတို့ကို မင်းကဘယ်ကလဲ၊ မင်းမိဘတွေက ဘယ်သူတွေလဲလို့ မေးတဲ့အချိန်မှာ သူတို့တစ်ယောက်ချင်း ဖြေကြတယ်။ ဒီနေရာမှာ ခေါင်းတုံးနဲ့ကောင်လေးတစ်ယောက်အလှည့် ရောက်တဲ့အချိန်မှာ ဘေးက ကလေးတစ်ယောက်က သူက ဘုန်းကြီးကျောင်းသားတဲ့။ ဘုန်းကြီးကျောင်းမှာ နေတာတဲ့။ သူ့မိဘတွေမရှိတဲ့နောက်ပိုင်း ဘုန်းကြီးက မွေးထားတာလို့ သိရတယ်။ ဒီကလေးကို သူတို့အားလုံး နိုင်ပုံလည်းရတယ်။ ဒါနဲ့ စာရေးသူလည်း ဘုန်းကြီးကျောင်းသားလေးကို ပေါင်ပေါ်ဆွဲတင်လိုက်တယ်။

မင်းတို့ သူ့ကို ဘုန်းကြီးကျောင်းသားဆိုပြီး မတူသလို၊ မတန်သလို မဆက်ဆံပါနဲ့ကွာလို့။ သူလည်း မင်းတို့လို အတန်းကျောင်းမှာလာတက်နေတဲ့ မင်းတို့ရဲ့သူငယ်ချင်း အတန်းဖော်တစ်ယောက်ပဲ။ သူ့မှာ မင်းတို့လိုပဲ ကျောင်းမှာ အခွင့်အရေးအကုန်ရှိတယ်။ သူဌေးသားနဲ့လည်း ခင်ခွင့်ရှိတယ်။ ဆင်းရဲသားနဲ့လည်း ရင်းရင်းနှီးနှီးနေရမှာပဲ။ ဘုန်းကြီးကျောင်းသားမို့လို့၊ သူဌေးသားမို့လို့၊ ဆင်းရဲသားမို့လို့ဆိုပြီး သူငယ်ချင်းအချင်းချင်းမှာ ခွဲခြားမှုမရှိရဘူး။ နောက်ဆိုရင် သူ့ကို မင်းတို့ဝိုင်းပြီး အခြားသူငယ်ချင်းတွေ ခင်သလို ခင်ခင်မင်မင်နေကြရမယ်လို့ ပြောပြခဲ့တယ်။ နောက်ပိုင်းပြန်ကြားရတာက သူတို့ သူငယ်ချင်းတွေ အလယ်တန်းရောက်တော့လည်း အတူတူသွား၊ အတူတူစားကြရင်း တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင်နေကြတယ်တဲ့။ လောကကြီးမှာ ဒီလိုမျိုးလေးတွေချည်းပဲ၊ မိတ်ကောင်းဆွေကောင်း၊ သူငယ်ချင်းကောင်းတွေချည်းပဲဖြစ်နေရင် ကောင်းမှာပဲလို့ တွေးမိတယ်။

စာရေးသူတို့တစ်တွေ မွေးဖွားရာကနေ သေဆုံးချိန်အထိ ကာလလေးက တိုတိုလေးပါ။ စာရေးသူတို့ အသက် ၆၀ အထိ နေရတယ်ဆိုပါတော့။

**ကိုယ့်မှာ အကူအညီလိုရင်သာ တောင်းတတ်ပြီးတော့ သူများအကူအညီလိုလို့ မပေးတာတွေလည်း လောကကြီးမှာ တွေ့နေရတယ်။ ဒါတွေက ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာတွေပါ။ ဒါပေမယ့် စာရေးသူရဲ့စိတ်ရင်းကတော့ ကိုယ်ကသာ ကူညီလိုက်ပါ။ သူပြန်မကူညီရင်လည်း အပြစ်မမြင်ပါနဲ့**

အနှစ်၂၀ လောက်က အိပ်ချိန်၊ ဒုတိယအနှစ် ၂၀ လောက်က အလုပ်လုပ်နေရတယ်ဆိုရင် မိတ်ဆွေ၊ သူငယ်ချင်းတွေ တွေ့ရမယ့်အချိန်၊ ရင်းရင်းနှီးနှီးနေရမယ့်အချိန်က ဘာမှမရှိသလောက် ရှားသွားပါပြီ။ ဒီလိုအချိန်လေးမှာ သူငယ်ချင်းတွေစုပြီး လိမ္မော်သီးတစ်ယောက်တစ်စိတ်နဲ့ မိဘမဲ့ကလေးတစ်ယောက်ရဲ့ ပျော်ရွှင်မှုကိုပေးသလိုမျိုးလေး ပေးနိုင်ကြရင် အကောင်းဆုံးဖြစ်မှာပါ။

**နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနကကြီးမှူး၍ ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့ပြီး မီးငြိမ်းသတ်မှု သရုပ်ပြစဉ်။**

ကိုကိုရှုပ



## သွေးလှူရှင်များဂုဏ်ပြုပွဲ မြန်အောင်၌ ကျင်းပ

**မြန်အောင် ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၅)ရပ်ကွက် တာဝတိံသာဘုရားမွှာရုံ၌ ဇန်နဝါရီ ၁၇ ရက်က မေတ္တာရှင်သွေးလှူအဖွဲ့၏ ရှစ်နှစ်ပြည့်နှစ်ပတ်လည်နှင့် သွေးလှူရှင်များဂုဏ်ပြုပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သွေးလှူရှင်များကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ **ခိုင်ဝင်းဖြိုး**

❍ *ကျောဖုံးမှ*

ရေစီးသန်လှသော သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်သည့် မြစ်လယ်တာဝါတိုင် (Lattice Tower) တစ်တိုင်အပါ မြစ်ကျော်တာဝါတိုင် စုစုပေါင်း ငါးတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် Bored Pile ဖောင်ဒေးရှင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်တွင် သင်္ဘောများ၊ စက်လှေများ၊ တွန်းသင်္ဘောများနှင့် တန် ၃၀၀ ကရိန်းများအသုံးပြု၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အဖွဲ့ငါးဖွဲ့၊ ဝန်ထမ်းအင်အား ၂၅၀ ခန့်ဖြင့် တိုင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မြစ်ကျော်တိုင်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။

၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်သော်လည်း ဓာတ်အားလိုင်းကြီးများ တည်ဆောက်ရာတွင် အခက်ခဲဆုံးအပိုင်းဖြစ်သည့် မြစ်ကျော်တာဝါတိုင် ချိတ်ဆက်ကြိုးဆွဲခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၀ ရက်က မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အဖွဲ့ခြောက်ဖွဲ့၊ ဝန်ထမ်းအင်အား ၃၀၀ ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်က ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအားလုံး ပြီးစီးခဲ့သည်။

ကေဗွီ ၂၃၀ မော်လမြိုင် ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားကို ၆၆ ကေဗွီ ချောင်းဆုံဓာတ်အားခွဲရုံသို့ စတင်စမ်းသပ်ပို့လွှတ်၍ ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် ချောင်းဆုံမြို့ပေါ်ရှိ အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်နှင့် သကူကနာရပ်ကွက်များ၊ ကုလားတို့ကျေးရွာ၊ မုကွဲကျေးရွာ၊ ရွာလွတ်ကျေးရွာ၊ ခရိုက်တစ်ကျေးရွာများရှိ မီးသုံးစွဲသူ ၁၆၀၀ တို့ထံ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများကို စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ချောင်းဆုံမြို့နယ် ပတ်ဝန်းကျင်ဒေသများရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းများအပါအဝင် ကျေးရွာပေါင်း ၃၅ ရွာ၊ အိမ်ခြေပေါင်း ၁၅၀၀၀ ခန့်ကို နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသဖြင့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးထားပြီးဖြစ်ကြောင်းနှင့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများ မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘီလူးကျွန်းသို့ လျှပ်စစ်ဓာတ်အားသွယ်တန်းမှု ဆောင်ရွက်စဉ်။



# အလောင်းတော်ကဿပ ဘုရားဖူးရာသီအစတွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိ

**မုံရွာ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသို့ နှစ်စဉ်ဘုရားဖူးရာသီတွင် မြန်မာနိုင်ငံ အရပ်ရပ်မှ ဘုရားဖူးများ နေ့စဉ်လာရောက်လျက်ရှိရာ ယခုနှစ် ဘုရားဖူးရာသီအစတွင် ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အလောင်းတော်ကဿပသို့ လာရောက်သည့် ဘုရားဖူးများအနေဖြင့် ကားရပ်နားရာစခန်းမှ အလောင်းတော်ကဿပ စံကျောင်းအရောက် တစ်မိုင်ခန့်ခရီးကို လာရောက်ရာတွင် ခြေကျင် သို့မဟုတ် ဆင်များစီးပြီး အရောက်လာနိုင်ကြရာ ယခုနှစ် ဘုရားဖူးရာသီအစတွင် ဆင်စီးဘုရားဖူးများဖြင့်



အလွန်စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ယခုနှစ် ဘုရားဖူးလာရောက်သူများအတွက် ဆင်များ စီစဉ်ထားမှုအခြေအနေနှင့် ပတ်သက်၍ "ဒီနှစ် ဘုရားဖူးလာရောက်သူတွေ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ဥယျာဉ်က ဆင်တွေနဲ့ သစ်ထုတ်လုပ်ရေးက လာရောက်အားဖြည့်တဲ့ ဆင်တွေအပါအဝင် ဆင် ၂၈ ကောင်နဲ့ ဘုရားဖူးတွေကို ပို့ဆောင်ပေးနေပါတယ်။ လာမယ့်ရက်ပိုင်း အတွင်း တခြားဆင်ဝိုင်းတွေ ထပ်ရောက်လာရင် ဆင်အကောင် ၄၀ ကျော်လောက် ရှိမယ်။ တပို့တွဲလ ဘုရားပွဲမတိုင်ခင် ဒုတိယ အသုတ် ထပ်ရောက်လာရင် ဆင်အကောင် ၆၀ လောက်ရှိမယ်"ဟု ပြောသည်။

အလောင်းတော်ကဿပသို့ ဘုရားဖူးလာရောက်သူဦးရေမှာ တိုးတက်နေသဖြင့် ယခုနှစ်တွင် ဘုရားဖူးများအတွက် အဆင်ပြေအောင် စီစဉ်ပေးလျက်ရှိကြောင်းလည်း သိရသည်။

"အာဆီယံအမွေအနှစ် စာရင်းဝင်ဖြစ်တဲ့ အလောင်းတော်ကဿပကို မနှစ်က ဘုရားဖူးရာသီ ငါးလဝန်းကျင်မှာ ဘုရားဖူးလာရောက်သူဦးရေ ရဟန်းရှင်လူ သုံးသိန်းကျော်ရှိပြီး ပြည်ပနိုင်ငံခြားသား လာရောက်လေ့လာသူ ၂၆ ဦးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆင်စီးမယ့် ဘုရားဖူးတွေကို သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေကို ဦးစားပေးအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဥယျာဉ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ဘုရားဖူးလာရောက်သူများ အနေဖြင့် ခြေကျင်မသွားလို၍ ဆင်စီးသွားလျှင် သစ်လုံးအိမ်စခန်းမှ စံကျောင်းအရောက် တစ်ကြောင်းလျှင်ဆင်တစ်ကောင် ရှစ်ထောင်ကျပ် ကျသင့်မည်ဖြစ်ကြောင်း၊ ဆင်များ အနေဖြင့် နှစ်ယောက်စီးဆင်နှင့် လေးယောက် စီးဆင် နှစ်မျိုးရှိကြောင်း၊ ဘုရားဖူးများကို တစ်ရက်လျှင် နံနက် ၆ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်နှင့် ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် ပို့ဆောင်ပေးကာ နေ့ခင်းပိုင်းတွင် ဆင်များကို အနားပေးရကြောင်း၊ ညနေ ၆ နာရီကျော်လျှင် ဆင်များကို တောထဲသို့ လွှတ်ပေးရပြီး နောက်တစ်နေ့ နံနက် မိုးမလင်းခင်တွင် ဆင်များကို ပြန်လိုက်ကောက်ကာ မနက် ၆ နာရီတွင် ဘုရားဖူးများကို စတင်ပို့ဆောင်ပေးကြောင်း အလောင်းတော်ကဿပ စံကျောင်းသို့ ဘုရားဖူးများကို ပို့ဆောင်ပေးလျက်ရှိသည့် ဆင်ဦးစီးတစ်ဦးက ရှင်းပြသည်။

အလောင်းတော်ကဿပသို့ လာရောက်ဘုရားဖူးသူများအနက် ဆင်စီးဖူးသည်ဆိုသည့် အတွေ့အကြုံသစ်ကို ရလိုသူများနှင့် တောင်အတက်အဆင်း လမ်းမလျှောက်နိုင်သူ သက်ကြီးရွယ်အိုများအနေဖြင့် ဆင်စီးကြပြီး ဆင်မစီးလိုသည့် အသက်အရွယ်ကြီးသူ ဘုရားဖူးများအနေဖြင့် ငွေတစ်သောင်းကျပ်ကုန်ကျမည့် လူနှစ်ဦးထမ်းပိုးသည့် အထမ်းများဖြင့်လည်း သွားရောက်နိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပြန်/ဆက်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အရည်အသွေး ပိုမိုမြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့် ဆင့်ပွားသင်တန်း အမှတ်စဉ်(၁)ကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ဇန်နဝါရီ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်ခြင်း၏ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာ ဦးစီးအရာရှိများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ သတင်းမီဒီယာပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲရေး၊ ငွေစာရင်းထိန်းသိမ်းနည်း၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေး၊ နိုင်ငံသမိုင်းအဆင့်ဆင့် ပြောင်းလဲ တိုးတက်မှုများနှင့် ပြည်သူ့ဆက်ဆံရေးဘာသာရပ်များကို ခြောက်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းသို့ ရန်ကုန်အနောက်ပိုင်းနှင့် ရန်ကုန်တောင်ပိုင်း မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့် (ပြန်/ဆက်)**



## တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူပြုအနီးကပ်သင်တန်းပို့ချ

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့တွင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထောက်အကူပြု အနီးကပ်သင်တန်းကို ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ချောင်းကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများတွင် ဇန်နဝါရီ ၁၆ ရက်က ပို့ချပေးခဲ့ကြောင်း သိရသည်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် သင်တန်းကို ပို့ချခဲ့ခြင်းဖြစ်ပြီး မကွေးတက္ကသိုလ် သမိုင်းဌာနမှ ကထိက ဒေါက်တာဒေါ်မေညွန့်နှင့် ရူပဗေဒဌာနမှ ကထိက ဒေါက်တာမေသွယ်ဦးတို့ ဦးဆောင်သည့် တက္ကသိုလ် ဆရာ ဆရာမ ၁၄ ဦးတို့က အဆိုပါကျောင်းနှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၈၈ ဦးအား စာမေးပွဲအထောက်အကူပြု အနီးကပ်သင်တန်းပို့ချပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားကို ဘေလီတံတားအဖြစ် တည်ဆောက်မည်

**တီးတိန် ဇန်နဝါရီ ၁၉**

ချင်းပြည်နယ်(မြောက်ပိုင်း) တီးတိန်မြို့နယ် အနောက်ဘက်ခြမ်းရှိ မဏိပူရမြစ်ကူး ဖီရ်ကွန့်တံတား (ခေါ်)တွီးထန်ကြိုးတံတားကို ၁၉၅၀ ပြည့်နှစ်တွင် လူကူးကြိုးတံတားအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဂျစ်ကားကူးတံတားအဖြစ် တိုးမြှင့်ဆောက်လုပ်ခဲ့ရာ ယခုအချိန်တွင် ယင်းကြိုးတံတားကို ဘေလီတံတားအဖြစ် ဆောက်လုပ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

အဆိုပါတံတားသည် အရှည်ပေ ၃၂၀၊ အကျယ် ၁၄ ပေရှိပြီး အိန္ဒိယအစိုးရ၏ ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၆၀၀ ဖြင့် အကုန်အကျခံကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ရာ တီးတိန်၊ တွန်းဇံမြို့နယ် နှစ်ခုစလုံးနှင့် တီးတိန်မြို့နယ် အနောက်ဘက်ခြမ်းအားလုံး အပါအဝင် ကျေးရွာပေါင်း ၅၃ ရွာမှ လူဦးရေ ၃၀၀၀၀ ခန့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် အလွန်အထောက်အကူပြုတော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူ ဦးလျန်ဇဒါလ်းက ပြောသည်။

"အဲဒီတံတားကို တံတားကျွမ်းကျင် ပညာရှင်တွေက နှစ်ကြိမ်တိုင်တိုင် ကွင်းဆင်းစစ်ဆေးခဲ့ပြီးပါပြီ။ တံတားရဲ့မြောက်နှင့် တောင်ဟာ ပေ ၂၀၀၀ ခန့်စီ အကွေ့အကောက်မရှိဘဲ ရေစီးမှုဖြောင့်တန်းနေပြီး မြစ်ကမ်းပါးနှစ်ဖက်မှာ သဘာဝ ကျောက်နံရံတွေ ခိုင်ခံ့စွာတည်ရှိနေတဲ့အတွက် အလွန်ကောင်းတဲ့ နေရာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လအတွင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မဏိပူရမြစ်ကူးတံတားအများစု ရေနဲ့မျောပါသွားတဲ့ အချိန်မှာ အဲဒီတံတားကို ရေတိုက်စားခြင်းလုံးဝ မရှိခဲ့ပါဘူး။ အဲ့ဒီအတွက် အလွန်ခိုင်ခံ့ကောင်းမွန်တဲ့ တံတားနေရာဖြစ်တယ်ဆိုတာ ပြည်သူတွေကို သဘာဝက အသိပေးလိုက်ပါတယ်။ နောက်ပြီး ဒီတံတားဟာ ကျေးရွာချင်းဆက် လမ်းသုံးသွယ်ဆုံတဲ့နေရာမှာ တည်ရှိတဲ့အတွက်ကြောင့် အကျိုးခံစားရတဲ့ ကျေးရွာတော်တော်များပြားပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ တံတားခိုင်ခံ့မှု ယိုယွင်းလာခြင်းကြောင့် တံတားပေါ်မှ မော်တော်ယာဉ်တစ်စီး ကျွံကျခဲ့ဖူးကြောင်း သိရပြီး ယခုအခါ အန္တရာယ်ရှိသည့်အလျောက် ကုန်ပစ္စည်းများချပြီးမှသာ တံတားဖြတ်ကူးရသဖြင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးခြင်း၊ သယ်ယူစရိတ် မြင့်တက်လာခြင်းများကြောင့် ကျေးလက်နှင့် မြို့ပြကုန်ဈေးနှုန်းကွာဟလျက်ရှိရာ ကျေးလက်နေပြည်သူများ အဆင်ပြေစေရန် တံတားတည်ဆောက်မည့် အစီအစဉ်ကို ဆောလျင်စွာစတင်ရန် မျှော်လင့်နေကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



မဏိပူရမြစ်ကူး တွီးထန်ကြိုးတံတားကို တွေ့ရစဉ်။

## ဘောလုံးပွဲလောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီး

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် ဇန်နဝါရီ ၁၇ ရက် ည ၇ နာရီခွဲက နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူတပ်စုမှ ရဲအုပ်ထွန်းလှိုင်နှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် ဇော်ဂျီ(၁) လမ်း အမှတ် ၂၂၀၈၅ နေ ကျော်လင်းဖြိုး(ခ) ကိုဖြိုးနေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်လင်းဖြိုး(ခ) ကိုဖြိုးနှင့် မင်းသန့်ဇင်တို့နှစ်ဦးအား တရားမဝင် နိုင်ငံခြားဘောလုံးပွဲလောင်းကစားနေမှု တွေ့ရှိရပြီး လောင်းကြေးငွေကျပ် ၃၂၀၀၀ နှင့် သက်သေခံစာရွက်စာတမ်းများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ထုံးဘိုမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

## မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**တံတားဦး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ်(၃၅၅/၄)နှင့်(၃၅၅/၅)အကြား မြေသယ်ယာဉ်တစ်စီး ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာရန်ကုန်-မန္တလေးအမြန်လမ်း တောင်မှမြောက်သို့ ယာဉ်မောင်းကံမြင့် (၄၁နှစ်) မောင်းနှင်လာသော မြေသယ်ယာဉ်သည်ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၅၅/၄)နှင့်(၃၅၅/၅)အကြားတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူကံမြင့်အား စကားအင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ရဲတင့်**



## လှိုင်သာယာမြို့နယ် FMI CITYတွင်ဖြစ်ပွားခဲ့သော ရွှေထည်ပစ္စည်းနှင့်ငွေများ လုယက်မှုကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဖော်ထုတ်နိုင်ခဲ့သဖြင့် ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ (၁)၌ ဇန်နဝါရီ ၁၂ ရက်က ဖြစ်ပွားခဲ့သော လှိုင်သာယာမြို့နယ် FMI CITY ရှိ ဒေါက်တာ ဝင်းမာသစ် နေအိမ်တွင် အိမ်အကူဖြစ်သူ မ----အား သားမယားအဖြစ် အဓမ္မပြုကျင့်ကာ ရွှေ၊ ငွေပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ်၂၃၁ သိန်းကျော်ကို ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ယူဆောင်သွားသူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး အမှုမှုပါဆုံးသွားသော သက်သေခံပစ္စည်းများအားလုံးကို သိမ်းဆည်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် FMI CITYမှ အိမ်ပိုင်ရှင်များအသင်းနှင့် အိမ်ရှင်ဖြစ်သူ ဒေါက်တာဝင်းမာသစ်တို့က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားပြုလုပ်ခဲ့သည်။




အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းနိုင်က အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ် ဆောင်ရွက်ခဲ့မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး အိမ်ရှင်ဖြစ်သူ ဒေါက်တာ ဝင်းမာသစ်ကလည်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းဖြစ်စဉ်အပေါ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးခဲ့သဖြင့် အချိန်တိုအတွင်း ပြစ်မှုကျူးလွန်သူအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိအောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ပြီး **(အပေါ်ပုံ)** FMI CITY မှ အိမ်ပိုင်ရှင်များအသင်းကလည်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့အတွက် အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအပြင် ပြည်သူ့ဝန်ဆောင်မှုများဆောင်ရွက်ပေးရန်အတွက် လှည့်ကင်းမီးတန်းဆလွန်းမော်တော်ယာဉ်များဖြင့် ပြစ်မှုကျူးလွန်လေ့ရှိသည့် နေရာများနှင့် လူစည်ကားသည့် နေရာများတွင် လှည့်ကင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလှည့်ကင်းမော်တော်ယာဉ်များမှာ ပြည်သူလူထုက အကူအညီတောင်းခံသည့်အခါ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် Mobile Police Box အဖြစ် ဆောင်ရွက်ထားရှိကြောင်း၊ ရဲတပ်ဖွဲ့သို့ ဆက်သွယ် သတင်းပေးပို့လိုပါက မော်တော်ယာဉ်၏ နောက်မှန်တွင် ရေးသားထားသော တယ်လီဖုန်းအမှတ် ၀၁-၂၃၁၇၅၂၆နှင့် ၀၁-၂၃၁၇၅၂၇ များသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းနှင့် အကြောင်းကြားလာပါက အနီးဝန်းကျင်ရှိလှည့်ကင်းမော်တော်ယာဉ်များက အချိန်နှင့်တစ်ပြေးညီ ရောက်ရှိ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုရဲ**

## ပုလဲ-ဂန့်ဂေါလမ်းပိုင်းတွင် မန္တလေးမှ ထွက်ခွာသွားသည့် ဇာတ်အဖွဲ့ယာဉ်တိမ်းမှောက်ရာ သုံးဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရ

**မန္တလေး ဇန်နဝါရီ ၁၉**

ဂန့်ဂေါနှင့် ကလေးမြို့အကြား တောင်ခရမ်းရွာဘုရားပွဲသို့ ဖျော်ဖြေရန် မန္တလေးမှ ထွက်ခွာသွားသည့် ရွှေလှမ်းတက် ဇာတ်အဖွဲ့ယာဉ်သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီခန့်က ပုလဲ-ဂန့်ဂေါလမ်းပိုင်း မိုင်တိုင်(၅၈)အနီးတွင် တိမ်းမှောက်ခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးမှ သိရသည်။

ယာဉ်ပေါ်တွင် ဇာတ်အဖွဲ့ဝင်ပေါင်း ၄၀ ကျော်ပါရှိပြီး ယင်းဖြစ်စဉ်ကြောင့် သေဆုံးသူများအပြင် ဒဏ်ရာရသူ ၁၇ ဦးရှိကြောင်း သိရသည်။

"ဘုရားပွဲမှာ ကပြဖို့အသွားမှာ အခုလို တိမ်းမှောက်တာပါ။ တစ်ဖက်မှာ ချောက်ရှိတယ်။ ကားသမားက ချောက်ထဲမကျအောင် ရှောင်လိုက်တော့ သစ်ပင်ကိုဝင်တိုက်ပြီး ရပ်သွားတာလို့ သိရတယ်။ ချောက်ထဲကျရင် ထိခိုက်မှုပိုများမှာ။ တော်သေးတယ်လို့ ဆိုရမယ်"ဟု ယင်းအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ဖြစ်စဉ်မှာ ဇာတ်အဖွဲ့ယာဉ်သည် ခြောက်ဘီးယာဉ်ဖြစ်၍ တစ်ဖက်တွင် ချောက်ရှိပြီး အခြားတစ်ဖက်တွင် အနည်းငယ်နိမ့်သော လယ်ကွင်းများရှိပြီး တောင်ဆင်းလမ်းတွင် ဂီယာကြီးဖြင့်မောင်းစဉ် ဘရိတ်ပေါက်သွားသဖြင့် ချောက်ထဲမကျအောင် ထိန်းရာမှ လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိကြောင်း သိရသည်။

"မုံရွာနဲ့ ပုလဲမြို့နယ်သဘင်အစည်းအရုံးတွေက ကူညီပေးကြတယ်။ မုံရွာဆေးရုံကနေ မန္တလေးကို အခုညနေမှာ သယ်နေတယ်။ တချို့အရိုးကျိုးတာတွေရှိတော့ သူတို့မိသားစုနဲ့ ခွေးခွေးထွေးထွေးဖြစ်အောင် မန္တလေးဆေးရုံမှာ ကုသဖို့ပါ။ အသင်းကလည်း လိုအပ်တာ ကူညီပေးနေတယ်"ဟု တိုင်းသဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးနန်းငွေအောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ သွားရောက်ခဲ့ကြသည့်အပြင် သဘင်ဂီတနှင့်ဂီတကွန်ရက်အသင်းကလည်း အကူအညီများ ပေးလျက်ရှိကြောင်း၊ မုံရွာ၊ ပုလဲမြို့နယ် သဘင်အစည်းအရုံးနှင့် ဒေသခံလူမှုရေးအသင်းများက အစားအစာများ ထောက်ပံ့သည့်အပြင် လိုအပ်သည့် ကူညီမှုများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

သေဆုံးသူသုံးဦးမှာ အဆိုပါဇာတ်အဖွဲ့မှ ပြဇာတ်မင်းသမီး ဂျူးဂျူး၊ နဲ့ဆရာ ဦးလှဘိုနှင့် အသံချဲ့စက်ဆရာ ဦးရွှေကိုတို့ဖြစ်ပြီး ဒဏ်ရာရသူ ၁၇ ဦးအနက်မှ နှစ်ဦးမှာ မုံရွာဆေးရုံတွင် ခွဲစိတ်မှုခံယူရမည်ဖြစ်ကြောင်း၊ ကျန်လူနာ ၁၅ ဦးကို မန္တလေးဆေးရုံတွင် ဆက်လက်ကုသမည်ဖြစ်ကြောင်း သိရသည်။ **အောင်သန့်ခိုင်**


### အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ၄-၁-၂၀၁၆ ဖြင့် **ဦးလှမြင့်** (မန်နေဂျင်းဒါရိုက်တာ)ပုလင်းအမျိုးမျိုး ရောင်းဝယ်သန့်စင်ဆေးကြောရေးနှင့် တော်ဝင်ထွန်းမြန်မာပြည်အနှံ့ ဘုရားဖူးအပန်းဖြေခရီးသွားပို့ဆောင်ရေးအား **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် နိုင်ငံနှင့် လူမျိုးဘာသာ သာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

**ဦးမြင့်ဆွေ-ဒေါ်ခင်စန်းဝင်းမိသားစု**
**တောင်စွန်း(ဘီးလင်းမြို့နယ်)**

### ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
### ဟောပြောပွဲကျင်းပမည်

| | | |
|---|---|---|
| **ဟောပြောပွဲခေါင်းစဉ်** | - | "မကြာခဏမေးမြန်းလေ့ရှိသော အခွန်ဆိုင်ရာ မေးခွန်းများနှင့် အဖြေများ(အဆက်)" |
| **ဟောပြောမည့်သူ** | - | ပါမောက္ခ ဒေါက်တာဦးမော်သန်း၊ ဦးဝင်းသင်၊ ဦးမိုးကျော် |
| **ကျင်းပမည့်ရက်နှင့်အချိန်** | - | ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ |
| **ကျင်းပမည့်နေရာ** | - | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ |
| **နေရာ** | - | MICPA ရုံးခန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ |
| **ဆက်သွယ်ရမည့်သူ** | - | ဦးအောင်နိုင်ထွန်း (ဖုန်း-၀၉-၄၂၁၁၀၂၂၈၂၊ ၀၁-၈၆၁၀၃၆၂)၊ MICPA ရုံးခန်း (ဖုန်း-၀၉-၃၁၇၁၈၁၄၉) |

**Lazy Club MUSIC BAND**

လူကြီးမင်းတို့၏ ဧည့်ခံပွဲအမျိုးမျိုး၊ အထိမ်းအမှတ်ပွဲများ ပျော်ပွဲရွှင်ပွဲများအတွက် Lazy Club Music Bandမှ တာဝန်ယူ ဆောင်ရွက်ပေးနေပါပြီ။

Contact
Sai Lynn Htut (Manager)
09-421040842, 09963426646
095110432

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8189, Multipurpase Vehicle (kzl-10),M/B(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၉/မဟမ(နိုင်)၀၀၅၇၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7H/8495၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တင်မျိုးဝင်း ၁၂/လသယ(နိုင်)၀၅၂၂၅၇၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၈၃၀၂၆၀**

### ပိုင်ရှင်ကိုယ်တိုင်ငှားမည်

စမ်းချောင်း၊ အရှေ့ကုန်းလမ်း၊ မြေညီထပ် 15'x50' လုံးချင်းနှစ်ထပ် RC ၊ ပါရမီရိပ်သာ၊ မရမ်းကုန်းမြို့နယ်

**ဖုန်း-၀၁-၄၀၀၈၅၅၊ ၀၉-၅၁၄၈၀၆၉**
**(ရုံးချိန်အတွင်းသာ)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ် ၃၃/C ဟု ခေါ်တွင်သော အကျယ်အဝန်းပေ (၅၀×၂၂)ရှိ မြေကွက်ကြီးအနက်မှ ယာဘက်အခြမ်းရှိ ပေ(၂၅×၂၂)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်အေးအေးမြင့် ၁၂/မရက(နိုင်)၀၂၅၁၉၁၊ ဒေါ်မိုးဇာခြည်မြင့် ၁၂/လသယ(နိုင်)၀၂၅၅၉၆တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ချို(စဉ်-၆၃၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၆၄/၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၈၈၅၄၉**

# မြဝတီမြို့၌ မော်တော်ယာဉ်မောင်းနှင်လာစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရမှုဖြစ်ပွား

**မြဝတီ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးနှင့် နဝဒေးလမ်းဆုံတွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီခန့်က မော်တော်ယာဉ်မောင်းနှင်လာစဉ် သေနတ်ဖြင့်ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့ရာ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် နဝဒေးလမ်းတွင်နေထိုင်သည့် ကိုဦး(ခ)ဝင်းနိုင်ဦး၊ (၃၉ နှစ်) သည် လည်ပင်းယာဘက်ဖောက်ဝင်ဒဏ်ရာတစ်ချက်(စိုးရိမ်ရ)ဖြင့် ဒဏ်ရာရရှိခဲ့ရာ မြဝတီခရိုင်ဆေးရုံကြီးသို့ တင်ပို့လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် နဝဒေးလမ်းတွင် နေထိုင်သည့် ကိုဦး(ခ)ဝင်းနိုင်ဦးနှင့်မိသားစုသည် Caldina (ကရီးနား)အဖြူရောင်ကားဖြင့်ထွက်ခွာလာရာ နဝဒေးလမ်းနှင့် ဘုရင့်နောင်လမ်းဆုံအရောက်တွင် နောက်မှကပ်၍ မောင်းနှင်လာသော ယာဉ်အမှတ်စိစစ်ဆဲ အဖြူရောင်ပရိုဘောက်ကားပေါ်ပါ ယာဉ်နောက်ခန်းထိုင်သူက သေနတ်ဖြင့် ပစ်ခတ်ပြီး မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်ဖြင့် ပစ်ခတ်ခံရသည့် ယာဉ်ပေါ်တွင် ကိုယ်တိုင်မောင်းနှင်လာသည့် ကိုဦး(ခ)ဝင်းနိုင်ဦး၊ ၎င်း၏ ဇနီးဖြစ်သူ မသန္တာအေး(၃၉ နှစ်) နှင့် သမီးဖြစ်သူ မယွန်းသီရိဦး(၁၅ နှစ်)တို့ပါရှိပြီး ဇနီးဖြစ်သူမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာတစ်ချက်(မစိုးရိမ်ရ)၊ နှင့် သမီးဖြစ်သူမှာ ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာမရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ကိုဦး(ခ)ဝင်းနိုင်ဦးအား အသက်အန္တရာယ်ထိခိုက်စေသည်အထိ သေနတ်ဖြင့်ပစ်ခတ်ထွက်ပြေးသွားသူအား မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ငွေကျပ် ၄၂၆ သိန်းကျော်နှင့် ရွှေထည်များဖောက်ထွင်းမှု တစ်ပတ်အတွင်း ဖော်ထုတ်

**မြောင်းမြ ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်း ဒေသကြီးတွင် တစ်ကိုယ်တော် ဖောက်ထွင်းသမား တစ်ဦးက နေ့လယ်ခင်းအချိန် ငွေစက္ကူရောရာ ၄၂၆ သိန်းခန့်နှင့် ရွှေထည်ပစ္စည်းမျိုးစုံ၊လက်ဝတ်လက်စား (၁၈) မျိုးတို့ကို ဖောက်ထွင်းခိုးယူခဲ့ရာ မြောင်းမြရဲစခန်းက တစ်ပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောင်းမြမြို့ အောင်ဆန်းလမ်း အမှတ်(၁) ရပ်ကွက် အမှတ်(၄၃)ရှိ ဦးမြင့်မောင်၊ ဒေါ်စန်းလေးတို့က နေ့အချိန် အိမ်တံခါးလုံခြုံစွာပိတ်၍ မြို့ထဲ(၅)လမ်းရှိ ဈေးဆိုင်တွင် ဈေးရောင်းကာ ညနေ(၆)နာရီ အိမ်ပြန်ရောက်ချိန်တွင် အိမ်တံခါးများ ပျက်စီးယိုယွင်းမှုမရှိဘဲ အိမ်ခန်းတွင်းရှိသေတ္တာများနှင့် အံဆွဲများပွင့်လျက် ပျက်စီးနေသဖြင့် စစ်ဆေးကြည့်ရာ ဖောက်ထွင်းခိုးယူခံရကြောင်းသိရသဖြင့် မြောင်းမြရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သော အမှုဖြစ်သည်။

အမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တိုင်းဒေသကြီး မှုခင်းနှိမ်နှင်းရေးအဖွဲ့၊ ခရိုင်မှုခင်းနှိမ်နှင်းရေးအဖွဲ့နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၏ ကြိုးစားဖော်ထုတ်ချက်အရ အမှုနှင့် ကွင်းဆက်များဖော်ထုတ်ကာ အခင်းဖြစ်နေအိမ်အနီး နေထိုင်သူ မောင်သန်းအေးအား ဇန်နဝါရီ ၁၄ ရက်တွင် ခေါ်ယူစစ်ဆေးရာမှ အမှုကို ဖော်ထုတ်ရရှိပြီး ၎င်းနှင့်ဆက်စပ်၍ ရွှေထည်ပစ္စည်း လက်ခံသိမ်းဆည်းပေးသူ မြောင်းမြမြို့နယ် ဝါးကြိတ်လိန်ကျေးရွာမှ ကိုမြင့်အေးနှင့်ဇနီး မစန်းမြင့်တို့၏ ခြံနောက်ဘက်တွင် မြေမြှုပ်ဝှက်သိမ်းထားသည့် ရွှေထည်ပစ္စည်းများကိုလည်းကောင်း၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းနေ မောင်သန်းအေး၏ အစ်ကိုတော်သူ ကိုမျိုးညွန့်ထံမှ ငွေကျပ် ၄၂၆ သိန်းခန့်တို့ကို မြောင်းမြရဲစခန်းက သက်သေဖြင့် ဇန်နဝါရီ ၁၆ ရက်ညတွင် သွားရောက်သိမ်းဆည်းကာ အမှုနှင့် ဆက်နွယ်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်း ရယူနိုင်ခဲ့ကြသည်။



အမှုနှင့်ပတ်သက်၍ ဖောက်ထွင်းခိုးယူခံရသော ရွှေထည်ပစ္စည်းမျိုးစုံ (၁၈) မျိုး၊ ငွေစက္ကူကျပ် ၄၂၆ သိန်း၊ ကာလတန်ဖိုး စုစုပေါင်း ငွေကျပ် ၆၇၆ သိန်းကျော်တို့ကို သိမ်းဆည်းရမိပြီး ရွှေထည်ပစ္စည်းများမှ ရွှေဆွဲကြိုး နှစ်ကုံး၊ ပတ္တမြားလက်စွပ်တစ်ကွင်းနှင့် ကျန်ရှိငွေများကို ဆက်လက်သိမ်းဆည်းရမိရေး ဆောင်ရွက်လျက်ရှိကာ ပြစ်မှုကျူးလွန်သူများအား မြောင်းမြရဲစခန်းက တရားစွဲဆိုထားကြောင်း သိရသည်။

**ညီညီ(မြောင်းမြ)**

# ငွေကျပ် ၃၂၄၇ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဖားကန့် ဇန်နဝါရီ ၁၉**

ဖားကန့်မြို့နယ် တာမခန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သတင်းအရ ဇန်နဝါရီ ၁၆ ရက် နံနက်က ဟောင်ပါးကျေးရွာနေ အောင်အောင်(ခ) အောင်ဆန်း၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့်အလေးချိန် ၂၀၅၄ ဂရမ်နှင့် (ဘိန်းဖြူမှုန့် ၁ ဂရမ် ၉၅၀၀၀ ကျပ်နှုန်းဖြင့် ကာလတန်ဖိုးငွေကျပ် ၁၉၅၁၃၀၀၀၀) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀ (တစ်ပြားလျှင် ၆၀၀၀ ကျပ်နှုန်းဖြင့် ကာလတန်ဖိုးငွေကျပ် ၁၂၉၆ သိန်း) တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ အောင်အောင် (ခ) အောင်ဆန်း (၄၀ နှစ်)ကို ဖားကန့်မြို့နယ် တာမခန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၆၂)**

# ကျီခါး၌ မီးလောင်မှုဖြစ်ပွား

**ဖလမ်း ဇန်နဝါရီ ၁၉**

ချင်းပြည်နယ် ဖလမ်းခရိုင် ကျီခါးမြို့ အမှတ်(၁)ရပ်ကွက် ဦးလျန်းပေါင်၏ နေအိမ်၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားရာ ဒေသခံပြည်သူများက နံနက် ၃ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ မီးဖိုချောင်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အိမ်ရှင်နှင့် သားဖြစ်သူ ဦးထန်ဆွမ်းခိုင်တို့သည် မီးလောင်မှုတွင် အသက်ဆုံးရှုံးခဲ့ပြီး PRADO နှင့် ထော်လာဂျီနှစ်စီးပါ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၀၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ / မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၉၀၁၁၅၅ ၀၉၂၆၁၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၃၁ ၀၉၄၀၂၇၆၅၆၄၂ |

ရုံးပတီသီးလေးများ
ရန်ကုန် - သမ္မတ
မင်္ဂလာစံပြ၊ TOP ROYAL
မန္တလေး - ဝင်းလိုက်
မင်္ဂလာထွန်းသီရိ (ပြည်)

ချစ်လှစွာသောအမုန်း
ရန်ကုန် - ရွှေဆောင်(၁)
သွင်၊ မင်္ဂလာစံပြ
မန္တလေး
မြို့မ

IP MAN 3
ရန်ကုန်
နေပြည်တော်(၃)
မင်္ဂလာ(၂)ဒဂုံစင်တာ(၂)
မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ
မန္တလေး
မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

GHOST SHIP
ရန်ကုန်
နေပြည်တော်(၂)

THE REVENANT
ရန်ကုန်
နေပြည်တော်(၁)
မန္တလေး
မင်္ဂလာဒိုင်းမွန်း

BAJRIAO MASTANI
ရန်ကုန်
ရွှေဆောင်(၂)
မင်္ဂလာ(၁)သိမ်းကြီးဈေး)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

၂၂ . ၁ . ၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်ပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

















# ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့် ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်ကကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ)မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ)သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီးဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်း မကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။ )**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များ အတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း (၁၃) ပါပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲကိုဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

*စာမျက်နှာ ၁၆ သို့*

# ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပြဋ္ဌာန်း

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁ ။ ဤဥပဒေကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂ ။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေဆိုင်ရာအထောက်အကူ**ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့် ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်။

(ခ) **ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများ** ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာ တစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကိုလည်းကောင်း ဆိုသည်။

(ဂ) **ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်း တည်ထောင်သော ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(င) **ရှေ့နေ** ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်း ရှေ့နေကို ဆိုသည်။

(စ) **ဥပဒေဆိုင်ရာအထောက်အကူပေးသူ** ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးသည့် ရှေ့နေ သို့မဟုတ် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူကို ဆိုသည်။

(ဆ) **ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေ** ဆိုသည်မှာ ဥပဒေဆိုင်ရာအကူအညီပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဆောင်ရွက်သောရှေ့နေ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့် ရှေ့နေ သို့မဟုတ် ငှားရမ်းသည့် ရှေ့နေကို ဆိုသည်။

(ဇ) **ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူ** ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေ၏ ကြီးကြပ်မှုဖြင့် အခမဲ့ဥပဒေအကြံပေးခြင်းနှင့် ဥပဒေဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင်အသိအမှတ်ပြု၍ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဈ) **ဆင်းရဲနွမ်းပါးသူ** ဆိုသည်မှာ ပြစ်မှုဆိုင်ရာ မှုခင်းကိစ္စများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့နေငှားရန် ငွေကြေးမပြည့်စုံကြောင်း ဤဥပဒေအရ သတ်မှတ်ခြင်းခံရသူကို ဆိုသည်။

(ည) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဋ) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်။

(ဌ) **အသိအမှတ်ပြုအဖွဲ့အစည်း** ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းကိုဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃ ။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို ဤဥပဒေနှင့်အညီ ခံစားခွင့်ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့တွင် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူသိရှိနားလည် ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊

(င) ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့်အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊

(စ) အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊

(ဆ) မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊

(ဇ) ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**
**အခြေခံမူများ**

၄ ။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ် ဖြစ်ပေါ်စေရေး၊

(ခ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ပညာပေးရေး၊

(ဂ) ပြစ်မှုဖြင့် စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(ဃ) ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(င) ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ၊ နိုင်ငံသားမခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(ဆ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာ ရရှိစေရေး၊

(ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရေး၊

(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။

**အခန်း(၄)**
**ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅ ။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင် တစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(စ) ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး၊ — အဖွဲ့ဝင်

(ဆ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ — အဖွဲ့ဝင်များ

(ဇ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်ကအတည်ပြုသော တရားလွှတ်တော်ရှေ့နေအဖြစ် ၁၅ နှစ် အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ — အတွင်းရေးမှူး

*(ဆက်လက်ဖော်ပြပါမည်။)*

---

*စာမျက်နှာ ၁၅ မှ*

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည် -

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်ကဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့် အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့် နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ခ) အခန်း(၁၃) ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော် သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော် ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုး ရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပန်းချီဆရာကြီးဦးသောင်းဟန်အား တစ်သက်တာပန်းချီပညာရှင်ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)မှ ပန်းချီဆရာကြီး ဦးသောင်းဟန်အား တစ်သက်တာပန်းချီပညာရှင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး ပန်းချီပြခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ပန်းချီဆရာ ဦးမောင်မောင်လှမြင့်က အမှာစကားပြောကြားပြီး ပန်းချီဆရာကြီးဦးသောင်းဟန်၏ အနုပညာစာတမ်းများကိုဖတ်ကြားမည့် ပန်းချီဆရာကြီးများ၏ ကိုယ်ရေးအကျဉ်းကို ပန်းချီထွန်းဝင်း(မာလကာသီး)က ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ပန်းချီဆရာဆြာနွယ်က ဆရာကြီးဦးသောင်းဟန်၏ “ဘဝနှင့်အနုပညာ” စာတမ်းကိုဖတ်ကြားပြီး အစည်းအရုံးအဖွဲ့ဝင် ပန်းချီဆရာဦးတင်အောင်ထိုက်က ပန်းချီဆရာကြီး ဦးသောင်းဟန်၏ “လက်ရာနှင့်အနုပညာ” စာတမ်းကို ဖတ်ကြားပေးသည်။ ဆက်လက်၍ တက်ရောက်လာသော ပန်းချီပညာရှင်များက ဆရာကြီး နှင့်တွေ့ဆုံခဲ့မှု အနုပညာ၊ ဘဝအတွေ့အကြုံများနှင့်ပတ်သက်၍ ချီးကျူး ဂုဏ်ပြုစကားများ ပြောကြားကြသည်။

ယင်းနောက် ပန်းချီဆရာကြီးဦးသောင်းဟန်အတွက် တစ်သက်တာ ပန်းချီပညာရှင်ဆုကို အစည်းအရုံးဥက္ကဋ္ဌ ပန်းချီဆရာဦးမောင်မောင်လှမြင့်က ပေးအပ်ရာ ဆရာကြီးကိုယ်စားသမီးဖြစ်သူ ဒေါ်ချယ်ရီသောင်းဟန်က လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ပန်းချီဆရာကြီး ဦးသောင်းဟန်ကို တိုင်းရင်းဆေးဆရာကြီးဦးဘိုးချို၊ အမိ ဒေါ်နှင်းတို့မှ ၁၉၃၃ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့တွင် မွေးဖွားခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် သထုံမြို့အထက်တန်းကျောင်းမှ မက်ထရစ် ၁၀ တန်းအောင်မြင်ခဲ့သည်။

ခြောက်နှစ်အရွယ် မူလတန်းကျောင်းသားဘဝကပင် ပန်းချီပညာကို စတင်သင်ယူခဲ့ပြီး ပန်းချီပညာဖြင့် အလွန်ထူးချွန်သူဖြစ်လာခဲ့သည်။ အသက် ၁၅ နှစ်အရွယ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပထမဦးဆုံး ကျင်းပသည့် လွတ်လပ်ရေးအောင်ပွဲနေ့ အထိမ်းအမှတ်ဖြင့် ပန်းချီပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၅၂ ခုနှစ်တွင် မြန်မာ-အမေရိကန်ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအဖွဲ့က ကျင်းပသော ပန်းချီပြိုင်ပွဲ၌ ဒုတိယရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရက ရန်ကုန်မြို့ ဂျူဗလီဟောတွင်စတင်ဖွင့်လှစ်ခဲ့သည့် STATE SCHOOL OF FINE-ART ကျောင်းတွင် ပန်းချီပညာကို စနစ်တကျ သင်ယူခဲ့ပြီး အသက် ၁၉ နှစ်သားအရွယ်မှစတင်၍ ကျောင်းသင်ပန်းချီ ဆရာ (Drawing Master) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် တောင်ငူမြို့သူဒေါ်လှလှနှင့်အိမ်ထောင်ပြုခဲ့သည်။ ၁၉၅၆ ခုနှစ်မှစတင်၍ မဂ္ဂဇင်းမျက်နှာဖုံးများနှင့်သရုပ်ဖော်ပန်းချီများကိုရေးဆွဲခဲ့သည်။ ဆရာကြီး၏လက်ရာပုံတူရေးဆွဲမှုမှာ သူများနှင့်မတူထူးခြားခဲ့ပြီး ရေးဆွဲခိုင်းသူအချို့က ဆရာကြီး၏ပညာလက်ရာကို ရွှေဒင်္ဂါးများဖြင့် ချီးမြှင့်ပေးအပ်ခဲ့သည်။ ထိုပွဲ၌ ရုပ်ရှင်မင်းသား၊ မင်းသမီးကြီးများဖြစ်ကြသော ဦးဝင်းဦး၊ ဦးသိန်းမောင်၊ ဦးအံ့ကျော်၊ ဦးငွေးဝင်း၊ ဒေါ်ဝါဝါဝင်းရွှေ၊ ဒေါ်ခင်သန်းနု၊ ခေါ်ချိုပြုံး၊ ဒေါ်ခင်ယုမေတို့၏ ပုံတူပန်းချီကားများကို ပြန်လည်တွေ့မြင်ခဲ့ရသည်။ ဆရာကြီး၏မဂ္ဂဇင်းမျက်နှာဖုံး၊ ပိုစတာတို့မှာအမျိုးသမီးအများစု၏ ကိုယ်နေဟန်ထား၊ မျက်နှာသွင်ပြင်အနုစိတ်ကို ပီပြင်စွာရေးဆွဲထားသည်ကို လေ့လာတွေ့ရှိရသည်။



သတင်း-တင်ဝင်းလေး
(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

**ဆရာကြီးဦးသောင်းဟန်၏ မျက်နှာဖုံးလက်ရာတစ်ခုကို တွေ့ရစဉ်။**

ပန်းချီဆရာကြီးဦးသောင်းဟန်မှာ ပန်းချီအနုပညာဘက်တွင်သာ ထူးချွန်ရုံမျှမက ဂီတအနုပညာဘက်တွင်ပါ တန်းဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ထူးခြားသောပါရမီတစ်ခုမှာ ရှစ်တန်းကျောင်းသားအရွယ်ကတည်းပင် စန္ဒရား၊ ပတ္တလားတို့ကို ကောင်းစွာတီးခတ်နိုင်ခဲ့ပြီး ထိုခေတ်ကအသံတိတ်ရုပ်ရှင်ရုံများတွင် နောက်ခံတေးဂီတ တီးလုံးများကို တီးဝိုင်းနှင့်တွဲဖက်၍ တီးခတ်ပေးသူတစ်ဦးဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်၌ ရုပ်ရှင်ပိုစတာကြီးများ ရေးဆွဲလျက်ကပင် မြန်မာနိုင်ငံဘဏ်မှ“ငွေဗိမာန်တူရိယာအဖွဲ့”ဖြင့် အသံလွှင့်ရုံဟောင်း(ဝင်ဒါမီယာအသံလွှင့်ရုံ)၌ စန္ဒရားဆရာအဖြစ် အသံသွင်းပေးခဲ့ရသည်။ ထိုစဉ်က မင်းသားကြီးဗိုလ်ဘကို၊ ဖိုးဆိုချင်ခင်မောင်မြင့်၊ ဂီတာတင်အုန်းနှင့် အဆိုတော်တင်တင်မြ၏ ဖခင်ဦးငွေမောင်းကြီးတို့နှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။ ပန်းချီဆရာကြီး ဦးသောင်းဟန်မှာ ယခုအခါအသက်အားဖြင့် ၈၂ နှစ်ကျော်၍ ၈၃ နှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်သည်။ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းတွင် နေထိုင်လျက်ရှိပြီး အမှတ်အသားအသိများချို့ယွင်းလာပြီး တပည့်များကို မမှတ်မိနိုင်တော့သည့်အနေအထားတွင် ဖြစ်၍ ဘီးတပ်ကုလားထိုင်ဖြင့်သာ မိသားစုအကူအညီဖြင့် နေထိုင်ရသူဖြစ်ကြောင်း တစ်ခေတ်တစ်ခါက ကျော်ကြားခဲ့သော အနုပညာရှင်တစ်ဦးအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ဒေသတွင်းစီးပွားရေးဆိုင်ရာဆွေးနွေးပွဲနှင့် ထုတ်ကုန်ပြပွဲကျင်းပ

**မုံရွာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ယဉ်ကျေးမှု နှီးနှောဖလှယ်ခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး(မန္တလေး)တို့ ပူးပေါင်းပြီး ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့်တာဝန်ရှိသူများက မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(အောက်ဝဲပုံ)**





အဆိုပါ ဒေသတွင်းထုတ်ကုန်ပြပွဲတွင် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ သစ်အခြေခံထုတ်ကုန်များ၊ လက်မှုပစ္စည်းများ စသည့် ဒေသထွက်ကုန်များ၊ အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ အထည် အလိပ်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်း များကို အာသံ၊ မဏိပူရ၊ နာဂလင်း၊ မီဇိုရမ်ပြည်နယ်တို့မှ ကုန်သည်ကြီးများက လာရောက်ပြသကြမည်ဖြစ်ပြီး ကဏ္ဍအလိုက် ကုန်သည်များမှ အချင်းချင်းစုစည်းပြီး စားပွဲဝိုင်း ဆွေးနွေးပွဲများကိုလည်း မုံရွာမြို့ မြစန္ဒာခန်းမ၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## သတင်းတိုများ

### အင်းတော်မြို့နယ် သတင်းစာဆရာအသင်း စည်းဝေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သတင်းစာဆရာအသင်း လစဉ်ပုံမှန်အစည်းအဝေးနှင့် အသင်းဝင်ကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီလဒုတိယပတ်က အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့နယ်သတင်းစာဆရာအသင်း အတွင်းရေးမှူး ဦးနိုင်စိုးလင်း၊ စိုးစံ(အင်းတော်) နေအိမ်ဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အသင်းနာယက ကိုမင်း(အင်းတော်)နှင့် တိုင်းအသင်း အတွင်းရေးမှူး ယဉ်ယဉ်သိန်း(နဘား)တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်းရေးမှူးက မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ မှတ်ပုံတင်ပြီး အသင်းဝင်ကတ်ပြားများကို ပေးအပ်ရာ အသင်းဝင်များကိုယ်စား အသင်းဥက္ကဋ္ဌ ဒုံးကျည်(နဘား) က လက်ခံယူခဲ့ကြောင်း သိရသည်။ **(၁၅၆)**

---

### လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဒုတိယဦးစီးမှူးများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် (ဆင့်ပွားနည်းပြ) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ပုသိမ်ခရိုင် ပြန်/ဆက် ဦးစီးဌာန ရုပ်မြင်သံကြားပြခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဦးစီးမှူး ဦးငွေထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသို့ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်အတွင်းရှိ ဒုတိယဦးစီးမှူး ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

---

### ဒလမြို့နယ်လုံးဆိုင်ရာ ကလေးအထူးတရားပွဲကြီးကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ဗိုလ်တေဇ အားကစားကွင်း၌ ကျင်းပသော Save Our Native-town (S.O.N) Dala ပရဟိတအဖွဲ့၏ တစ်နှစ်ပြည့်အထိမ်းအမှတ် ဒလမြို့နယ်လုံးဆိုင်ရာ ကလေးအထူးတရားပွဲကြီးကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အထူးတရားပွဲကြီးကျင်းပရခြင်းမှာ အဓိကအားဖြင့် အသိဉာဏ်ဗဟုသုတများ တိုးပွားလာစေရန်၊ ယဉ်ကျေးလိမ္မာစေရန်၊ အကျင့်စာရိတ္တကောင်းမွန်စေရန်၊ အနာဂတ်တွင် ထွန်းလင်းတောက်ပလာမည့် ကြယ်ပွင့်လေးများပေါ်ထွက်စေရန်နှင့် ဘာသာသာသနာအရှည်တည်တံ့နိုင်စေရန် ရည်ရွယ်၍ မြို့နယ်လုံးကျွတ် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

### မီးငြိမ်းသတ်ရေးအသိပညာပေးသရုပ်ပြ

မြို့နယ်မီးသတ်ဦးစီးဌာန၏ ဈေးများမီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး အသိပညာပေးသရုပ်ပြသခြင်းကို နိုဝင်ဘာ ၁၇ ရက်က ကော့သောင်းမြို့မဈေးရှေ့၌ ပြုလုပ်သည်။

အစီအစဉ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းကာတာဝန်ရှိသူများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်မီးငြိမ်းသတ်ရေး သရုပ်ပြအစီအစဉ်ပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ ဂတ်(စ်)အိုးသုံးစွဲရာတွင် လိုက်နာသတိပြုရမည့်အချက်များ၊ ပေါင်ဒါ မှုန့်ခြောက်မီးသတ်ဆေးဘူးနှင့် ဆီမီးသတ်ဆေးဘူး အရေးပေါ်အသုံးပြုနည်းများကို ဈေးသူဈေးသားများအားအသိပညာပေးရှင်းလင်းပြောကြားသည်။

**ကျော်စိုး(ကော့သောင်း)**

---

### မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေး

မြစိမ်းရောင်ကျေးရွာစီမံကိန်းမှရရှိသည့် အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်သွားမည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလဒုတိယပတ်က သံတွဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးက စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

### အားကစားပြိုင်ပွဲများ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးမှူး၍ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှု (TSDP) အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘီလီယက်နှင့် မီနီမာရသွန်အပြေးပြိုင်ပွဲများကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲများအနက် အမျိုးသား အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲကို ယင်းနေ့ နံနက် ၅ နာရီခွဲက မြန်မာ့စီးပွားရေးဘဏ်ရှေ့မှ ကြာအင်းကျေးရွာအထိ အသွားအပြန် ခြောက်မိုင်ယှဉ်ပြိုင်စေပြီး အားကစားသမား ၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း အော်ပရာ

ဆူးငှက်



***ယခင်အပတ်မှအဆက်***

တကယ်တော့နန်းရှေ့ဈေးသည် အရှေ့ပြင်အတွက် အချက်အချာနေရာဖြစ်ပါသည်။ ဈေးနှင့်ဈေးပတ်ဝန်းကျင်တွင် အိမ်ဆိုင်များ၊ စားသောက်ဆိုင်များ၊ စတိုးများဖြင့် စည်ကားသည်ထက်စည်ကားနေသည်။ ထိုအရှိန်အဟုန်ဖြင့် တစ်ပြကျော်လောက်သာဝေးသော အနောက်ဘက်အရှေ့ကျုံးလမ်းပေါ်က မြို့ပေါက်မှာလည်း စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များမှာ လူမပြတ်စည်ကားနေ၏။

မြို့ပေါက်မှတောင်ဘက်ဆက်သွားတော့ အရှေ့ကျုံးလမ်းမှ အရှေ့ဘက်သို့ဝင်သွားသော လမ်းသွယ်လေးကို အောင်ရတနာလမ်းဟု ကမ္ပည်းထိုးထားသည်။ ယင်းလမ်းထဲမှာ အောင်ရတနာသစ်ခွခြံရှိသည်။ အလှူမင်္ဂလာပွဲနေပွဲထိုင် ဘွဲ့ယူအခမ်းအနားများအတွက် သစ်ခွက မရှိမဖြစ်။ ထို့ကြောင့်သစ်ခွစိုက်ပျိုးခြင်းက ဈေးကွက်ကြီးဖြစ်သည်။ ယင်း အောင်ရတနာသစ်ခွခြံတွင် ခေတ်မီအပြင်အဆင်ဥယျာဉ်နှင့် လှပသော အဆောက်အအုံရှိသောကြောင့် မန္တလေးရောက်ရုပ်ရှင်ဗီဒီယိုအဖွဲ့များက မျက်စိကျကာ ဇာတ်ဝင်ခန်းများ ရိုက်လေ့ရှိ၏။

အောင်ရတနာလမ်းလေး တောင်ဘက်မှတော့ မြင့်မားလှပသည့်သံပန်း၊ ဝင်းထရံကြီးများဖြင့် အသစ်ဆောက်လုပ်ထားသော အမျိုးသားဇာတ်ရုံကြီးကို ထည်ဝါခံ့ညားစွာမြင်တွေ့ရပေမည်။ ကနုတ်ပန်းဖော်နဖူးစည်းဖြင့် ကွန်ကရစ်ဇာတ်ရုံကြီး၏ မျက်နှာစာမှာ ဧရာမရွှေရောင်ကိန္နရာအရုပ်ကြီးကလည်း လှပသောကကြိုးဖြင့် မျှော်ကြည့်နေ၏။ အလှစိုက်ပန်းပင်တွေကြားမှာ ရေစကြာလေးတွေ ပက်ဖျန်းနေသည်။ အလှူမီနီယံမီးလုံးတိုင်လေးတွေကလည်း အစီအရီ. . .။

ယခုအမျိုးသားဇာတ်ရုံကြီးကား မြန်မာအင်ဂျင်နီယာများကိုယ်တိုင်အစအဆုံး ပုံစံဆွဲဆောက်လုပ်သောဇာတ်ရုံကြီးဖြစ်၏။ ရန်ကုန်အမျိုးသားဇာတ်ရုံကြီးကမူ တရုတ်ပညာရှင်များ အကူအညီပါရှိသည်။ မန္တလေးအမျိုးသားဇာတ်ရုံကြီးသည် ရန်ကုန်မြို့ရှိ နဝဒေးရုပ်ရှင်ရုံ၏ပုံစံကို အခြေခံယူတည်ဆောက်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

တကယ်က နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုအနုပညာမြှင့်တင်ထိန်းသိမ်းရေးတွင် ခေတ်မီအမျိုးသားဇာတ်ရုံများက တစ်ခန်းတစ်ကဏ္ဍ ပါဝင်ကြသည်။ မြန်မာ့သဘင်အစသည် မြေဝိုင်းဇာတ်ဖြစ်၍ ဝါးပိုးဝါးမီးတိုင်စိုက်ပြီး အင်ကြင်းမီးခွက်ထွန်းကာ မြေကြီးပေါ်တွင် ကပြခဲ့ကြရာမှ ဝါးဖြင့်ယာယီတည်ဆောက်ထားသော စင်မြင့်ဖြင့် ရုပ်သေးသဘင်က စတင်ကပြသည်။ ယင်းနောက်လူများ ပါဝင်ကပြသော မြေဝိုင်းဇာတ်များက ဇာတ်စင်ပေါ်တက်လာကြ၏။ ထိုသို့သောယာယီဝါးလုံးဇာတ်ခုံဖြင့် လယ်ကန်သင်း၊ ယာကွင်းထဲကပြခဲ့ကြသော မြန်မာ့သဘင်သည် နှစ်ပေါင်းရာချီသည်အထိ သည်အတိုင်းပင် မဟုတ်ပါလော။ ကွင်းပြင်တွင်ဇာတ်ခုံဖြင့် ဗလာပွဲကပြကြရာမှ ရုံဇာတ်ကြီးအသွင်ကပြကြတော့လည်း ဝါးလုံး၊ အသားမျောတိုင်၊ ဝါးကပ်၊ ခနီမိုးဖြင့် ယာယီဇာတ်ရုံများပင်ဖြစ်သလိုဆောက်ကာ ကပြကြသည် မဟုတ်ပါလော။ ဦးဖိုးစိန်၊ ရွှေမန်းတင်မောင်တို့က ရွက်ဖျင်ယာယီရုံကြီးများ တီထွင်ဖူးသည်။ သို့သော် ရေရှည်အမြဲတမ်းမသုံးနိုင်ခဲ့။

မြန်မာ့ဇာတ်သဘင် တိမ်ကောကျဆုံးသွားရခြင်းသည် ခေတ်မီအမြဲတမ်း ဇာတ်ရုံကြီးများ အချိန်အခါ၏ တောင်းဆိုချက်နှင့်အညီ ပေါ်ပေါက်မလာခဲ့ခြင်းကလည်း အချက်တစ်ချက်အဖြစ်ပါဝင်လေသည်။ ယခုရန်ကုန်တွင် အမျိုးသားဇာတ်ရုံကြီးပေါ်ပေါက်လာချိန်၌ မြန်မာ့ဇာတ်သဘင်နှင့် ပရိသတ်ကြားကွာဟသွားမှုကို လိုက်မစေ့နိုင်သေးဘဲ တစ်ပွဲထိုး "လူဘိုင်စကုတ်"များနှင့်သာ အစားထိုးနေရသေး၏။

ကြားဖူးဖတ်ဖူးသော နိုင်ငံရပ်ခြားများမှ "အမျိုးသားဇာတ်ရုံတော်ကြီး"များကို မျှော်လင့်သွားရည်ယိုနေတာကြာပါပြီ။ အမွမ်းအပြောက်အပြင်အဆင်နှင့်အမျိုးသားဟန်၊ သော်မော်ပွင့်ခြူးပန်းနွယ်၊ ခြင်္သေ့ရုပ်ခံကတ္တီပါထိုင်ခုံ၊ ယန္တရားတပ်ဆက်တင်၊ သဘာဝတုပအဏုမြူမီးများနှင့်နှစ်လုံးပေါက် မရပ်မနားကပြနေကြသည့် ဂန္ထဝင်ပြဇာတ်ကြီးများ. . .။

ယခုယဉ်ကျေးမှုမြို့တော်ဟု တဖွဖွပြောခဲ့ကြသော မြန်မာ့ဂန္ထဝင်အနုပညာတို့ကို ကိန်းဝပ်ရာဟု တသသတမ်းတခဲ့ကြသော ဇာတ်သဘင်၏ပင်မဟု ပွေ့ပွေ့ပိုက်ပိုက်ဂုဏ်ယူခဲ့ကြသော သဘင့်တက္ကသိုလ် မန္တလေးရွှေမြို့တော်ကြီးတွင် ခေတ်မီအမျိုးသားဇာတ်ရုံကြီးတည်ဆောက်ပြီးပါပြီ။

ကျွန်တော်ကတော့ မန္တလေးအမျိုးသားဇာတ်ရုံကြီးဖွင့်လှစ်ပွဲအမှတ်တရအစီအစဉ်များကို စိတ်ကူးယဉ်မိနေချေ၏။ မကြာမီစိန်ရတုပွဲ ဆင်နွှဲတော့မည့် မန္တလေးမြို့မြို့မတူရိယာအသင်းကြီးလည်းပါမည်။ နေမျိုးဗလကျော်သူရွှာစားကြီး စိန်ပေဒါမျိုးစေ့ချသွားသော မန္တလေးဆိုင်းအဖွဲ့များလည်းပါမည်။ မထွေးလေး၊ ဒေါ်စိန်သုန်၊ မမြရင်၊ ဩဘာသောင်းတို့အစဉ်အဆက် မန္တလေးအငြိမ့်တွေက မင်းသမီးတွေလည်းပါမည်။ ဦးချစ်ဖွယ်၊ ဦးသင်္ခါ၊ ဦးခတ်ခိုး၊ ဦးသက်နှင်း၊ ဦးပေါစိန်စသူတို့၏ အမွေခံမန္တလေးလူရွှင်တော်ကြီးများလည်းပါမည်။

လေးနက်တည်ကြည်ရဲရင့်ခြင်း အသွင်ကိုဆောင်သည့် ဟသ်ာပြဒါးရောင် ကတ္တီပါကားလိပ်ကြီးက တန့်ွန့ဲ့လှိုင်းထနေသည်။

မန္တလေးမြို့မိမြို့ဖများ၊ ကုန်သည်ပွဲစားကြီးများ၊ စာရေးဆရာများ၊ သဘင်အနုပညာရှင်ကြီးများ စောစီးကတည်းက နေရာယူထားကြသည်။

တချို့က အဆင်သင့်ဝေငှထားသော ဖဲကြိုးတပ်အစီအစဉ်စာရွက်များကို ဖတ်ရှုနေကြ၏။ မန္တလေးမှာ မွေးဖွားသော ကြီးပြင်းသော မန္တလေးအနုပညာကို ချစ်မြတ်နိုးသော ထိုပုဂ္ဂိုလ်ကြီးများနောက်မှာ လက်ရှိမန္တလေးကို ဆက်လက်မောင်းနှင်နေကြသည့် ကုမ္ပဏီဒါရိုက်တာတွေ၊ လုပ်ငန်းရှင်တွေ၊ မန္တလေးအခြေစိုက်(သို့မဟုတ်) မန္တလေးလုပ်ငန်းခွဲစက်ရုံ၊ အလုပ်ရုံများက တာဝန်ခံပုဂ္ဂိုလ်တွေ ရောက်ရှိနေကြ၏။ ထို့အတူ မန္တလေးသူ မန္တလေးသား ပရိသတ်များ. . .။

ပဏာမညှော့်ခံ ကဇာတ်ပွဲများ ထုံးစံ ယိုးဒယား ကရောင်းရိုက်နေသည်။ ပြီးတော့ ကတ္တီပါကားလိပ်ကြီး တအိအိပွင့်သွား၏။ စင်မြင့်ပေါ်မှာဝဲဘက်၌ နန်းထိုက်ပိုးလုံချည်၊ နံ့သာရောင်ပိုးတိုက်ပုံများနှင့် ရွှေရောင်တဖိတ်ဖိတ်တောက်နေသော တူရိယာပစ္စည်းများကိုယ်စီကိုင်ကာ မြို့မတီးဝိုင်းက နေရာယူထားသည်။ အလယ်မှာ ကတ္တီပါဖုံအဆင့်ဆင့်ခံပြီး စောင်းဦးမြင့်မောင်၏ စောင်းကောက်ဝိုင်းရှိသည်။ ဆရာ့တပည့်မ စောင်းမူမူသိန်းလည်း ထိုဝိုင်းထဲတွင်ပါ၏။ ယာဘက်အစွန်မှာက မှန်စီရွှေချပဥ္စရူပရုပ်ကြီး ကြွားရရွှားနှင့် မြန်မာဆိုင်းဝိုင်းကြီး ထည်ဝါစွာရှိနေ၏။ မြန်မာဆိုင်းဝိုင်းကြီးမှာ စိန်ကျော်ဆင့်၊ စိန်မြဆင်၊ စိန်တင်ဟန်၊ စိန်ဘညို၊ စိန်တင့်လွင်၊ စိန်မွတ္တားတို့က အလှည့်ကျတီးကြမည်ဆို၏။ အဖွင့်တွင် မြန်မာဆိုင်းဝိုင်းကြီးမှ မန်းတောင်လက်ယာကို တီးခတ်သည်။ ပြီးတော့ စောင်းဦးမြင့်မောင်ဝိုင်းက ဝေဇယန္တာယိုးဒယား။ ပြီးလျှင် မြို့မတူရိယာအဖွဲ့ကြီးက အောင်မင်္ဂလာယိုးဒယား။ ဤသို့ဖြင့် နာမည်ကျော် မန္တလေးမြို့ဘွဲ့ကြီးများကို တစ်လှည့်စီတီးခတ်ပြီးနောက် မန္တလေးမြို့၏ ဂီတစနစ်ကို ခေတ်မီရေးလမ်းကြောင်းပေါ် တင်ခဲ့ကြသည့် ဓားတန်းဦးသန့်၊ ဦးရင်လေး၊ မြို့မငြိမ်းတို့ ကြိုးပမ်းစိတ်ကူးခဲ့ကြသည်ကို ဖော်ထုတ်သောအားဖြင့် "ဘုံပျံနေနန်း" သီချင်းကြီးကို မြန်မာဆိုင်းဝိုင်း၊ မြန်မာစောင်းကောက်များနှင့်အတူ မြို့မတူရိယာအသင်းကြီးက တွဲဖက်တီးမှုတ်သည့် အစီအစဉ်ဖြစ်၏။ သီချင်းစာသားများကို မြန်မာပတ်ဝိုင်း၊ မြန်မာစောင်းကောက်များဖြင့် တီးခတ်ကာ အတီးပိုဒ်တွင် မြို့မက ဆင်ဖိုနီပုံစံအနုအရွလုအလူးအလိမ့်၊ အခြိမ်းအခြောက်များနှင့် တီးမှုတ်သွားသည်။ ဇာတ်ရုံ၏ ရှေ့ဆုံးတန်းမှာ ကြည့်ရှုနေကြသည့် မြို့မငြိမ်းသမီးကြီး ဒေါ်တင်ကြည်တို့၊ ဓားတန်း ဦးသန့်သမီး ဒေါ်ရီရီတို့မှာ ဆရာငြိမ်း၊ ဦးလေးသန့်တို့ကို သတိရပြီး မျက်ရည်လည်လာကြ၏။ ပြီးတော့ စိန်ပေဒါကြီး၏ ပတ်စမ်းများကိုလည်း မြန်မာတီးဝိုင်းတစ်လှည့် မြို့မတစ်လှည့် အသွက်အမြူးများဖြင့် တီးခတ်သည်။ စိန်ပေဒါကြီး မွေးစားသားဦးလေးငွေးက ရှေ့ဆုံးခုံမှ ဒူးဖြင့် စည်းချက်လိုက်နေ၏။

ထို့နောက် မြို့မက ဆရာငြိမ်း၏ "ပျိုး" သီချင်းကို ဆင်ဖိုနီဝိုင်းဖွဲ့ပုံစံကြီးဖြင့် တီးခတ်ပြန်သည်။ စောင်းဦးမြင့်မောင်ဝိုင်းကလည်း ဆရာကိုယ်တိုင် ဂျပန်မှာ အင်္ဂလန်မှာ တီးခတ်ခဲ့ပြီး သူတို့ကို လှုပ်ခါစေခဲ့သော မြန်မာ့စောင်းဖြင့် "ရွှေရည်ဆမ်းလရောင်" တီးလုံးကို တီးခတ်သည်။ သည်အချိန်မှာ အသက်ရှူဖို့ မေ့လောက်အောင် ပရိသတ်ကြီးက ငြိမ်သက်နေ၏။

အစီအစဉ်တွေက အများသား. . .။ ပဏာမညှော့်ခံတေးဂီတအစီအစဉ်ပြီးလျှင် မောင်မြတ်မှိုင်း၏ "ပန်ထွာဧကရီ" အော်ပရာ၊ ပြီးတော့ မြို့တော်မောင်ယဉ်အောင်၏ "ရှေးခေတ်ပုဂံပြည်" ကဇာတ်၊ ပြီးတော့ ရွှေမန်းသူ မြင့်မြင့်သန်း၊ ပန်တျာငွေးငွေးမြင့်တို့၏ အငြိမ့်ခန်း၊ ငါးမည်ရတင်သိန်း၊ ရတနာတင်လင်းတို့၏ နှစ်ပါးသွား၊ . . . . နောက်ပိုင်းဇာတ်တော်ကြီးက ရွှေနန်းတင်နှင့် ပန်တျာကြည်လင်. . .။

ဇာတ်ရုံတော်ကြီးဖွင့်ပွဲ အမှတ်တရအစီအစဉ်များက သုံးရက်ဆက်တိုက်ဖြစ်သည်။ မန္တလေးမူ၊ စိန်ပေဒါကြီးမူဖြစ်သော ဖျင်းချင်ပိုဒ်၌ မြန်မာသံအစုံအလင်ဖြင့် မင်းသမီးနှင့် ဆိုင်းဝိုင်းအပြန်အလှန်ပညာစွမ်းပြကြမည့် ယိုးဒယားတစ်ပင်တိုင် ကန်တော့ခန်းကို ဩဘာသောင်း၏ လက်ရင်းတပည့် ခင်ဝင်းနွယ်ကပြမည့် အစီအစဉ်လည်းပါသည်။ သူကပင်မည်သူမျှ မမြင်ဖူးသေးသည့် ဩဘာသောင်း၏ ကဗျာလွတ် စတုတ္ထဆင့်နှင့်ပဥ္စမအဆင့်ကို ကပြဦးမည်။ အငြိမ့်ခန်းများမှာလည်း မန္တလေးမင်းသမီးတွေက မြို့မနှင့် အငြိမ့်ခန်း၊ စိန်ပေဒါကြီးနှင့် အငြိမ့်ခန်းများ

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

ဖော်ထုတ်မှာတဲ့ . . ။မောင်ယဉ်အောင်၏ "ကိုးဆယ်ဆ သာလိမ့်မယ်" "ကောက်ပင်တရေးနိုး" ပြဇာတ်များလည်းပါ၏။ သည်သုံးရက်ကိုတော့ မန္တလေးသားတွေ အမျိုးသားဇာတ်ရုံဆီပဲရောက်နေကြသည်။ ဈေးချိုထဲမှာလည်း အငြိမ့်ခန်းက "ချစ်စရာ၊ ဒီပါ၊ ထင်ပေါ်၊ မိတ်ဆက်"တို့၏ ပြက်လုံးများအကြောင်း "ပေါစံ၊ တက်တိုး၊ သိန်းဆု"တို့၏ ထေ့လုံးများအကြောင်း . . . . . . ။

ပထမည ကပြပြီးကတည်းကပင် ဒီသတင်းက ဟိုးဟိုးကျော်သွားတော့ ရန်ကုန်က ဂျာနယ်အယ်ဒီတာများ၊ ပင်တိုင်ဆောင်းပါးရှင်များ မန္တလေးသို့ လှိမ့်တက်လာကြ၏။ သူတို့ကငယ်ကျွမ်းဆွေနှင့် သူရဲလေးကောင်လောက် ကြည့်ဖူးပြီး ရွှမ်းရွှမ်းဝေရေးသားခဲ့ကြလေတော့ မန္တလေးကတီးလုံးတီးကွက်၊ သီချင်း၊ အငြိမ့်ခန်း၊ ကကြိုး၊ ပြက်လုံး၊ အော်ပရာ၊ ပြဇာတ်များကို မြင်ဖူးခံစားချင်တာလည်းဖြစ်မည်။ ကြုံတောင့်ကြုံခဲပွဲမို့ မှတ်တမ်းတင်ချင်တာလည်းပါမည်။ ဆရာလူထု ဦးစိန်ဝင်း စကားနှင့်ပြောရလျှင် "သူတို့တစ်တွေ ချောကလက်မှ မစားဖူးပဲကိုး"

မန္တလေးပရိသတ်က သုံးရက်နှင့် အားမရတော့ ရက်ထပ်တိုးပေးဖို့ တောင်းဆိုကြ၏။ မန္တလေးထုတ်သတင်းစာကြီးများကလည်း စစ်မှန်သောအနုပညာများ ပြန်လည်ဖော်ထုတ်နိုင်ဖို့ ရက်ထပ်တိုးသင့်ကြောင်း ခေါင်းကြီးတွေက ရေးသည်။ ထို့ကြောင့် နောက်ထပ် နှစ်ရက်ထပ်တိုး၏။ လေယာဉ်ကွင်းမှာ၊ ဘူတာရုံမှာ၊ ကားကြီးဝင်းတွေမှာဝင်လာသည့် ခရီးသည်တိုင်းကို တက္ကစီသမားများက အမျိုးသားဇာတ်ရုံကိုလားဟု မေးနေရသည်။

မောင်မြတ်မှိုင်း၏ "အိမ်တော်ရာဘုရားဈေး" သီချင်းသရုပ်ဖော်ကဇာတ်နှင့် မောင်ယဉ်အောင်၏ "အညာလေ့" အော်ပရာကို ပြန်လည်တင်ဆက်၏။ တိုးလိုက်သောရက်တွင် မောင်ယဉ်အောင်က အထူးအစီအစဉ်အဖြစ် ဆရာမြသန်းတင့်၏ "ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" ပြဇာတ်ကြီးကို နှစ်ရက်ဆက်စင်တင်၏။ ရန်ကုန်က စာနယ်ဇင်းသမားများပြန်ဖို့ ရက်တွေရွှေ့ကြရတော့သည်။ ထိုနေ့က အမျိုးသားဇာတ်ရုံကြီးရှေ့မှာ စာနယ်ဇင်းသမားများအစီအစဉ်ဖြင့် ဆရာမြသန်းတင့် ပုံတူပန်းချီကားကြီးချိတ်ဆွဲကာ ပန်းခြင်းတွေဝေနေတော့၏။ အနီရောင်သစ္စာပန်းများ. . . . . ။

ပန်းပွင့်တွေက ယိမ်းထိုးနေသည်။ လူအုပ်က တရွေ့ရွေ့တိုးနေသည်။ မြင်ကွင်းတွေက လှုပ်ခတ်ဝေဝါးသွား၏။ ကျွန်တော်သည် အရှေ့ကျုံးလမ်းအတိုင်း လမ်းလျှောက်ထွက်၍ အမျိုးသားဇာတ်ရုံကြီးရှေ့ရောက်တိုင်း ကျုံးဘေးမှာ တမေ့တမြောထိုင်ကာ ဖြစ်ချင်တာတွေ စိတ်ကူးယဉ်မိနေတော့သည်။ မန္တလေးတောင်ခြေ အလုပ်သမားရပ်ကွက်လေးတွေက အလုပ်သမလေးတွေ စက်ဘီးကိုယ်စီနှင့် တောင်ဘက်ဆီသို့ အုပ်လိုက်နင်းသွားကြသည်။ အချင်းချင်းစကားပြောသံကဆူညံ. . . ။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ဆင်ခြေထောက်ရောဂါကာကွယ်ရေး အသိပညာပေး

**ကျောင်းကုန်း ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး မြို့နယ်အတွင်း ဇန်နဝါရီ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်အဖွဲ့များသည် မြို့နယ်အတွင်း နေအိမ်တစ်အိမ်ချင်းစီသို့ ကွင်းဆင်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ရောဂါအကြောင်း အသိပညာပေးဟောပြောဆွေးနွေးပြီး ကာကွယ်ဆေးတိုက်ကျွေးခဲ့သည်။

ဆင်ခြေထောက်ရောဂါသည် သွေးထဲတွင်နေသော သံကောင်ကြောင့်ဖြစ်ပွားသောရောဂါဖြစ်ပြီး ခြင်ကိုက်ခြင်းဖြင့် ကူးစက်နိုင်သောရောဂါဖြစ်သောကြောင့် ခြင်ပေါက်ဖွားမှုမရှိစေရေးအတွက် ရှင်းလင်းဆောင်ရွက်ထားသင့်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ကျေးရွာသစ်စီမံကိန်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံများအား ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၁၅ ရက်က ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ Global Saemuaul Development Network မှ President Dr.Cgoi Oe Chool, ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)အဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာနမ်ကွမ်းယောင်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်ခြောက်ဦးတို့နှင့် ကျင်းပသော ကျေးရွာသစ်စီမံကိန်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူး မိုးကျော်ဟိန်း ဦးစီးသည့် တပ်ဖွဲ့ဝင် ၅၀ တို့သည် ဇန်နဝါရီ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် (၄)မိုင် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်စဉ်။

(ရဲပြန်ကြား)

# သဘာဝဘေးအန္တရာယ်လျှော့ပါးရေး သင်တန်းဖွင့်

**မိုးကောင်း ဇန်နဝါရီ ၁၉**

ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စေရန်ရည်ရွယ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးလျှော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းကို ဇန်နဝါရီ ၁၈ ရက်တွင် မိုးကောင်းခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနဦးစီးမှူး ဒေါ်စန္ဒာလှိုင်က ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ သင်တန်း ဖွင့်လှစ်ရခြင်းသည် နိုင်ငံ သဘာဝဘေးလျှော့ပါးရေး လုပ်ငန်းစီမံချက်ကို အောင်မြင်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ သင်တန်းများ၊ ဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း မှတ်တမ်းတင်ဗွီဒီယို ပြသသည်။

အဆိုပါသင်တန်း၌ သင်တန်းသား ၃၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်း သုံးရက်တာကာလအတွင်း ပြည်နယ်မှ မိုးဇလ၊ မီးသတ်၊ မြို့နယ်ကျန်းမာရေးနှင့် လူမှုရေးအဖွဲ့အစည်းများမှ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်ဦး**

# စလင်းမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်

**စလင်း ဇန်နဝါရီ ၁၉**

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့မဈေးကြီးတွင် ဇန်နဝါရီ ၁၇ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါလေ့ကျင့်မှုတွင် စလင်းမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးဖြင့် ဈေးကြီးအား မီးသတ်ပိုက်များဖြင့် ရေပက်ဖျန်းခြင်း၊ မီးသတ်ဆေးဘူးများ အသုံးပြုနည်းဖြင့် လေ့ကျင့်ခြင်း၊ ဈေးအတွင်း တူးဖော်ထားသော အဝီစိတွင်းများမှတစ်ဆင့် ဒိုင်းရှင်းစက်များဖြင့် ရေပက်ဖျန်း၍ မီးငြိမ်းသတ်ခြင်းတို့ကို လေ့ကျင့်ခဲ့ကြသည်။

ယင်းလေ့ကျင့်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်ရဲမှူး ဦးခင်မောင်ရှိန်၊ မီးသတ်တပ်ဖွဲ့မှူး ဦးငွေးမော်၊ စည်ပင်အမှုဆောင်အရာရှိဦးနေမန်း၊ စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (စစ်ကြည်(စလင်း)**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေး

**ကနီမြို့**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးကျော်စိုးမင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်က မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေများမှ ရရှိသောအတိုးငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာသုံးစွဲနိုင်ရေးနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

**ဇီးကုန်းမြို့**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြစိမ်းရောင်စီမံကိန်းကျေးရွာများ စီမံကိန်းအတိုးရငွေများဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ချေးငွေရရှိသော ကျေးရွာများမှ အရင်းမပျောက်ဘဏ္ဍာငွေဖြင့်ဆောင်ရွက်ခဲ့သော ကျေးရွာလျှပ်စစ်မီးရရှိရေး၊ ရေရှားသောနေရာများတွင် စက်ရေတွင်းတူးဖော်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ ထူထောင်ခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

**နမ့်ဆန်မြို့**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြစိမ်းရောင်စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒေသဦးစီးအဖွဲ့အတွင်းရေးမှူး ဦးဆန်းမော်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ထုံးလုပ်နည်းများ ပြုစုနိုင်ရေးနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မိုး(ပြန်/ဆက်)**

# သံတောင်ကြီးမြို့၌ Bed and Breakfast ခရီးသွားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

**ဘားအံ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်၌ မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် စတင်ဆောင်ရွက်ခဲ့သော Bed and Breakfast ခရီးသွားလုပ်ငန်းများ အောင်မြင်မှုရှိသဖြင့် ဆက်လက်တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ်တွင် Bed and Breakfast ခရီးသွားလုပ်ငန်းအတွက် ဇူလိုင်လမှစတင်ကာ ဟိုတယ်အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းကို စိတ်ဝင်စားသော ဒေသခံပြည်သူများအတွက် သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ပြီးနောက်ပိုင်းတွင် Grace for Grace နှင့် Toiwish တည်းခိုဆောင်နှစ်ခုသာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခုအခါ ပွင့်လင်းရာသီရောက်လာသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုပိုမိုများပြားလာသောကြောင့် လက်ရှိဖွင့်လှစ်ထားသည့် Grace for Grace နှင့် Toiwish တည်းခိုဆောင်နှစ်ခုဖြင့် လုံလောက်မှုမရှိသဖြင့် Bed and Breakfast ခရီးသွားလုပ်ငန်းအသစ် လေးခုကို ယခုဇန်နဝါရီလအတွင်း ထပ်မံတိုးချဲ့ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေမည့် တောင်စခန်းမြို့အဖြစ် သတ်မှတ်ထားရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတစ်ခု ဖြစ်လာစေမည့် Bed and Breakfast ခရီးသွားလုပ်ငန်းကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး Bed and Breakfast ခရီးသွားလုပ်ငန်းအဖြစ် သံတောင်ကြီးမြို့တွင် ဆောင်ရွက်ခဲ့ပြီးနောက် လုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိသဖြင့် ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သံတောင်ကြီး (ပြန်/ဆက်)**

**သံတောင်ကြီးမြို့မှ Bed and Breakfast တည်းခိုဆောင်တစ်ခု။**



# ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



**မော်လမြိုင် ဇန်နဝါရီ ၁၉**

မော်လမြိုင်မြို့ရှိ ဈေးကြီးများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို မော်လမြိုင်မြို့ မြိုင်ရတနာနှစ်ထပ်ဈေး၌ ဇန်နဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးသောင်းထိုက်က ဈေးများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရမည့် အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာနက ဦးစီး၍ မြို့ပေါ်ရှိ စည်ပင်သာယာဈေးများမှ ဝန်ထမ်းများ၊ အခြားအဖွဲ့အစည်းများ ပူးပေါင်းကာ ဈေးဝင်းအတွင်း မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မော်လမြိုင်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးလေးခုရှိသည့်အနက် နှစ်ခုတွင် မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲများနှင့် လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဘိုးကုန်းရပ်ကွက်ရှိ သံလွင်ဈေးနှင့် ဖက်တန်းရပ်ကွက်ရှိ အမှတ်(၂) ဈေးများတွင်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာများရှိ ဈေးများတွင်လည်းကောင်း အသိပညာပေးဟောပြောပွဲများနှင့် လေ့ကျင့်မှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

# ယောချောင်းကူး နွေရာသီတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်ပြီးစီး

**ပေါက် ဇန်နဝါရီ ၁၉**

ပခုက္ကူခရိုင် ပေါက်မြို့နယ် တောင်ပိုင်း ပြစ်ထဲနှင့် သီးချောက်ကျေးရွာကြားရှိ ယောချောင်း၌ နွေရာသီကာလအတွင်း အသုံးပြုရန် ဆိုင်ကယ်ကူးတံတားကို တည်ဆောက်ပြီးဖြစ်၍ ယခုအခါ ဒေသခံပြည်သူများ သွားလာရေးအတွက် ပို၍ အဆင်ပြေလာကြောင်း သိရသည်။

“ဒီတံတားကိုဆောက်ဖို့ မြို့နယ်စည်ပင်သာယာကို တင်ပြဆွေးနွေးပြီး တည်ဆောက်ပါတယ်။ အနီးဝန်းကျင်ကျေးရွာတွေက ငွေအား၊ ပစ္စည်းအား ကူညီကြပါတယ်။ ကျွန်တော်တို့ရွာက လုပ်အား၊ ငွေအားနဲ့ မိုးဦးကျရေမကြီးခင်အချိန်အထိ သွားလာနိုင်အောင် ပြုပြင်ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်”ဟု တံတားကို ဦးဆောင်တည်ဆောက်သူ ပြစ်ထဲကျေးရွာမှ ဦးကြည်ညွန့်က ပြောသည်။

တံတားကို ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေနှင့် လုပ်အားများ၊ ဒေသထွက် သစ်၊ ဝါးများဖြင့် တည်ဆောက်ခြင်းဖြစ်ကာ အကျယ် ၅ ပေ၊ အရှည် ၆ ပေရှိ အခန်းပေါင်း ၄၀ ပါဝင်ပြီး စုစုပေါင်း တံတားအရှည်မှာ ပေ ၂၄၀ ရှိကြောင်း၊ အဆိုပါတံတားကို မိုးမကျမီအချိန်အထိ အသုံးပြုနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**



# အသက်မွေးဝမ်းကျောင်းပညာ ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး သင်တန်းဖွင့်လှစ်

**မြိတ် ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ညောင်ဖီးကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေးအတွက် ညောင်ဖီးကျေးရွာ ဓမ္မရက္ခိတကျောင်းဓမ္မာရုံ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း၊ ကျွန်းစုမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဒေါ်ဥမ္မာဆွေ၊ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းထွန်းဦး၊ ညောင်ဖီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရွှေသန်းမောင်၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား သင်တန်းများ တက်ရောက်ခဲ့ကြသည်။



သင်တန်းကို ဇန်နဝါရီ ၂၂ ရက်အထိ ခြောက်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် နည်းပြဆရာမ သုံးဦးက စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ညောင်ဖီးကျေးရွာအုပ်စုအတွင်းရှိ ညောင်ဖီးကျေးရွာ၊ အညှင်းကျေးရွာနှင့် ပဲယာကျေးရွာများမှ အမျိုးသား သင်တန်းသား ငါးဦးနှင့် အမျိုးသမီးသင်တန်းသူ ၄၀ တက်ရောက်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# စက်ရေတွင်း ရေထွက်ရှိမှုစစ်ဆေး

**ဝါးခယ်မ ဇန်နဝါရီ ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဝါးခယ်မမြို့နယ်ကျွန်းကုန်းကျေးရွာစက်ရေတွင်း ရေထွက်ရှိမှုကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်သိန်းနှင့်ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**မြင့်ဦး(ဝါးခယ်မ)**

# မန်ယူအတွက် ခက်ခဲဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၃)

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူက အိမ်ကွင်းမှာ ဆောက်သမ်တန်နဲ့ ကစားရမှာမို့ ပွဲကျပ်နေပါတယ်။ ဒီလိုအခြေအနေမှာ မန်စီးတီးတို့ကလည်း ခြေစွမ်းတက်နေတဲ့ ဝက်စ်ဟမ်းကွင်းမှာ သွားကစားရမှာမို့ ပွဲမချောင်ပါဘူး။ ဒီလိုအကျပ်အတည်းနဲ့ ကြုံတွေ့နေချိန်မှာ ဘယ်အသင်းတွေ အခွင့်အရေးကောင်းတွေ ရယူသွားနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။



**မန်ယူနှင့် ဆောက်သမ်တန်**

လီဗာပူးကွင်းမှာ ရှုံးနေရဲ့ဂိုးနဲ့ နိုင်ပွဲရခဲ့တဲ့ မန်ယူဟာ တန်ဖိုးရှိတဲ့ သုံးမှတ်ကို ပိုင်ဆိုင်ခွင့်ရခဲ့သလို စိတ်ဓာတ်တွေလည်း မြင့်တက်ခဲ့ပါတယ်။ ခက်ခက်ခဲခဲယှဉ်ပြိုင်ခဲ့တဲ့ အဲဒီပွဲအပြီးမှာ ဆောက်သမ်တန်တို့က အိုးထရက်ဖို့ဒ်ကွင်းမှာ မန်ယူကို ဖိအားပေးဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဆောက်သမ်တန်နဲ့ဆုံတိုင်း မန်ယူတို့ အကြိတ်အနယ်နွှဲခဲ့ရတာချည်းဖြစ်ပေမယ့် ရလဒ်ကောင်းကိုတော့ ဆောင်ကြဉ်းနိုင်ပါတယ်။ ဆောက်သမ်တန်ရဲ့ လက်ရှိခြေစွမ်းက မတည်ငြိမ်တာမို့ နိုင်ပွဲတွေအပူတပြင်းလိုအပ်နေတဲ့ မန်ယူက အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ အားထုတ်ပြီး အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။

**နော့ဝှစ်ချ်နှင့် လီဗာပူး**

နော့ဝှစ်ချ်နဲ့ဆုံတိုင်း လီဗာပူးတို့ ပြတ်သားတဲ့ရလဒ်နဲ့ အောင်ပွဲတွေရရှိခဲ့တာချည်းဖြစ်ပေမယ့် နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ လီဗာပူးကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ သတိပြုရမှာဖြစ်ပါတယ်။ ဥရောပဝင်ခွင့် တစ်နေရာအတွက် မျှော်မှန်းချက်ထားပြီး ကြိုးစားနေတဲ့ လီဗာပူးတို့က အခုပွဲမှာတော့ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲရအောင် ရှာဖွေပါလိမ့်မယ်။ လီဗာပူးတို့နိုင်ပွဲပါပဲ။

**လက်စတာနှင့် စတုတ်**

စပါးကို သရေပွဲကစားပြီး အမှတ်ရအောင် ယူနိုင်တဲ့ လက်စတာရဲ့ ကြိုးစားမှုက အသိအမှတ်ပြုစရာပါ။ စတုတ်တို့ကလည်း အာဆင်နယ်ကို အိမ်ကွင်းမှာ သရေပွဲကစားခဲ့တာမို့ ခြေစွမ်းက လျှော့တွက်လို့ မရပါဘူး။ နှစ်သင်းစလုံးရဲ့ ခြေစွမ်းက အားထုတ်မှုအပိုင်းရော တိုက်စစ်၊ ခံစစ်မှာပါ ကွာဟမှုရှိပေမယ့် အိမ်ကွင်းမှာ ကစားရမယ့် လက်စတာအတွက် အားသာမှုရှိနေတာတော့ အမှန်ပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကြည့်ရင် လက်စတာက တစ်ပွဲနိုင်ပြီး စတုတ်က နှစ်ပွဲနိုင်ကာ သရေနှစ်ပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် အခုပွဲက တန်းစီဇယားကို ပြန်စိုးမိုးမယ့် လက်စတာရဲ့ အလှည့်ပါပဲ။

**ခရစ္စတယ်ပဲလေ့စ်နှင့် စပါး**

အဝေးကွင်း ခြေစွမ်းပြန်ကောင်းလာတဲ့ စပါးကို ပဲလေ့စ်တို့ သေသေချာချာ ပြင်ဆင်ကစားမှရပါလိမ့်မယ်။ ပဲလေ့စ်ကွင်းမှာဆိုရင် စပါးတို့ ခြေကုန်ထုတ်ရလေ့ရှိတာကို မေ့ထားလို့မရပါဘူး။ စပါးရဲ့ ကစားအားက ဟန်ချက်ညီနေပြီး တိုက်စစ်ပိုင်းမှာ အဆုံးသတ်အားနည်းမှုရှိတာကလွဲလို့ ကောင်းမွန်နေပါတယ်။ ပဲလေ့စ်ရဲ့ အားသာချက်က ခံစစ်ပိုင်းကောင်းမွန်တာဖြစ်လို့ စပါးတိုက်စစ်မှူးတွေ ဂိုးများများ သွင်းနိုင်ဖို့ မလွယ်ပါဘူး။ စပါးတို့နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဝက်စ်ဘရွန်းနှင့် ဗီလာ**

တန်းစီဇယား အောက်ဆုံးရောက်နေတဲ့ ဗီလာတို့ကတော့ ဒီပွဲမှာလည်း ပြန်လည်ရုန်းထဖို့ မလွယ်ပါဘူး။ ဝက်စ်ဘရွန်းတို့က အခုပွဲမှာ အမှတ်ပြည့်ရရှိရေး အခွင့်အရေး တစ်ရပ်ကိုရအောင် အသုံးချတော့မှာမို့ ဗီလာတို့အတွက် ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဗီလာရဲ့ ကြိုးစားမှုတွေက ဒီပွဲမှာ အရာထင်ဖို့ မလွယ်ပါဘူး။

**ဆန်းဒါးလန်းနှင့် ဘုန်းမောက်**

တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ကြိုးစားလာမယ့် ဆန်းဒါးလန်းတို့က ဘုန်းမောက်ကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဆန်းဒါးလန်းဟာ ဘုန်းမောက်နဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုရလဒ်တွေကို ကြည့်ရင် သုံးပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ကာ တစ်ပွဲရှုံးထားတဲ့ မှတ်တမ်းရှိပါတယ်။ ဒါပေမယ့် ဘုန်းမောက်တိုက်စစ်မှူးတွေက ဂိုးသွင်းကောင်းသူဖြစ်တာကို သတိပြုရမှာဖြစ်တာမို့ အခုပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဝက်စ်ဟမ်းနှင့် မန်စီးတီး**

ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ တန်းစီဇယားကို ပြန်လည်စိုးမိုးဖို့ ကြိုးစားနေတဲ့ မန်စီးတီးတို့က အခုပွဲမှာ ဝက်စ်ဟမ်းနဲ့တွေ့ဆုံရတာဟာ ခြေကုန်ထုတ်ရမယ့်အနေအထားပါပဲ။ အခုတလော နိုင်ပွဲဆက်နေတဲ့ ဝက်စ်ဟမ်းတို့က အိမ်ကွင်းမှာ မန်စီးတီးကို မာမာတင်းတင်းရင်ဆိုင်ကစားဖို့ရှိလာမို့ မန်စီးတီးဟာ တစ်မှတ်ရရင်ပဲ ကျေနပ်ရမယ့်ရလဒ်အဖြစ် သတ်မှတ်ရမှာပါ။ ။

## ဩစတြေးလျ အိုးပင်းကို ကာကွယ်ဖို့ မသေချာတဲ့ ဆီရီနာဝီလျံ

ကမ္ဘာကျော် တင်းနစ်အားကစားမယ် ဆီရီနာဝီလျံဟာ ဩစတြေးလျ အိုးပင်းအဖွင့်မှာ အီတလီသူ ကာမီလာဂျော်ဂျီကို အနိုင်ရလိုက်ပေမယ့် ဒဏ်ရာတွေကြောင့် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့ မသေချာဘူးလို့ဆိုပါတယ်။ ဆီရီနာဝီလျံက အဖွင့်ပွဲမှာ အီတလီသူ ဂျော်ဂျီကို ၆-၄၊ ၇-၅နဲ့ အကြိတ်အနယ်ကစားခဲ့ရတာပါ။ ဝီလျံအနေနဲ့ စက်တင်ဘာလနောက်ပိုင်း တရားဝင် တိုးပြိုင်ပွဲတွေမှာ ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ မဲလ်ဘုန်းမြို့မှာ ကျင်းပတဲ့ ဒီပြိုင်ပွဲ အဖွင့်ပွဲမှာ ဆီရီနာဝီလျံအနေနဲ့ ဒူးခေါင်းဒဏ်ရာ ပြင်းထန်စွာရရှိသွားခဲ့ပါတယ်။ ဒီဒဏ်ရာကြောင့် ယခုနှစ်အတွင်း ပထမဆုံး ဂရင်းဆလမ်ဖလားဆွတ်ခူးနိုင်ဖို့ မျှော်လင့်ချက်ဟာ မှေးမှိန်နေတယ်လို့ဆိုပါတယ်။ သူဟာ ဒီလအစောပိုင်းက ပတ်ခ်မြို့မှာ ကျင်းပတဲ့ ဟော့မန်းဖလားပြိုင်ပွဲမှာလည်း ဒဏ်ရာတွေကြောင့် လှည့်ပြန်ခဲ့ရပါတယ်။



## အကောင်းဆုံး ဘောလုံးသမားဆုကို ထုတ်ဖော်ပြသခဲ့တဲ့ မက်ဆီ

အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီဟာ မကြာသေးမီက ၂၀၁၅ ခုနှစ်အတွက် ဆွတ်ခူးရရှိခဲ့တဲ့ အကောင်းဆုံးဘောလုံးသမားဆုဖြစ်တဲ့ ဘောလွန်းဒီအောဆုကို အက်သလက်တီကိုအသင်းနဲ့ ကစားတဲ့ပွဲမှာ ပရိသတ်တွေကို ထုတ်ဖော်ပြသခဲ့ပါတယ်။ မက်ဆီဟာ ဘောလွန်းဒီအောဆုကို ငါးကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့တာပါ။ အက်သလက်တီကိုအသင်းနဲ့ မကစားမီ မက်ဆီက သူကစားဖော်တွေနဲ့ န်ျူးကမ့် ပရိသတ်တွေကို ထုတ်ဖော်ပြသခဲ့တာပါ။ မက်ဆီဟာ ဘောလွန်းဒီအောဆုရပြီးနောက် န်ျူးကမ့်ကွင်းမှာ ပထမဆုံး ကစားခဲ့တာလည်းဖြစ်ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာက အက်သလက်တီကိုအသင်းအား ခြောက်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ သူ့အနေနဲ့ ပွဲစပြီး ခုနစ် မိနစ်အတွင်းမှာပဲ ဘာစီလိုနာအတွက် ပယ်နယ်တီမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မက်ဆီကို ဘာစီလိုနာအသင်း ထောက်ခံအားပေးသူတွေက တစ်ခဲနက် အားပေးခဲ့ကြတယ်လို့ဆိုပါတယ်။ ဘာစီလိုနာအသင်း ပရိသတ်များက ဂုဏ်ယူပါတယ် လီယိုဟူသော ရောမဆိုင်းဘုတ်ကြီးကိုင်ပြီး မက်ဆီကို ချီးကျူးခဲ့ကြပါတယ်။



## ချယ်လ်ဆီးနဲ့ ထပ်မံစာချုပ်ဖို့ရှိနေတဲ့ အသင်းခေါင်းဆောင် ဂျွန်တယ်ရီ



ချယ်လ်ဆီးအသင်းမှာ နည်းပြဟောင်း မော်ရင်ဟို လက်ထက် ယခုနှစ် ပရီမီယာလိဂ်အစမှာ အရန်ကစားသမားဖြစ်ခဲ့ရတဲ့ ဂျွန်တယ်ရီကို ထပ်မံစာချုပ်ဖို့ ရှိပါတယ်လို့ နည်းပြ ဟစ်ဒင့်က ပြောဆိုလိုက်ပါတယ်။ အသင်းခေါင်းဆောင် ဂျွန်တယ်ရီကို ချယ်လ်ဆီးက ၁၂ လ စာချုပ်နဲ့ ခေါ်ယူထားတာပါ။ အသင်းခေါင်းဆောင် ဂျွန်တယ်ရီကို နည်းပြဟစ်ဒင့်က စာချုပ်သစ်ထပ်မံစာချုပ်ဖို့ ရှိတယ်လို့ မှတ်ချက်ပြုပြောဆိုလိုက်ပါတယ်။ ဂျွန်တယ်ရီနဲ့ ချယ်လ်ဆီးတို့ရဲ့ လက်ရှိစာချုပ်ဟာ ယခုနှစ်ရာသီအကုန်မှာ ပြီးဆုံးမှာ ဖြစ်ပါတယ်။ သို့ပေမယ့် ဂျွန်တယ်ရီရဲ့ ခြေစွမ်းကြောင့် နောက်ထပ် ၁၂ လ ထပ်မံစာချုပ်ဖွယ်ရှိနေတယ်လို့ ယာယီနည်းပြ ဟစ်ဒင့်က ဆိုပါတယ်။ အဲဗာတန်နဲ့ တစ်ဖက်သုံးဂိုးစီ သရေကျတဲ့ပွဲမှာ သူက နှစ်ဂိုးသွင်းယူခဲ့တဲ့အတွက် လာမယ့် ရာသီမှာ ထပ်မံကစားခွင့်ရဖို့ ရှိနေတယ်လို့ ဟစ်ဒင့်က ဆိုပါတယ်။ ဂျွန်တယ်ရီရဲ့ လက်ရှိခြေစွမ်းဟာ ၂၀၀၉ ခုနှစ်က ဟစ်ဒင့်ကိုင်တွယ်စဉ်ကအတိုင်း အကောင်းဆုံးကစားနိုင်တဲ့ ခြေစွမ်းကို ပိုင်ဆိုင်ထားဆဲ ရှိနေတယ်လို့ ဆိုပါတယ်။ ဂျွန်တယ်ရီဟာ ချယ်လ်ဆီးမှာ ၁၉၉၈ ခုနှစ်ကတည်းက ကစားလာခဲ့ပြီး လက်ရှိအချိန်မှာ အသက် ၃၅ နှစ်ကျော် ၃၆ နှစ်ထဲ ရောက်နေပြီလို့ ဆိုပါတယ်။ အသက်ကြီးပေမယ့် မပျက်စီးသေးတဲ့ ဂျွန်တယ်ရီဟာ အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားတဲ့အတွက် လာမယ့်ရာသီမှာလည်း ချယ်လ်ဆီးနဲ့ အတူရှိဖို့ သေချာနေပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်။

# မြူနှင်းငယ်စို လပြာသို

မောင်ခိုင်မာ
(အထက်မင်းလှ)

**မြင်းခင်းသဘင်ပွဲတော်သည် စစ်အင်္ဂါလေးပါးကို ပြသသည့်ပွဲတော် ဖြစ်သကဲ့သို့ စစ်သည်တော်တို့၏ စစ်ရေးစွမ်းရည်၊ ကြံ့ခိုင်ရေးစွမ်းရည်ကို ပြသသော ပွဲတော်လည်း ဖြစ်ပါသည်။ မြင်းစီးသူရဲကောင်းတို့သည် မြင်းပေါ်တွင်ထိုင်လျက်၊ ရပ်လျက်၊ အိပ်လျက်၊ ရှေ့ပြန်၊ နောက်ပြန် ပြုလျက် စီးပြကြကြောင်း၊ မြင်းစီးလျက်ပင် ထိပ်တွင် အလံလွှင့်ထူထားသော စက်ဝန်း "အဲမောင်း"ကို လှံဖြင့် ပစ်ခြင်း၊ သံပုရာသီးကို လှံဖျား၌ စွပ်နေအောင်ထိုးခြင်း၊ ဓားနှင့် အပိုင်းပိုင်းဖြတ်ပြခြင်း၊ ရေအပြည့်အိုးကို ခေါင်းတွင်ရွက်ကာ ထောင်ထားသော ငှက်ပျောတုံးကို ဓားဖြင့်တစ်ချက်တည်း ပိုင်းဖြတ်ပြခြင်းဟူသည့် အထူးထူးသော စွမ်းရည်များကို ပြသကြ. . .**

ပြာသိုလသည် မြန်မာ ၁၂ လတွင် ၁၀ လ မြောက်ဖြစ်ပြီး ဆောင်းဥတုတွင် ပါဝင်ပါသည်။ "ပရံအတိရေကတရံ သီတလံ ဧတ္ထာ တိပြာသို"(ပရံ အတိရေကတရံ=တစ်ပါးသောလတို့ထက် လွန်ကဲစွာ၊ ထူးစွာ၊ သီတလံ=ချမ်းအေးခြင်းသည်၊ ဧတ္ထ=ဤ ပြာသိုလ၌၊ အတ္ထိ=ရှိ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သောမာသော=ထိုလသည်၊ ပြာသို=ပြာသိုမည်၏။)ဟူ၍ မဟာဇေယသင်္ခယာ၏"ဝေါဟာရ လီနတ္ထဒီပနီ"ကျမ်းတွင် ပြဆိုထားကြောင်း တွေ့ရပါသည်။

ပြာသိုလကို ပုဂံခေတ်က ပဒသိုဝ်၊ ပါဒသိုဝ်၊ ပြသိုဝ်၊ ပြာသိုဝ်ဟု ရေးသားကြောင်း လေ့လာတွေ့ရှိရပါသည်။ ပဒသိုဝ်ဟူသော သဒ္ဒါတွင်"ပါဒ"ဟူသည်"ပျားဖယောင်း" ဟုလည်းကောင်း၊ "သိုဝ်"ကို သိုလှောင်ခြင်း ဟုလည်းကောင်း၊ ပုဒ်ရင်းရသဖြင့် "ပြာသိုလ" ဟူသည် ပျားဖယောင်းစုဆောင်းသိုလှောင်၍ အရနိုင်ဆုံးသောလဖြစ်သည်ဟု အဓိပ္ပာယ်ရကြောင်း ဦးဖိုးလတ်က ဆိုပါသည်။ လေ့အသင်းအတွင်းဝန်မင်းကလည်း "ပြာသို"ဟူသည် သက္ကတအားဖြင့် "ပေါသျှိ" မှလာကြောင်း၊ "ပေါသျှိ"ဟူသည် ဖုသျှနက္ခတ်ဖြစ်ကြောင်း၊ ပြာသိုလ"မကာရ" ရာသီတွင် "ဖုသျှနက္ခတ်"နှင့်ယှဉ်၍ လပြည့်သည်ကိုအကြောင်းပြု၍ ပြာသိုလဟု ခေါ်ဆိုကြောင်း ဖွင့်ဆိုပြပါသည်။ သင်္ကြိုဟ်ဘာသာ၌ မကာရရာသီတွင် ဖုသျှနက္ခတ်နှင့်ယှဉ်သော လပြည့်နေ့ကို ပေါဗီ ခေါ်ကြောင်း၊ ထိုမှ ပါဠိဘာသာ ပြာသိုလ ဟောပေါသီသို့ သက်ကြောင်း၊ ပေါသီကိုပင် ကာလရှည်ကြာသဖြင့် ပြောသီ၊ ပြာသိုဟုခေါ်ဝေါ်ကြောင်း ဖော်ပြထားပါသည်။

ဗေဒင်အခေါ်အားဖြင့် ပြာသိုလကို မကာရ ရာသီဟုခေါ်ပါသည်။ လက်တင်အခေါ်အားဖြင့်"ကက်ပရီကောနပ်စ်" (Capricornus)ဟုခေါ်ပါသည်။ မကာရရာသီတွင် ဖုသျှနက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ကာမွန်းတည့်သည်။ နေမင်းသည် ဥတ္တရာသန်နက္ခတ်နှင့် ယှဉ်ပြိုင်သည်ဟု ဆိုပါသည်။ ရာသီရုပ်ပုံမှာ သမင်မျက်နှာရှိသော မကန်းငါး၊ ဆိတ်ချိုဖြစ်သည်။ မြန်မာလများကို ရာသီရုပ်ဖြင့်ခွဲ၍မခေါ်ဘဲစန်းယှဉ်နက္ခတ်ကိုသာ ခွဲ၍ခေါ်ဝေါ်သဖြင့် နက္ခတ် ၂၇ လုံးကို ၁၂ ရာသီနှင့်ဝေပုံကျခွဲလိုက်သောအခါ တစ်ရာသီလျှင် နက္ခတ်လုံးရေ (၂၃/၄) ရသည်။ နက္ခတ်တစ်လုံး၌ လေးပါဒ်ရှိသောကြောင့် တစ်ရာသီလျှင် နက္ခတ်နှစ်လုံး တစ်ပါဒ်ရှိကြောင်း၊ သို့အတွက်ပြာသိုလ၏ နက္ခတ်များမှာ"ပုဏ္ဏဗသုနက္ခတ်နှင့်၊ လပြည့်စန်းယှဉ်နက္ခတ်မှာ"ဖုသျှ"နက္ခတ်ဖြစ်ကြောင်း၊ လအလိုက်နက္ခတ်များကို ကြယ်စုကိုးစုခွဲခြား၍ တာရာအဖြစ်ဖြင့် ပြဆိုသောအခါ၊ "ဖုသျှနက္ခတ်၊ ပုဏ္ဏဗသုနက္ခတ်နှင့် တပို့တွဲလ၏ အသလိဿနက္ခတ်နှင့် မာဃနက္ခတ်" တို့သည် ပုစွန်တာရာတွင်ပါဝင်ကြောင်း ဆရာကြီးမောင်ထင်က ဆိုပါသည်။

မြန်မာပြက္ခဒိန်တွင် သာမန်နှစ်၊ ဝါငယ်ထပ်နှစ်နှင့် ဝါကြီးထပ်နှစ်ဟူ၍ရှိရာ၊ ရက်စုံကွယ်သော ပြာသိုလတွင်၊ ဝါငယ်ထပ်နှစ်နှင့် ဝါကြီးထပ်နှစ် နှစ်နှစ်စလုံးတွင် ရက် ၃၀ ရှိပါသည်။ ပြာသိုလသည် ဆောင်းဥတု၏ အလယ်ဖြစ်သောကြောင့် ဆီးနှင်းထူထပ်ပြီး အအေးဓာတ်လွန်ကဲသော လတစ်လဖြစ်ပါသည်။ ထို့ပြင် နေ့နာရီအားဖြင့် ၂၄ နာရီ၊ ညနာရီ ၃၆ နာရီရှိသဖြင့် ညတာ အရှည်ဆုံးလလည်း ဖြစ်ပါသည်။ ဤသည်ကို ရည်ညွှန်း၍ဦးယာ၏ဆယ့်နှစ်ရာသီလူးတား ပြာသိုလတွဲ့တွင်-

"တထွေဆန်းစ၊ မကာရ ဟု
စရရာသီ၊ နာရီ နှစ်ခန်း
ချင့်မှန်းတိုင်းထွာ၊ နေ့မှာနှစ်ဆယ်
စွန်းကယ်ဇယ၊ ညဥ့်သို့ကျသော်
ဆနှင့်တြိန်း၊ ကိန်းခန်းသချာ်
တစ်သိန်းသာ၍၊ စွန်းပါငါးသောင်း
အပေါင်းသည်မျှ၊ ဓာတ်အိမ်ပြလျက်
နှင်းကျမှိုင်းရီ၊ ပထဝီ"ဟု
ရာသီစရ၊ ပြာသိုလတွင်" ဟူ၍ ဖွဲ့ဆိုပြထားပါသည်။ နေထွက်နေဝင်ကို ကြည့်လျှင်လည်း ပြာသိုလတွင် နံနက် ၇ နာရီ ၁၂ မိနစ်တွင် နေထွက်ပြီး ညနေ ၄ နာရီ ၄၈ မိနစ်တွင် နေဝင်သည်။ (မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၇ တွင်- နံနက် စက်နာရီ ၆ နာရီ ၃၈ မိနစ်တွင် နေထွက်၍ ညနေ စက်နာရီ ၅ နာရီ ၄၁ မိနစ်တွင် နေဝင်သည်။)ဟု ပြဆိုထားပါသည်။

ပြာသိုလတွင် ရက်ရာဇာမှာ "ကြာသပတေးနှင့် စနေနေ့များ" ဖြစ်ပြီး၊ ပြဿဒါးမှာ "ဗုဒ္ဓဟူးနှင့် သောကြာနေ့များ" ဖြစ်ပါသည်။ နဂါးလှည့်မှာ တောင်အရပ်ဖြစ်ပါသည်။ ရာသီပန်းမှာ "ခွာညိုပန်း" ဖြစ်ပါသည်။ ထို့ကြောင့် ငါးစီးရှင်ကျော်စွာ၏ "မြင်စိုင်းရွှေပြည်" ကာချင်းတွင် "နွယ်ပန်းခွာညိုပွင့်ပေလို၊ ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်" ဟူ၍ လည်းကောင်း ၊ ဖိုးသူတော်ဦးမင်းက

"ငွေသော်တာ စန္ဒနှင့်၊ ဖုသျှတဲ့လမ်းဆုံ။
တိမ်လွှာမှာ ရောင်ဝါကျင်းလို့
ထိန်ဝင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ။
တသိန်ဂုဏ်၊ မြိုင်စုံမြနန်း။
နုစိမ်းစိုစိုနှင့်၊ ပန်းခွါညို ငုံတံထူးတယ်
ဖူးပွင့်ချက်ဆန်း။" ဟူ၍ လည်းကောင်း စပ်ဆိုထားပါသည်။

ရာသီပွဲတော်မှာ မြင်းခင်းသဘင်ဖြစ်ပါသည်။ မြူနှင်းငယ်စို လပြာသိုတွင် ရှေးမြန်မာဘုရင်များလက်ထက်က မြင်းခင်းသဘင် ကျင်းပသောအခါ မှူးသား၊ မတ်သား၊ မင်းသား၊ မင်းမြေးတို့အားလုံးသည် မိမိတို့ရရှိထားကြသော အဆောင်အယောင်၊ အဆင်တန်ဆာများကို ဝတ်စားဆင်ယင်ကြ၍ ဆင်ရေး၊ မြင်းရေး၊ သေနတ်ရေး၊ လှံရေး၊ လေးရေး၊ ဓားရေး၊ အခုန်၊ အပြေး စသည်ဖြင့် အမျိုးမျိုးစွမ်းရည်ပြကြကြောင်းနှင့် မြင်းခင်းသဘင်တွင် ဝတ်ဆင်ရသည့် အဝတ်တန်ဆာနှင့် ကစားသူတို့၏ အမူအရာတို့ကို ၁၂ ရာသီဘွဲ့ "ပြာသိုညက်စင်" ချီရတုတွင်-

"ဝေဝေဆီးနှင်း၊ ချမ်းဘိခြင်းကို
မြင်းခင်းထွက်ဆဲ၊ စက်ထိုးပွဲမှာ
နွဲကာ နွဲကာ။
ရိန္ဒမာပျံ၊ စကြာလှံနှင့်
ကေဆံမသိမ်း၊ အားယူတိမ်း၍
ဖဲစိမ်းဝတ်လုံ၊ ရင်စီးခြုံလျက်
ထောင်ပုံရာထဲ၊ ချက်တိုင်းစွဲအောင်
ဖန်လဲမည်ဖြိုး၊ မောင်းရင်းကိုး၍
မထိုးစေရ. . .။" ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

မြင်းခင်းသဘင်ပွဲတော်သည် စစ်အင်္ဂါလေးပါးကို ပြသသည့်ပွဲတော် ဖြစ်သကဲ့သို့ စစ်သည်တော်တို့၏ စစ်ရေးစွမ်းရည်၊ ကြံ့ခိုင်ရေးစွမ်းရည်ကို ပြသသော ပွဲတော်လည်း ဖြစ်ပါသည်။ မြင်းစီးသူရဲကောင်းတို့သည် မြင်းပေါ်တွင်ထိုင်လျက်၊ ရပ်လျက်၊ အိပ်လျက်၊ ရှေ့ပြန်၊ နောက်ပြန် ပြုလျက် စီးပြကြကြောင်း၊ မြင်းစီးလျက်ပင် ထိပ်တွင် အလံလွှင့်ထူထားသော စက်ဝန်း "အဲမောင်း"ကို လှံဖြင့် ပစ်ခြင်း၊ သံပုရာသီးကို လှံဖျား၌ စွပ်နေအောင်ထိုးခြင်း၊ ဓားနှင့် အပိုင်းပိုင်းဖြတ်ပြခြင်း၊ ရေအပြည့်အိုးကို ခေါင်းတွင်ရွက်ကာ ထောင်ထားသော ငှက်ပျောတုံးကို ဓားဖြင့်တစ်ချက်တည်း ပိုင်းဖြတ်ပြခြင်း ဟူသည့် အထူးထူးသောစွမ်းရည်များကို ပြသကြသည်ဟု သိရှိရသည်။ အအေးဓာတ်လွန်ကဲသော ပြာသိုဆောင်းလလယ်တွင် ယခုကဲ့သို့ မြင်းခင်းသဘင်ပွဲ ကျင်းပသည်မှာ ရှေးမြန်မာမင်းတို့၏ လွန်စွာသဘောကျသော အယူအဆတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခုခေတ်တွင်မူ မြင်းခင်းသဘင်ပွဲ မရှိတော့ပေ။ တိမ်ကောသွားပြီ ဖြစ်၏။ မြင်းခင်းသဘင်အစား အားကစားပွဲတော်များ၊ ကိုယ်လက်လှုပ်ရှားမှုများ၊ စုပေါင်းလမ်းလျှောက်ပွဲများဖြင့် အစားထိုးသည်ဟု မှတ်ယူရပေသည်။ ယခုနှစ် ၁၃၇၇ ခုနှစ် ပြာသိုလသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် (တနင်္ဂနွေနေ့) မှ ဖေဖော်ဝါရီလ ၈ ရက် (တနင်္လာနေ့) အထိ ဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

# လူကြိုက်များ၍ ဈေးကွက်ဝင်နေဆဲ ကုက္ကိုခွမြေအိုးများ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၉**

တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာမှပြုလုပ်သော မြေသောက်ရေအိုးများသည် အရည်အသွေးကောင်းမွန်သောကြောင့် နာမည်ကျော်ပြီး မကွေးမြေထည် ဈေးကွက်တွင်း၌ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကုက္ကိုခွကျေးရွာသည် ဗိဿနိုးမြို့ဟောင်းအနီးတွင် တည်ရှိပြီး ရွာခံပြည်သူများသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည့် သမိုင်းအစဉ်အလာလည်း ရှိခဲ့သည်။

အိုးလုပ်ခြင်း အတတ်ပညာကို ပျူခေတ်ကတည်းကပင် ကျွမ်းကျင်နိုင်နင်းသော အရပ်ဒေသဖြစ်ကြောင်း ဗိဿနိုးမြို့တော်ဟောင်းဧရိယာ အနီးအနားတစ်ဝိုက်မှ တူးဖော်ရရှိသော မြေအိုး၊ အရိုးအိုးနှင့် မြေဆီမီးခွက်များကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ ဗိဿနိုးမြို့ဟောင်း ဧရိယာအတွင်းရှိ အိုးသိန်းတောင်(ဒေသအခေါ်) အိုးထိန်းတောင် ရှေးဟောင်းတောင်ကုန်းတွင် တိရစ္ဆာန်ရုပ်၊ ပန်းကနုတ်သဏ္ဌာန်နှင့် ဖောင်းရစ်တန်ဆာ ဖော်ထားပြီး အိုးထိန်းစက်ဖြင့် ပုံသွင်းထားသော အိုးများကို တွေ့ရ၍ ရှေးပျူခေတ်ကပင် အိုးလုပ်သည့် အတတ်ပညာထွန်းကားခဲ့ကြောင်းလည်း သိနိုင်သည်။

အိုးလုပ်ငန်းအတတ်ပညာ ဖွံ့ဖြိုးခဲ့သည့် ဗိဿနိုးမြို့ဟောင်းအနီးရှိ ကုက္ကိုခွကျေးရွာမှ ပြုလုပ်သော မြေသောက်ရေအိုးများ သည်လည်း မကွေးမြို့ သောက်ရေအိုးဈေးကွက်တွင် ရှေးကတည်းကပင် နာမည်ရခဲ့ကာ ယနေ့တိုင်လည်း ကုက္ကိုခွကျေးရွာမှ မြေအိုးများသည် ဈေးကွက်ဝင်နေဆဲဖြစ်သည်။

ယခုအခါ ကုက္ကိုခွကျေးရွာတွင် ယခင်ကကဲ့သို့ မြေအိုးလုပ်ငန်းလုပ်ကိုင်သူ မရှိတော့ဘဲ နည်းပါးသွားခဲ့သော်လည်း မိသားစု တစ်ပိုင်တစ်နိုင်လုပ်ကိုင်သော ရိုးရာလုပ်ငန်းအဖြစ် ထိန်းသိမ်းလုပ်ကိုင်လျက်ရှိသည်။ မြေအိုး၊ မျှအိုး၊ ညောင်ရေအိုး၊ ဟင်းချက်အိုးများကို အဓိကထုတ်လုပ်ကြသည်။

အိုးလုပ်ရာတွင် မြေနီနှင့်မြေနက်ကို အချိုးကျရောစပ်၍ တစ်ညရေစိမ်ထားရသည်။ ထို့နောက် သဲကြမ်းရောနှောပြီး အောက်ခံနွားသားရေပေါ်တင်ကာ လက်၊ ခြေထောက်တို့ဖြင့် နယ်ရသည်။ ထို့နောက် လက်ဖြင့် အတုံးတုံးကာ စက်ပြင်ပေါ်တွင် လိုချင်သည့် အိုး၊ ပန်းအိုးသဏ္ဌာန် ပုံဖော်ပြုလုပ်၍ နေပြပြီး အိုးဖိုတည်ကာ အိုးဖုတ်ရသည်။ တစ်ခါဖုတ်လျှင် အလုံးရေ ၅၀၀ မှ ၁၀၀၀ အထိ လိုအပ်သလောက် ဖုတ်နိုင်ပြီး လောင်စာအဖြစ် ထင်းအပြင် နွားချေးခြောက်နှင့် ကောက်ရိုးတို့ကိုလည်း သုံး၍ရကြောင်း၊ တစ်ရက်လျှင် အိုး ၂၀၀ ခန့် ပြုလုပ်ပြီးစီးနိုင်ကြောင်း သိရသည်။

"ကျွန်မတို့ မိဘဘိုးဘွားလက်ထက်ကတည်းက အိုးဖုတ်လုပ်ငန်းကို တစ်ရွာလုံးလုပ်ခဲ့ပေမယ့် သားတွေ မြေးတွေ လက်ထက်မှာ စိတ်ဝင်တစား လုပ်ကိုင်တာ နည်းပါးလာတယ်။ ဒါပေမယ့် ခေတ်တွေဘယ်လိုပဲ တိုးတက် ပြောင်းလဲလာပါစေ။ မြေသောက်ရေအိုးကို အသုံးပြုတဲ့ မြန်မာ့ဓလေ့ကတော့ ပျောက်ကွယ်သွားမှာမဟုတ်ဘူး"ဟု ကုက္ကိုခွကျေးရွာမှ ဒေသခံ အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

ကုက္ကိုခွကျေးရွာမှ မြေအိုးများကို မကွေးမြို့သို့ ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် တင်ပို့ရောင်းချလျက်ရှိပြီး သောက်ရေအိုးတစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀ အထိနှင့် ပန်းအိုးတစ်လုံးလျှင် ကျပ် ၅၀၀၊ မျှအိုးတစ်လုံးလျှင် ကျပ် ၁၀၀ မှ ၁၅၀ အထိ ဈေးနှုန်းရရှိကြောင်း သိရသည်။ အိုးများကို မကွေးမြို့ ဈေးကွက်သို့ အဓိကတင်ပို့ပြီး တောင်တွင်းကြီး၊ မကွေး၊ မင်းဘူးမြို့များတွင် အကြိုက်တွေ့ကာ အသုံးများနေဆဲဖြစ်ကြောင်း သိရသည်။



**ကျော်စွာ(မကွေး)**

# ဟုမ္မလင်းမြို့ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်

**ဟုမ္မလင်း ဇန်နဝါရီ ၁၉**

ဟုမ္မလင်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ရုပ်သံအစီအစဉ်ထုတ်လွှင့်မှုများကို အန်နာလော့ဂ်စနစ်မှ ဒီဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရန်အတွက် ဒီဂျစ်တယ်နည်းပညာ ရုပ်သံလွှင့်စက် DVB-T2 600 W စက်နှင့် FM ရေဒီယို 150 W လွှင့်စက်များကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ တပ်ဆင်ခဲ့ကြောင်း သိရသည်။

လွှင့်စက်သစ်များကို Ntegrat or ကုမ္ပဏီမှ တာဝန်ရှိသူ ဦးသန်းလင်းထက် ဦးဆောင်သည့်အဖွဲ့က လာရောက် တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒီဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်မှုကို ဟုမ္မလင်းမြို့နယ်အတွင်းမှ ဖမ်းယူရရှိနိုင်ရေးအတွက် စမ်းသပ်ထုတ်လွှင့်မှုများကိုလည်း ဇန်နဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လိုင်းလင်းမူ(ပြန်/ဆက်)**

# ဗိဿနိုး-ရွှေရောင်တော်ဘုရား ကတ္တရာလမ်းသစ် ဖွင့်လှစ်



**တောင်တွင်းကြီး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုး-ရွှေရောင်တော်ဘုရား ကတ္တရာလမ်းသစ်ဖွင့်ပွဲကို (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအနီး ပတ်ဝန်းကျင်ကျေးရွာများ၌ လမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဗိဿနိုး-ရွှေရောင်တော်ဘုရား ကတ္တရာလမ်းသစ်ကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၁၇ သန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗိဿနိုး-ရွှေရောင်တော်ဘုရားလမ်းသည် အရှည် ၁ ဒသမ ၆ မိုင်၊ အကျယ် ၁၈ ပေရှိပြီး မကွေး-တောင်တွင်းကြီး ကားလမ်းမကြီးနှင့် ဆက်သွယ်ထားသည့်လမ်းလည်းဖြစ်ကြောင်း သိရသည်။

လမ်းဖွင့်ပွဲတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ခရိုင်ဦးစီးမှူး ဦးကျော်ဇောဟိန်းနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ဗိဿနိုးမြို့ဟောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဖွင့်လှစ်သည့် ဗိဿနိုး-ရွှေရောင်တော်ဘုရား ကတ္တရာလမ်းသစ်အပါအဝင် ကျေးလက်လမ်း ၁၆ ခုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၄၈ ဒသမ ၂၈ သန်းဖြင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝ၂၁)**

# သီပေါ သဘာဝရေပူစမ်းသို့ လာရောက်သူ များပြားနေ



**သီပေါ ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်း ယခုရက်ပိုင်းတွင် အပူချိန်လျော့နည်းပြီး အအေးပိုလာသဖြင့် ကြံခင်းကျေးရွာရှိ သဘာဝရေပူစမ်းသို့ လာရောက်လည်ပတ်ကာ ရေပူချိုးကြသူများ များပြားလာလျက်ရှိကြောင်း သိရသည်။

ကြံခင်းရေပူစမ်းသည် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးမှ ကြံခင်းရွာသို့ ငါးမိနစ်ခန့်ဝင်ရသော လမ်းတွင်ရှိသည်။ အဆိုပါရေပူစမ်းတွင် သဘာဝအလျောက် စိမ့်ထွက်လာသော ရေပူများကို အလျားပေ ၃၀၊ အနံ ၁၅ ပေ၊ အနက် ၄ ပေရှိ အုတ်ရေကန်ကြီးဖြင့် သိုလှောင်ထားကာ ရေဝင်ရေထွက်နှင့် အမျိုးသား၊ အမျိုးသမီးများချိုးရန် ကန်နှစ်ခု ထားရှိပေးထားသည်။

သဘာဝရေပူကို စိမ်ချိုးခြင်းကြောင့် ယားယံခြင်းနှင့် ညောင်းညာကိုက်ခဲခြင်းများ ပျောက်ပြီး လန်းဆန်းစေသဖြင့် လာရောက်ရေချိုးကြကြောင်း၊ ယခုရက်ပိုင်းတွင် ရေချိုးရန်လာရောက်သူ ပိုများလာပြီး တစ်ရက်လျှင် ၂၀၀ ထက်မနည်းရှိကာ ညအိပ်ညနေ စခန်းချလာရောက်သူများလည်း ရှိကြောင်း၊ ရေချိုးသူများထံမှ တစ်ဦးလျှင် ၂၀၀ ကျပ်ကောက်ခံပြီး ရရှိသော ရန်ပုံငွေဖြင့် ရေပူစမ်း ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အမေနေ့အထိမ်းအမှတ် ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲ ဆုများထုတ်ပြန်ကြေညာ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးမြို့၌ အကြိမ်(၂၀)မြောက် အမေနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အလွတ်တန်းကဗျာပြိုင်ပွဲနှင့် ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ဇန်နဝါရီ ၁၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အလွတ်တန်းကဗျာပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု ခန့်ဝေး၊ ဒုတိယဆု နေထက်ထွန်း(ကန့်ဘလူ)၊ တတိယဆု မိုးစနေတို့ဖြစ်ပြီး နှစ်သိမ့်ဆုသုံးဆုကို အထဝါစိုး(မန္တလေး)၊ မာန်မြင့်မိုရ်မင်းနှင့် ဆွေဇင်မြင့်ဝင်း(ပညာရေး)တို့က ရရှိသည်။

အလွတ်တန်း ဝတ္ထုတိုပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု တင်ရီမ(ညောင်ဦး)၊ ဒုတိယဆု စံထိုက်သူနှင့် တတိယဆု တွင်းသားကြီးတင်ဝင်းဦးတို့ဖြစ်ပြီး နှစ်သိမ့်ဆု ၁၂ ဆုကို သက်နိုင်(ပြင်ဦးလွင်)၊ မောင်နန်းထက်(ဟသ်ာတ)၊ နေခြည်၊ ထန်းတပင်စန်းလွင်၊ ကြိုင်လှိုင်မြင့်၊ စံရတီ၊ ယုယုမော်(စစ်ကိုင်း)ကြူတာထွန်း၊ ခင်မိုးခင်၊ ဇေကရီဝိုင်း၊ ကိုချို(မြကိုင်း)နှင့် ဟသ်ာတမိုးကျော်တို့က ရရှိကြောင်း သိရသည်။

ဆုရရှိသူများကို ဇန်နဝါရီ ၂၄ ရက်(ပြာသိုလပြည့်နေ့)တွင် မန္တလေး ပရိယတ္တိသာသနာ့ဟိတအသင်းကြီး ဦးလှသိန်းဗိမာန်၌ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## သတင်းတို

### ညောင်တုန်းမြို့ပတ်တာ ပြန်လည်ပြုပြင်ရန် တိုင်းတာမှုများ စတင်ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းမြို့ပတ် ရေကာတာကို ပြန်လည်ပြုပြင်ရန်အတွက် တိုင်းတာမှုလုပ်ငန်းများကို ဇန်နဝါရီ ၁၈ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။ မြို့ပတ်တာ ပြန်လည်ပြုပြင်ရန်အတွက် တာနှင့် မြစ်နှုတ်ခမ်း အကွာအဝေး တိုင်းတာခြင်း၊ မြေတိုင်းတာခြင်း၊ တုန်နှုန်းတိုင်းတာခြင်းနှင့် မြေအနက်တိုင်းတာခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)နှင့် ဆည်မြောင်းဦးစီးဌာန ဘူမိဗေဒဌာနတို့က ဆောင်ရွက်လျက်နေခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**စစ်တွေ ဇန်နဝါရီ ၁၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်(ဆင့်ပွား)သင်တန်း အမှတ်(၁/၂၀၁၆) ဖွင့်ပွဲကို ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းသို့ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်များရှိ မြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးများ၊ ချင်းပြည်နယ် ပလက်ဝမြို့နှင့် ဆမီးမြို့တို့မှ မြို့နယ်ဦးစီးမှူးများ စုစုပေါင်း သင်တန်းသားသင်တန်းသူ ၁၃ ဦး တက်ရောက်ခဲ့ကာ သင်တန်းတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်တွေ၊ မောင်တောနှင့် မြောက်ဦးခရိုင်ဦးစီးမှူးများက ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲနည်း၊ ငွေစာရင်းထိန်းသိမ်းနည်း၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲနည်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ သတင်းမီဒီယာ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေ စသည့်ဘာသာရပ်များကို ပို့ချမည်ဖြစ်ကာ သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည် ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**



**စာအုပ်စာပေ လူ့မိတ်ဆွေ**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
Internet Setting ကို ဘယ်လိုသတ်မှတ်ပေးမလဲ ?
ခုဆို ဆွေသဟာ အင်တာနက်က ဈေးနှုန်းကလည်း သက်သာသွားပြီ.. မြန်နှုန်းကလည်းမြင့်တယ်ဆိုတော့ ဆွေသဟာနဲ့ အင်တာနက်သုံးဖို့ ဘာတွေ လုပ်ရအုံးမလဲ
အင်တာနက်စတင်အသုံးပြုလို့ရနိုင်ဖို့ဆိုရင် ဟန်းဆက်တွေမှာ APN Setting သတ်မှတ်ပေးဖို့ လိုပါတယ်
ဒါဆို အဲ့ဒီ APN Setting ကို ဘယ်လိုသတ်မှတ်ပေးရမှာလဲ
APN Setting သတ်မှတ်ပေးဖို့အတွက် အရင်ဆုံး ဖုန်းရဲ့ Setting ထဲကိုသွားရမယ်၊ နောက်ပြီး Mobile Networks ထဲကိုဝင် အဲ့မှာ Access Point Names ဆိုတာ ရှိတယ်လေ၊
Access Point Names
New APN ဆိုတာလေးကို နှိပ်ပြီးတော့ Name နေရာမှာ mptnet ဒါမှမဟုတ် ကြိုက်ရာ နာမည်တစ်ခုပေးပြီး APN နေရာမှာ mptnet လို့သတ်မှတ်လိုက်မယ် ဆိုရင်တော့ MPT ရဲ့အင်တာနက်ဝန်ဆောင်မှု စတင် အသုံးပြုလို့ ရတော့မှာပါ၊
New Access Point
Name Any Name
APN mptnet
ကျေးဇူးပဲ.. ခုဆို ဆွေသဟာနဲ့ အင်တာနက် မြန်မြန်သုံးနိုင်တော့မယ်..
Background Data ကိုဘယ်လိုပိတ်ထားမလဲ ?
ဆွေသဟာက အင်တာနက်ကတော့ မြန်ပါရဲ့ဒါပေမယ့် Data အရမ်းစားတာပဲ၊ အင်တာနက်ဖိုးတွေ သိပ်ကုန်တယ်၊
ဟုတ်လား.. နင့်ဖုန်းထဲမှာ ရှိသမျှ Application တွေရဲ့ Background Data တွေ အလိုလို Update လုပ်နေလို့ ဖြစ်မှာပေါ့, ကိုယ်က မသိပေမယ့် ဖုန်းက အလိုလို Update လုပ်နေတယ်ဆိုရင် အင်တာနက်ဖိုးက ပိုကုန်တယ်လေ၊
ဒါဆို Background Data ကို ဘယ်လိုပိတ်ရမလဲ ပြောပြပေးပါအုံး
Internet Background Data ပိတ်ဖို့အတွက်ဆိုရင်တော့ Android ဖုန်းတွေမှာ application တစ်ခုစီရဲ့ data တွေကို လိုက်ပိတ်ရမှာ၊ ပိတ်နည်းကတော့ Setting ထဲကို သွားလိုက်ပါ... နောက်ပြီး Application → Application Manager → Select App →Disable ဆိုပြီး အဆင့်ဆင့် လုပ်ရတယ်လေ..၊
ဒါဆို iOS ဖုန်းသုံးတဲ့သူတွေ အတွက်ကရော
iOS ဖုန်းသုံးတဲ့သူတွေအနေနဲ့ကတော့ Setting → General → Background Application Refresh ဆိုပြီး အဆင့်ဆင့် လုပ်ဆောင်လိုက်မယ်ဆိုရင် Background Internet Data ကို ပိတ်လို့ရသွားမှာပေါ့..
ကိုယ်သုံးသလောက်ပဲ ကိုယ်ပေးပြီး အင်တာနက်ကို တန်အောင်သုံးဖို့ Background Data ကို ပိတ်ထားကြဖို့ မမေ့နဲ့နော်
MPT
(Handset တစ်ခုနှင့် တစ်ခု Setting ပြုလုပ်ပုံချင်း ကွဲပြားနိုင်ပါသဖြင့် နီးစပ်ရာ MPT ဆိုင်များတွင် အကူအညီရယူနိုင်ပါသည်)
ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။
CALL CENTER 106
အသေးစိတ်သိရှိလိုပါက mptofficialpage www.mpt.com.mm
free hotline, 24 hours everyday

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## ရှင်ပြုရဟန်းခံဝယ်ယူလှူဒါန်းရန်

## မြတ်စေတနာသင်္ကန်းပရိက္ခရာတိုက် (စစ်တွေမြို့)မှာ

ပစ္စည်းမှန် ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးနေပါသည်
အလှူတော်မင်္ဂလာဖိတ်စာနှင့် လက်ဆောင်ယပ်တောင်များရနိုင်ပါသည်
ပင်ရင်း-အမှတ် ၃၅၊ မဏိပူရလမ်း၊ ရဲနွယ်စုရပ်ကွက်၊ လောကနန္ဒာစေတီမြောက်ဖက်၊ စစ်တွေမြို့၊
ဖုန်း ၀၄၃-၂၂၄၈၃၊ ၀၉-၃၆၁၇၃၄၆၈

## No-1

## (ဂ)ပေါက် စက်အုတ်

အရည်အသွေးမြင့်
အထူးအာမခံအုတ်များ
လက်လီလက်ကား
ရောင်းချပေးနေပါသည်
ဆက်သွယ်ရန် (ရုံး)
ဖုန်း-၀၉-၉၆၈၇၉၈၂၀၀၊
၀၉-၇၈၈၁၆၁၁၂၂၊
၀၉-၇၈၈၁၆၁၁၃၃၊
(စက်ရုံ) ဖုန်း-၀၉-၉၇၀၁၆၁၁၂၂၊
၀၉-၉၇၀၁၆၁၁၃၃








## နှစ်ပတ်လည်နေ့အခမ်းအနားဖိတ်ကြားခြင်း

သူငယ်ချင်းတို့ -

ငါတို့ စစ်တက္ကသိုလ်အမှတ်စဉ်(၄၅)ရဲ့ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ၂၃-၁-၂၀၁၆ (စနေနေ့)တွင် အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ချီးမြှင့်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများလှူဒါန်းခြင်း**

နံနက်ပိုင်း - နံနက် (၁၀)နာရီမှ (၁၂)နာရီအထိ
စမ်းချောင်းကျောင်းတိုက်၊ စမ်းချောင်းကျောင်းလမ်း၊ (၈)မိုင်ကုန်းမြင့်သာ၊ မရမ်းကုန်းမြို့နယ်။

**တပ်မတော်ဆေးရုံသို့ အလှူငွေပေးအပ်လှူဒါန်းခြင်း**

နေ့လည်ပိုင်း - နေ့လည် (၁၂)နာရီမှ (၂)နာရီအထိ
တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည်သန် စွမ်းရေးဆေးရုံ ကုတင်(၃၀၀) မင်္ဂလာဒုံ

**နှစ်ပတ်လည်နေ့အထိမ်းအမှတ်စုံညီညစာစားပွဲ**

ညပိုင်း - ညနေ(၆)နာရီမှ (၉)နာရီအထိ
M 3 Food Centre၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။

နှစ်ပတ်လည်နေ့ဖြစ်မြောက်ရေးကော်မတီ
ဖုန်း ၀၉-၃၁၁၁၁၁၄၅၊ ၀၉-၄၉၂၂၂၂၃၄၊ ၀၉-၄၂၀၀၀၂၇၁

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/2145 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/1465 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား (၁)ချပ်ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၇၈၁၇ Jianshe 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Bio Sys Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ အမှတ်(၅)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆)လမ်း၊ အမှတ်(၅/၁၂၅)၊ အကျယ်အဝန်း (၂၅ပေ×၅၀ပေ) အကျယ်ရှိ ဦးကျင်ရွှေ GBK-၀၁၈၃၀၈ အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျင်ရွှေ (GBK-၀၁၈၃၀၈)ထံမှ အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သည့် ဦးမရန်မုန်ဂျွန်း ၁/မကန(နိုင်)၁၀၀၀၂၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေနှင့်အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဇော်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၃)**
**U Aung Zaw Myo Law Firm**
**အမှတ် ၅၀(မြေညီထပ်)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၂၃၁၊ ၀၉-၉၇၅၁၈၄၂၃၁၊ ၀၉-၇၈၅၁၈၄၂၃၁၊ ၀၉-၈၆၁၄၅၁၂၊ ၀၁-၂၄၂၇၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၁)၊ ဦးပိုင်အမှတ် (၅၉၊ ၁၂၁)၊ ဧရိယာ(၁၂.၈၅)ဧကရှိ ကိုအိနှင့်ဒေါ်မြညွန့်အမည်ပေါက် ဓနိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်စန်းစန်း (၁၃/လရန (နိုင်) ၁၉၅၉၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်အေးမြမွန် (LL.B, LL.M)**
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၃၁၇ ၆၅၀ ၁၇

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးအောင်သန်း-(ဒေါ်သန်းထွေး)တို့၏သား မောင်စည်သူအောင် ၇/ပတန(နိုင်)၁၃၁၉၄၀ သည် ဖခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ဖခင်အပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားသည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များသည် မိဘ ညီအစ်ကိုမောင်နှမများနှင့် လုံးဝ မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဖခင်-ဦးအောင်သန်း ၇/ပတန(နိုင်)၀၃၁၅၆၂**
**လမ်းမတော်လမ်း၊ ရတနာပုံရပ်ကွက်၊ ဥသျှစ်ပင်မြို့**


နှစ်ဆအထိရဖို့ ငွေဖြည့်ကြစို့
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊ ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ် ဆိုရန်နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။ အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
ငွေဖြည့်ပမာဏ
အပိုလက်ဆောင်
၁,၀၀၀ ကျပ်
၂၀၀ ကျပ်
၃,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## မေတ္တာဖြင့်အပိုင်ပေးကမ်းသည့် ၂၈-၁၂-၂၀၁၅ ရက်စွဲပါစာချုပ်အားဖျက်သိမ်းကြောင်း ဦးမျိုးစည်သူအောင် ၁၂/ဒပန(နိုင်)၀၅၄၇၄၀ နှင့် ဒေါ်မိုးသူသူအောင် ၁၂/ဒပန(နိုင်)၀၅၄၇၉၆ နှင့်

## အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ဇေယျာသီရိရပ်ကွက်၊မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ် (၁၅၀)၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၄၀၁)ဟုခေါ်တွင်သည့် အလျားပေ ၅၀× အနံ ၂၅ပေရှိ မြေကွက်ပေါ်တွင် မြေပိုင်ရှင်ဒေါ်သိန်းလှက ကန်ထရိုက်တာ ဦးစံမြင့်တို့အဖွဲ့နှင့် နှစ်ခန်းတွဲ၊ ငါးထပ်တိုက်အဆောက်အအုံကို အခန်းပေးအခန်းယူစနစ်အရ ဆောက်လုပ်ခဲ့ရာ အဆိုပါ အဆောက်အအုံမှာ ယခုအခါဆောက်လုပ်ပြီးစီးပြီဖြစ်၍ မြေပိုင်ရှင် ဒေါ်သိန်းလှက ခေါင်းရင်းဘက်အခြမ်းတွင် တိုက်ခန်းငါးခန်း အသီးသီးရရှိခဲ့ပါသည်။

၂။ မြေပိုင်ရှင် ဒေါ်သိန်းလှမှာ နာမကျန်းဖြစ်နေ၍ သမီးအငယ်ဆုံး မနှင်းယုခိုင်နေအိမ်၌ အတူရှိနေစဉ် ၂၈-၁၂-၂၀၁၅ ရက်က သမီးအကြီး ဒေါ်နီနီရွှေရောက်ရှိလာပြီး အသက် (၈၃)နှစ်အရွယ်ရှိမိခင် ဒေါ်သိန်းလှအား ဆေးခန်းသွားပြမည်ဟုကားဖြင့် ခေါ်ဆောင်သွားပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးပြင်ပတွင် ဒေါ်နီနီရွှေက ၎င်း၏သား မောင်မျိုးစည်သူအောင်နှင့် သမီးမမိုးသူသူအောင်တို့အား အထွေထွေကိုယ်စားလှယ်လွှဲစာတွင် လက်မှတ်ရေးထိုးပေးရန်ပြောဆိုပြီး မောင်မျိုးစည်သူအောင်နှင့် မမိုးသူသူအောင်တို့အား ဒေါ်သိန်းလှပိုင်ဆိုင်သည့်ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၄၀၁) တိုက်ခန်း၏ ခေါင်းရင်းဘက်ခြမ်း၊ မြေညီထပ် (ထပ်ခိုးအပါအဝင်) (အလျားပေ ၅၀× အနံ ၁၂½ပေ)ရှိတိုက်ခန်းနှင့် ဒုတိယထပ် (အလျား ပေ ၅၀× အနံ ၁၂½ပေ)ရှိတိုက်ခန်း၊ စုစုပေါင်းတိုက်ခန်း နှစ်ခန်းကို အလွဲပြောဆိုကာ လိမ်လည်လှည့်ဖြား၍ မေတ္တာဖြင့် အပိုင်ပေးကမ်းသည့် စာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ကြောင်းကို ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ သိရှိရပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေဒေါ်သိန်းလှက မြေးဖြစ်သူ မောင်မျိုးစည်သူအောင် (ဘ) ဦးတင်အောင်လွင် ၁၂/ဒပန(နိုင်)၀၅၄၇၄၀ နှင့် မမိုးသူသူအောင် (ဘ) ဦးတင်အောင်လွင် ၁၂/ဒပန(နိုင်)၀၅၄၇၉၆ တို့နှစ်ဦးအား ၂၈-၁၂-၂၀၁၅ ရက်က လွှဲအပ်ပေးခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၂၃၅/၂၀၁၅)ကိုလည်း ၁၂-၁-၂၀၁၆ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ၁၅-၁-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၇)တွင် အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိန်းလှက မြေးများဖြစ်ကြသည့် မောင်မျိုးစည်သူအောင် (ဘ)ဦးတင်အောင်လွင် ၁၂/ဒပန(နိုင်) ၀၅၄၇၄၀ နှင့် မမိုးသူသူအောင်(ဘ)ဦးတင်အောင်လွင်တို့အား ၂၈-၁၂-၂၀၁၅ ရက်က မေတ္တာဖြင့်အပိုင်ပေးခဲ့သည့်စာချုပ်မှာ နာမကျန်းဖြစ်နေစဉ် သတိသမ္ပဇဉ် ကောင်းစွာမရှိစဉ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ခေါ်ဆောင်သွားပြီး အလွဲပြောဆိုကာ မလျော်သြဇာသုံးချုပ်ဆိုခဲ့သည့် စာချုပ်ဖြစ်၍ ဒေါ်သိန်းလှက မိမိ၏ လွတ်လပ်သောသဘောဆန္ဒအရ ပေးကမ်းခြင်းမဟုတ်သဖြင့် ယခုအခါ ပေးကမ်းလိုသည့်ဆန္ဒ မရှိတော့ပါသဖြင့် ၂၈-၁၂-၂၀၁၅ ရက်စွဲပါ မေတ္တာဖြင့်အပိုင်ပေးကမ်းသည့်စာချုပ်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်သိန်းလှ၏ သဘောဆန္ဒအရ ၁၆-၁-၂၀၁၆ ရက်မှစ၍ ဖျက်သိမ်းလိုက်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဖျက်သိမ်းပြီးသည့်အချိန်မှစ၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဒေါ်သိန်းလှက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သိန်းလှ**
**၁၂/ဒပန(နိုင်)၀၀၄၃၄၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစံရွှေမောင်**
**LL.B, D.B.L, D.I.L,D.M.L, D.L-101, WIPO (Switzerland)**

**ဦးဝင်းမြင့်(ဟသ်ာတ)**
**LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၉၂၂၈)**

**တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး**
**(စဉ်-၅၀၁၃/၈၉)**
**မြို့နယ်ဥပဒေအရာရှိ (ငြိမ်း)**
**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း(၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၃၀၂၁၅၅၊ ၀၉-၉၇၀၉၁၃၁၉၂၊ ၀၉-၇၈၀၁၅၂၉၀၅**

---

**အမည်ပြောင်း**

ဦးအောင်ကျော်စိုး ၁၂/သဃက(နိုင်)၀၀၁၁၀၀၏သမီး အထက(၂) ဗဟန်း၊ ပဥ္စမတန်း(S)မှ မသဲမြတ်ဦးအား မြတ်သွန်းရတီဟု ပြောင်းလဲခေါ်ပါရန်။

**မမြတ်သွန်းရတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ကြည်ကြည်ခင်

**အသက်(၈၀)**

မန္တလေးမြို့ (ဦးမောင်ကို-ဒေါ်ဆွေတင်)တို့၏သမီး၊ အငြိမ်းစား တိုင်းပညာရေးမှူး (ဦးမောင်တင်)၏ဇနီး၊ ပါမောက္ခဒေါက်တာဦးတင်မောင်ဟန်-ပါမောက္ခဒေါ်နွယ်နီခင်တို့၏မိခင်သည် ၁၆-၁-၂၀၁၆ (စနေနေ့)နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**မြတ်တော်ဝင်အထွေထွေရောဂါကုဆေးရုံ**
**တောင်ကြီးမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်သန်း

**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးဝင်းလွင်-ဒေါ်ရွှေလီတို့၏မိခင် ဒေါ်တင်တင်သန်းသည် ၁၄-၁-၂၀၁၆ ရက်(ကြာသာပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ သံဝရ မဟာထေရ်

## အဘိဓဇမဟာရဋ္ဌဂုရု

**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
**မဏ္ဍိုင်အဌသာလိနီ ကျမ်းပြု**
**သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသံဝရ မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၇ရက်)၁၆-၁-၂၀၁၆ (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်) ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာ ကျင်းပမည်ဖြစ်ပါသောကြောင့် မဏ္ဍိုင်ဝံသပါလ တပည့်သံဃာတော်များနှင့် ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမအပေါင်းတို့အား ပင့်လျှောက်အသိပေး အကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီမဏ္ဍိုင်**

---

## အိမ်ခြံမြေအမြန်ရောင်းမည်

**ညှိနှိုင်းဈေးဖြင့်ရောင်းမည်**

(၂၅×၅၀)ပေ ရေမီးအစုံ နှစ်ထပ် ဗိုလ်မင်းရောင်လမ်း၊ ထောက်ကြန့် တိုးချဲ့ (၃)ရပ်ကွက်၊ ထောက်ကြန့်

**စုံစမ်းရန် ဖုန်း-၀၉-၄၃၁၁၁၃၁၃၊ ၀၉-၄၃၁၁၂၈၂၃**

---

## ပျောက်ဆုံး

ကျွန်တော် ဦးကျော်တင့် ၁၂/လမန (နိုင်)၀၁၇၄၆၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၄၉၃၄၈၆၃၄**

---

## ပျောက်ဆုံး

ကျွန်တော် မောင်ဟန်ထွဋ်အောင် ၁၂/လမန(နိုင်)၁၃၇၉၉၆၏ နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၀၄၀၄၁**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဆန်းမြင့်ထွန်း ၁၂/ရကန(နိုင်)၀၆၀၇၄၈ ပိုင် မော်တော်ယာဉ်အမှတ် ၉ခ/၅၃၁၈၏ ပုံစံ(ဃ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၀၅၆၉၈၂**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဦးခင်မောင်ဖြူ(ဘ)ဦးသိန်းမောင် ၁၂/တမန(နိုင်)၀၃၆၃၅၄ ပိုင်ဆိုင်ပြီး မိမိလက်ရှိဖြစ်သော မုဒိတာအိမ်ရာ(၁) အခန်းအမှတ် A-၃၅၃ ၏ စည်းကမ်းလိုက်နာရန် ဝန်ခံကတိစာချုပ်ပန်းရောင်စာရွက်တွဲ ပျောက်ဆုံး၍ တော်ဝင်မိသားစုကုမ္ပဏီသို့ အသစ်ပြန်လည်လျှောက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက တော်ဝင်မိသားစုကုမ္ပဏီသို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးခင်မောင်ဖြူ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**(အောင်သက်)**
**ဥပဒေအကျိုးဆောင်၊**
**စဉ်-၉၉၅၀ (အထက်တန်းရှေ့နေ)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နုနု

**အသက်(၉၆)နှစ်**

ဦးဇော်လင်းမောင်(ပဲခူးတိုင်းဒေသကြီး၊ ဥပဒေအရာရှိ)-ဒေါ်ထူးထူးဌေး(ညွှန်ကြားရေးမှူး၊ ငြိမ်း)၏မိခင် ဒေါ်နုနုသည် ၁၅-၁-၂၀၁၆ ရက်၊ ည ၈း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သာယာဝတီခရိုင် ဥပဒေရုံးနှင့်ခရိုင်အတွင်း ဥပဒေရုံးမိသားစုများ**

---

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးညွန့်ယဉ် (လ/ထမန်နေဂျာ၊ သစ်လုပ်ငန်း)

**၂၀-၁-၂၀၁၁ မှ ၂၀-၁-၂၀၁၆**

**အသက်(၇၅)နှစ်**

အမြော်အမြင်ကြီးမားလှသော ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၅)နှစ်ပြည့်မြောက်ခဲ့သော်လည်း မိသားစုဘဝမှာ ထာဝရ ရှိလျက်ပါ။

သတိရလွမ်းဆွတ်မှုကို ကုသိုလ်များဖြင့် အစားထိုးလျက်စဉ်ဆက်မပြတ်ပြုခဲ့သော အပတ်စဉ် လစဉ် ဆွမ်းလောင်းအလှူများ၊ ဘုရားမုခ်ဦးတိုင်အလှူ၊ ကထိန်အလှူ၊ ကျောင်းသိမ်များအတွက် လှူဒါန်းမှုအစုစုနှင့်တကွ ယနေ့ပြုလုပ်သော ကုသိုလ်များ ဘာဝနာအားထုတ်မှု ကုသိုလ်များအတွက် မြင့်မြတ်သောဘဝမှာ သာဓုခေါ်ဆိုပါဖေကြီး။

| | | |
|---|---|---|
| **မေကြီး** | - | **ဒေါ်ငြိမ်းအေး** |
| **ချစ်သားသမီးများ** | - | **ဦးဌေးလွင်-ဒေါ်သီတာအေး** |
| | | **ဒု/ဗိုလ်မှူးကြီးသက်ဝင်းလှိုင်-ဒေါ်နီလာအေး** |
| | | **ဦးဝဏ္ဏထွေး-ဒေါ်ခိုင်မာသန်း** |
| **ချစ်မြေးများ** | - | **ကူးကူး၊ ပိုင်ပိုင်၊ ကောင်းကောင်း၊ ယံယံ (ဝဏ္ဏသစ်ခွဲစက်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)** |

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေကန် ဒါယကာကြီး**

## ဦးကြူးခင် (ခနောင်တို)

**မိုးရေကြောင်းသယ်ယူပို့ဆောင်ရေး**
**ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)**
**ပြည်တွင်းတွဲဆွဲရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၆၅/က)နေ (ဦးဟင်-ဒေါ်ငွေရှင်)တို့၏သား၊ (ဦးဝိုင်-ဒေါ်ယူ)တို့၏သားသမက်၊ ဒေါ်ငင်ရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ခင်-ဒေါက်တာမြင့်မြင့်အေး၊ (ဦးဇော်မြတ်)-ဒေါ်နီနီခင်၊ ဦးအောင်အောင်ခင်-ဒေါ်ဝင်းနေဇာအေးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးကောင်းတံ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေကန် ဒါယကာကြီး**

## ဦးကြူးခင် (ခနောင်တို)

**မိုးရေကြောင်းသယ်ယူပို့ဆောင်ရေး**
**ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)**
**ပြည်တွင်းတွဲဆွဲရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၆၅/က)နေ (ဦးဟင်-ဒေါ်ငွေရှင်)တို့၏သား၊ ဦးမျိုးမြင့်-ဒေါ်ချိုတို့၏ညီ၊ ဦးကြူးဝိန်-ဒေါ်ရီတင်း၊ ဦးမင်းဒွေး-ဒေါ်ဝင်းယုံ၊ ဒေါ်ဖြူဖြူခင်၊ ဦးထွန်းအေး-ဒေါ်ကြင်တင်းတို့၏ အစ်ကိုသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးကောင်းတံ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ညီအစ်ကိုမောင်နှမများ**

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်သန်းနွဲ့

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၁၈နေ (ဦးသန်းအောင်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးဖေကြည်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ဦးမောင်မောင်ထွေး၏ဇနီး၊ ဦးဝင်းထိန်-ဒေါ်ဝင်းဝင်းအောင်တို့၏အစ်မ၊ ဗိုလ်ကြီးရှိန်းကောင်းမြတ်-ဒေါ်သူဇာဝင်း(မင်္ဂလာမြန်မာ)၊ ကိုဝင်းလွင်အောင်(Uniteam Marine)တို့၏မိခင်သည် ၁၈-၁-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သွာနုတ္တရသားသမီးများအဖြစ် ကြေညာ၍ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာအုပ်စုတောင်ပိုင်း၊ (၉)ရပ်ကွက်၊အမှတ်(၂)နေ ဦးရွှေတင်(ဘ)ဦးဘဏ် ၁၀/ခဆန(နိုင်)၀၄၅၄၄၂၏သား ဦးကျော်သိန်း ၁၀/ခဆန(နိုင်)၀၃၀၄၂၀၊ သမီး ဒေါ်ခင်ဌေးဝင်း ၁၀/ခဆန(နိုင်)၀၅၃၉၁၈၊ သမီး ဒေါ်ခင်အေးမူ ၁၀/ခဆန(နိုင်)၀၉၇၃၃၈၊ သမီး ဒေါ်စီစီမာ ၁၀/ခဆန(နိုင်)၀၆၀၈၉၄တို့က ဖခင်ဖြစ်သူ ဦးရွှေတင် အသက်(၇၃)နှစ်အား လုပ်ကိုင်ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းမရှိသည့်အပြင် မဟုတ်မတရားပြောဆိုခြင်း၊ ရန်ဖြစ်စော်ကားခြင်း၊ ရိုင်းပျစွာဆက်ဆံခြင်း၊ ဖခင်ဦးရွှေတင်အား အတူနေ၍ အနီးကပ်ပြုစုစောင့်ရှောက်ပြီး တာဝန်ယူနေသော မြေးမောင်ကျော်နွယ်ဦး၊ မောင်အောင်ဆန်းဦးနှင့် ချွေးမဖြစ်သူဒေါ်စန်းနွဲ့တို့အား ဖခင်နှင့်အတူမနေနိုင်ရန်အတွက် မကြာခဏလာရောက်၍ ဆဲဆိုရန်စ၊ ကိုယ်ထိလက်ရောက်ရိုက်နှက်ရန်ဖြစ်ခြင်းများကို ပြုလုပ်ခဲ့သည့်အတွက် ဖခင်မှာ ကိုယ်စိတ်နှစ်ပါးဆင်းရဲပင်ပန်းမှုများ ဖြစ်ခဲ့ရပါသည်။ သို့ပါ၍ ယခုကြော်ငြာသည့်ရက်မှစ၍ သားဦးကျော်သိန်း၊ သမီးဒေါ်ခင်ဌေးဝင်း၊ သမီးဒေါ်ခင်အေးမူ၊ သမီးဒေါ်စီစီမာတို့အား သွာနုတ္တရသားသမီးများအဖြစ် ကြော်ငြာ၍ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရွှေတင်**
**၁၀/ခဆန(နိုင်)၀၄၅၄၄၂**

**ဒေါ်တိုးတိုးအေး**
**(စဉ်-၉၉၀၉)**
**တရားလွှတ်တော်ရှေ့နေ**

## ဦးကြီးမောင်
### အသက်(၈၂)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟ(၂)၊ အမှတ် ၂၂၁၇နေ ဒေါ်ခင်ပု(မူ/အုပ်၊ငြိမ်း)၏ခင်ပွန်း၊ဗိုလ်ချုပ်စိုးလွင်(ငြိမ်း)[သံအမတ်ကြီး(ငြိမ်း)]၊ ဒေါ်ယဉ်ယဉ်နုတို့၏ဖခင်၊ ဗိုလ်ကြီးဇော်မင်းထွေး(ငြိမ်း)-မပြည့်မွန်စိုး၊ မရည်မွန်စိုး၊ မောင်ထက်လွင်ကွန်း-မဟေမာချစ်၊ မထက်ထက်နုလွင်တို့၏အဘိုး၊ မဆုသီရိကွန်း၊ မောင်စိုးပီတိကွန်းတို့၏ဘိုးဘိုးကြီးသည် ၁၈-၁-၂၀၁၆ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကြီးမောင်
### အသက်(၈၂)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟ(၂)၊ အမှတ် ၂၂၁၇နေ ဒေါ်ခင်ပု(မူလတန်းကျောင်းအုပ်ကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်ချုပ်စိုးလွင်(ငြိမ်း)(သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်နုတို့၏ဖခင်ဖြစ်သူ ဦးကြီးမောင်သည် ၁၈-၁-၂၀၁၆ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်**
**ဝန်ထမ်းမိသားစုများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဦးတင်မြင့်(အင်းစိန်)
### (ကြေးမုံ၊ မြန်မာ့အလင်း၊ စံတော်ချိန်နေ့စဉ် မြို့နယ်သတင်းထောက်)
### (စာရေးဆရာ ကမ္ဘောဇမြင့်နိုင်)
### (မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ကန်တော့ခံပုဂ္ဂိုလ်)
### ရန်ကုန်တိုင်းဒေသကြီး၊ သတင်းစာဆရာအသင်းအလုပ်အမှုဆောင်
### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ရှမ်းတဲကြီးကျေးရွာနေ (ဦးသက်ပြင်း-ဒေါ်ဖွားတင်)တို့၏သား၊ (ဒေါ်နော်လေးခင်)၏ခင်ပွန်း၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ် ၂၃၉နေ ဦးမြင့်ဦး(အင်းစိန်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) (စံတော်ချိန်သတင်းစာကိုယ်စားလှယ်)-ဒေါ်နွဲ့နွဲ့ရီ (ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာနှင့် ပုဂ္ဂလိကသတင်းစာ ဂျာနယ်မျိုးစုံဖြန့်ချိရေးကိုယ်စားလှယ်)၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ ဦးငွေးလွင်-ဒေါ်အေးသန်း၊ လှိုင်သာယာမြို့နယ်နေ ကိုနိုင်အောင်စန်း-မဝါဝါငွေး၊ ကိုလှထွဋ်ဦး၊ ကိုစိန်လင်း(ဖိုးခွား-ညောင်တုန်း)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၆ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးခင်အေး အသက်(၆၅)နှစ်
### တပ်ကြပ်ကြီးစာရေး(ငြိမ်း)၊ ရုံးအဖွဲ့မှူး
### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(မြောင်းမြမြို့)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ(ဦးခင်ဦး-ဒေါ်ချိုတီ)တို့၏သား၊ (ဦးအရှက်-ဒေါ်မြခင်)တို့၏သားသမက်၊ ဒေါ်ကြင်ရီ၏ခင်ပွန်း၊ ဦးခင်မောင်ညွန့်-ဒေါ်မြင့်မြင့်စိုး၊ ဦးတင်အေး-ဒေါ်စန်းစန်းမြင့်၊ ဦးအေးမြင့်-ဒေါ်အေးအေးသန်း၊ ဦးခင်ငြိမ်း-ဒေါ်မော်လီဝင်းတို့၏အစ်ကို၊ ဦးကျော်ဆန်းဦး(MEC)-ဒေါ်ဆွေဆွေလင်း၊ ဗိုလ်ကြီးရဲနောင်ထွေး-ဒေါ်နေခြည်လင်းလင်း၊ မောင်နိုင်ပြည့်စုံ-မမို့မို့စိုးလွင်၊ မောင်နေမင်းသစ်၊ မခင်သဲစုလင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် မြောင်းမြသရက်ချောင်းရွာမသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းရီ အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ ဦးမောင်စိန်-ဒေါ်ငွေတို့၏သမီး၊ (ဦးအမ်ပေါင်း)-ဒေါ်ဆီဟားတို့၏သမီးချွေးမ၊ ဦးကျော်မြင့်(USA, LA)၊ ဦးကျော်ညွန့်(တာမွေလေး၊ ရန်ကုန်)၊ဒေါ်သန်းသန်းနွယ်(USA,NY)တို့၏ညီမ၊ဒေါ်တင်ကြည်(USA, LA)၊ ဒေါ်တင်အေး(USA, SFK)တို့၏အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပိတောက်လမ်း၊ ဆ/၇၉ ဃနေ ဦးထင်အောင်(အောင်ဘောဂပွဲရုံ)၏ဇနီး၊ ဒေါက်တာတင်ဇာနွေး၊ ဒေါက်တာစိုးဇင်မင်းထွဋ်၊ မနှင်းအိအိထွန်းတို့၏မိခင်သည် ၁၉-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၉း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မိုးကျော်
### (အရှည်ကြီး)
### IKON Trading Co.,Ltd
### (ဗဟန်း/ဥတ္တလစ်)
### အထက(၃)ဗဟန်း
### ကျောင်းသားဟောင်း
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်သီရိလမ်းနေ ဦးသိန်းဇံ-[ဒေါ်ခင်ခင်လှ(ခ) ဒေါ်ဘေဘီ]တို့၏သားသမက်၊ ဦးကိုကိုလွင်၊ Capt. ဦးညီညီလွင် (GEWIN MARINE)၊ (ဦးမောင်မောင်လွင်)၊ ဦးမြတ်အေး - ဒေါ်ခင်သီတာလွင်၊ ဦးကျော်မိုးအောင် - ဒေါ်အေးအေးလွင်တို့၏မောင်၊ ဒေါ်အေးအေးသိန်း(ခ) မပီတာ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝီလျံမိုး၏ဖခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)ည၁၁း၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်မိုးကျော်
### (အရှည်ကြီး)
### IKON Trading Co.,Ltd.
### (ရန်ကုန်)
### ဆရာစံတောင်ရပ်ကွက်(ဥတ္တလစ်)
### အထက(၃)ဗဟန်း
### ကျောင်းသားဟောင်း
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်းနေ (ဦးဝင်းမောင် - ဒေါ်သန်းအေး)တို့၏သား၊ ဦးသော်-ဒေါ်ခင်စန်းတို့၏တူ၊ ဦးမင်းကို-ဒေါ်ခင်သန်းရီ၊ ဦးတင်ထွဋ်၊ (ဦးဇော်မင်းဦး) - ဒေါ်သန်းထူး၊ ဦးအောင်သန်း - ဒေါ်တင်တင်ဝင်း၊ ဦးအောင်ဆန်းတင့် - ဒေါ်ဖြူဖြူဝင်းတို့၏ညီ/မောင်၊ ဦးနိုင်နိုင်၏အစ်ကို၊ ဦးမြင့်ဦး-ဒေါ်ကေသီ၊ ဒေါ်ရီရီဝင်း၊ ဦးမြင့်ဟန်-ဒေါ်သော်တာစန်ဝင်းတို့၏မောင်၊ဦးသန်းအောင်-ဒေါ်ခင်သိုက်စိုး၊ ဦးစိုးမြတ်ထွန်း - ဒေါ်ယဉ်ယဉ်အေးတို့၏အစ်ကိုသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၁း၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းကြည်
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ် ၁၀၈နေ (ဦးမျိုးသိန်း)၏ဇနီး၊ ဒေါ်စီစီ၊ ဦးမျိုးနိုင်-ဒေါ်ခင်သီတာချစ်၊ ဦးမျိုးလွင်(Uniteam Marine)-ဒေါ်နှင်းနှင်းအေး၊ ဦးမျိုးဝင်း-ဒေါ်ခင်ခင်ဆွေ(တူးမာ)တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၇း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်လှ (အေလာ)
### ကုန်သွယ်ရေးဦးစီးဌာန(ငြိမ်း)
### အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊မြစံပယ်လမ်း၊ မြစံပယ်ရိပ်မွန်လမ်းသွယ်၊ အမှတ် ၄၀၊ ၁၂(က)နေ(ဦးထွေး-ဒေါ်စိန်ညို)တို့၏သမီး၊ (ဦးကြင်မောင်-ဒေါ်တင်မြင့်)တို့၏သမီးချွေးမ၊ ဦးဝဏ္ဏိတ (စိန္တာရာမကျောင်းတိုက်၊ ဗဟန်း)၏ ရဟန်းမယ်တော်ကြီး၊ [ဦးမင်းသွင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ငြိမ်း)]၏ဇနီး၊ဒေါက်တာသန်းသန်းသွင်(Green Cross Hospital)-(ဦးခင်မောင်ရင်)၊ ဦးဟန်သွင်-ဒေါ်မူမူဝင်း(ရေနံသယ်ပို့)၊ ဒေါ်အိအိသွင်-ဦးအောင်ကျော်ရှိန်း၊ ဒေါ်ချိုချိုသွင်(စက်မှုဝန်ကြီးဌာန)၊ ဦးလှသွင်(MRTV)-ဒေါ်ယဉ်ယဉ်မော်တို့၏မိခင်၊ မျိုးမင်းသိမ်း၊ ဇော်မျိုးထွန်း-သင်းပုံ့အေး(ခေတ္တ-စင်ကာပူ)၊ အိသက်ရှိန်း-ဉာဏ်ဝင်း(Capital Construction Ltd)၊ ဖြိုးဟန်သွင်(Micro Biologist)၊ မေစိမ်းသွင်(ခေတ္တ-UAE)၊ ဗိုလ်လောင်းရဲမင်းသွင်(ဒုနှစ်၊ တပ်မတော်ဆေးတက္ကသိုလ်)တို့၏အဘွား၊ ရှိန်းသဒ္ဒါဉာဏ်ဝင်း၊ သင်းသစ္စာဇော်၊ ဘုန်းပြည့်ဉာဏ်ဝင်းတို့၏ဘွားဘွားကြီးသည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၃း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်အေး(ပခုက္ကူ) အသက်(၉၀)
### အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၂)ဗဟန်း
### ရန်ကင်းဆရာအတတ်သင်သိပ္ပံ

ပခုက္ကူမြို့နေ(ဦးဖေညွန့်-ဒေါ်တင်ဥ)တို့၏သမီး၊ (ဒေါ်ခင်မူ)၊ (ဗိုလ်ကျော်ညွန့်-ဒေါ်ခင်ကြည်)၊ (ဦးစိန်ဝင်း)-ဒေါ်သန်းဆင့်တို့၏ညီမ၊ (ဦးစောလွင်)-ဒေါ်ခင်မေဝင်း၊ (ဦးအောင်ဝင်း-ဒေါ်ခင်ဆွေ)တို့၏အစ်မ၊ နေပြည်တော်နေ ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်တင်အုန်းမြင့်(အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏မိခင်၊ ဦးသန်းအောင်-ဒေါက်တာခင်စန္ဒာအောင် (လက်ထောက် ညွှန်ကြားရေးမှူး၊ အခြေခံကျန်းမာဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)တို့၏အဘွား၊ ဝိုင်းကလေး၏ဘွားဘွားကြီးသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ် ၈၇၊ ဟံသာဝတီ ၂၁လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်(ခ)ဦးအင်းဟုတ်
### ရုံးအုပ်(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### ဇလွန်မြို့နယ်အသင်းဝင်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်ဝင်း-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးစင်ကြိမ်-ဒေါ်ကြင်ဖွား)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊အမှတ် ၂၈ (ငါးလွှာ B)၊ သိမ်ဖြူဈေးဖြတ်လမ်းနှင့် ၉၄လမ်းထောင့်နေ (ဒေါ်ညွန့်ညွန့်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသန့်စင်၊ မမေဘယ်လ်စန်း(U.S.A)၊ကိုကျော်စွာလွင်-မသင်းသင်းဟန်တို့၏ဖခင်သည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးသန်းနိုင်(ခ)နိုင်နိုင် အသက်(၆၁)နှစ်
### အောင်ဆန်းသူရိယလှသောင်းအထက်တန်းကျောင်း
### အထက(၁)ဒဂုံကျောင်းသားဟောင်း
### UNHCR/IND (ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် (449/W)နေ(ဦးဟန်ထွေး-ဒေါ်ခင်စန်း)တို့၏သား၊ သရေစည်သူ ဦးအောင်တိုး-(ဒေါ်အေးကြည်)တို့၏သားသမက်၊ ဒေါ်ထားထားရီ၊ ဦးကျော်ခိုင်-ဒေါ်မေလှကျော်၊ ဦးခင်ဇော်-ဒေါ်တင်တင်ဝေတို့၏မောင်/ညီ၊ ဒေါက်တာခင်သီတာတိုး (အထက-၁၊ ဒဂုံ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်-ဒေါ်ခင်စန္ဒာတိုးတို့၏အစ်ကို၊ ဦးဘိုဘိုသုန်-ဒေါ်ငုဝါနိုင်၊ ဒေါ်ခိုင်ငြိမ်းငယ်တို့၏ဖခင်၊ မမြသီရိဘို၏ဘိုးဒယ်ဒီ၊ ဦးသက်ခိုင်-ဒေါ် Trene ၊ကိုပြည့်စုံဖြိုး၊ မစုနန္ဒာလင်းတို့၏ဦးလေး၊ ဒေါက်တာစုစန္ဒီ၊ မောင်ကျော်ကိုကို၊ မဇွန်သီထက်တို့၏ဘကြီးသည် ၁၉-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၆ရက် (တနင်္လာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မမျိုးမျိုးသိန်း(ခ) Monica R Lim
### ပြွန်တန်ဆာ/WA.U.S.A
### အသက်(၄၄)နှစ်

ပြွန်တန်ဆာမြို့နေ [လင်စွန်တိတ်(ခ)ဦးမြသိန်း]-တန်ယူကမ်း(ခ)ဒေါ်စမ်းစမ်းယဉ်တို့၏သမီး၊ (ဒေါ်ရီ)၊ (ဒေါ်တင်)တို့၏တူမ၊ ဒေါက်တာအေးငြိမ်း (စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်း/ကျန်းဦးစီးမှူး)-ဒေါ်လီလီသိန်း၊ ဦးအောင်နိုင်ဦး-ဒေါ်အိအိသိန်း(U.S.A)၊ ဦးခင်မောင်ကြိုင်-ဒေါ်နီလာသိန်း(U.S.A)၊ ဦးနိုင်စိုး-ဒေါ်စီစီသိန်း(ဇမ္ဗူလ သက်န်းတိုက်)၊ ဦးတင်တိုး-ဒေါ်အေးမော်သိန်း(မြမူလီ-ဘုရင့်နောင်)၊ ဒေါ်မလာသိန်း၊ ဒေါ်စန္ဒာသိန်းတို့၏ညီမ၊ ကိုဉာဏ်ငွေးသိန်း၊ မအေးထွေးသိန်း၊ ကိုကံလင်းတို့၏အစ်မ၊ တူ/တူမ ၁၀ယောက်တို့၏အဒေါ်သည် ၁၈-၁-၂၀၁၆ရက် အမေရိကန်စံတော်ချိန် ည ၉း၀၁နာရီတွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ် Vacaville မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လုံးတင် (ပဲခူး)
### (စာတိုက်မှူး၊ ငြိမ်း)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း(၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၁)၊ တိုက် ၂၉၆၊ အခန်း ၉(ဒုတိယထပ်)နေ (ဦးစံတင့်-ဒေါ်နှင်းနွယ်)တို့၏သမီး၊(ဦးဘိုးထင် - ဒေါ်အေးလှ)တို့၏ သမီးချွေးမ၊ (ဦးနီ)၏ဇနီး၊ [ဒေါ်သန်းနွဲ့ (ကျောက်ဆည်၊ အထက-၁)]၊ ဦးတင်ထွန်း(တိုင်းမန်နေဂျာ၊ ငြိမ်း၊ M.P.P.E)-[ဒေါ်ခင်သူသူ(အထက-၂၊ လားရှိုး)]၊ (ဦးကြူရှိန်)-ဒေါ်မူမူ၊ (ဦးဇော်မင်း)-ဒေါ်မြမြ(မူလတန်းကျောင်းအုပ်၊ ငြိမ်း)၊ ဒေါ်နွယ်နွယ်ဝင်း (ကျောက်ဆည်)တို့၏မိခင်၊ မဇာခြည်ရှိန်(စန်းမေတ္တာအထည်ဆိုင်၊ မင်္ဂလာဈေး)၊ ကိုထွန်းထွန်းရှိန်-မခင်သီတာအောင်၊ မမော်ကရှိန် (စန်းမေတ္တာအထည်၊မင်္ဂလာဈေး)၊(ဝင်းထွဋ်ထွန်း)-မနန်းလှဲ့လှဲ့ဖြိုး၊ မောင်ကျော်စွာထွန်း (နယူးအဏ္ဏဝါ ရေသန့်စက်ရုံ၊ လားရှိုး)၊ မခင်စန္ဒာမင်း (အထက်တန်းသူနာပြု၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)၊ မောင်စိုးဝေလင်း (ဝင်းစပယ်ကားအသင်း၊ မန္တလေး)တို့၏အဘွား၊ မခြူးမြတ်စန္ဒီ၊ မနန်းကရီဖြိုးတို့၏ဘွားဘွားကြီးသည် ၁၆-၁-၂၀၁၆ရက်(စနေနေ့)ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၆ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးကျော်ဝင်း(ဆားလုပ်ငန်းရှင်)
### လပွတ္တာမြို့
### အသက်(၈၆)နှစ်

လပွတ္တာမြို့၊(၅)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၁၄၇/၅နေ (ဦးချိန်ကြီး-ဒေါ်မြလေး)တို့၏သား၊ ဒေါ်ခင်လှ၏ခင်ပွန်း၊ (ဒေါ်အေးမြိုင်)၏မောင်၊ (ဦးကျော်လင်း)၊ဒေါ်အေးလှိုင်၊ဦးကျော်ရင်၊(ဒေါ်အေးပိုင်)တို့၏အစ်ကို၊ (ဦးစိုးမြင့်)-ဒေါ်သန်းဦး၊ဦးနိုင်ဝင်း-ဒေါ်အေးအေးမွန်၊ (ဦးကြည်မြင့်-ဒေါ်ဖြူဖြူဝင်း)၊ ဦးမင်းမင်းထွန်း-ဒေါ်ခင်မျိုးကျော်တို့၏ဖခင်၊ မြေး ၁၀၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၆း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် လပွတ္တာမြို့၌မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊မုခ်ဦးဒါယိကာမကြီး
## ဒေါ်ကျင်ထွေး (အလုံမြို့)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ဆင်ရေကန်လမ်း၊ အမှတ် ၈၃နေ ဦးသန်းရွှေ၏ချစ်လှစွာသောဇနီး၊ ဦးသောဘိတ၏မယ်တော်၊ ဦးခင်စိုး-ဒေါ်ခင်ဆုယဉ်တို့၏မိခင်၊ မောင်ဗိုဗိုသန့်၊ မောင်အောင်ခန့်တို့၏အဘွားသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၉း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်စိုး(ခ)
## ငွေးကိုကို(ခ)ကူးနောင်
### S.T JOHNS SHIPMANAGEMENT PTE. LTD
### အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးဘငွေး-ဒေါ်မူမူ)တို့၏သား ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၄၅၊ ကျိုတော်လမ်း၊ကျိုတော်ရပ်ကွက်နေ(ဦးချွန်တိတ်)-ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ဆွေ၏ခင်ပွန်း၊ မချယ်ရီဘငွေး-(ကိုကျော်စန်းဝေ)၊ ဦးမောင်ဝင်း-ဒေါ်လေးယုနိုင်၊ ကိုမျိုးနိုင်-မသီတာအေးဇော်၊ ကိုဟုတ်မီ-မလေး၊ မမြင့်မြင့်ဝေ-ကိုကျော်မြင့်၊ ကိုဟုတ်လွမ်တို့၏အစ်ကို/မောင်သည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့) ည ၉း၀၇နာရီတွင်ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဂန္ဓသာရ မဟာထေရ်
### သက်တော်(၉၇)နှစ် သိက္ခာတော်(၇၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပသီကျေးရွာ အောင်တက်စိန်ဘုရားကြီးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဂန္ဓသာရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၇ရက်) ၁၆-၁-၂၀၁၆ရက်(စနေနေ့) ည ၁၁း၃၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ဖြစ်ပါကြောင်း ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမဈာပနရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

## ဦးအေးကျော် အသက်(၈၆)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေနံ/ဓာတု

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၀၁နေ(ဦးရင်မောင်-ဒေါ်စိန်ပွင့်)တို့၏သား၊(ဦးစောလွင်-ဒေါ်နုနု)တို့၏သားသမက်၊ (ဒေါ်မြင့်မြင့်လွင်)၏ခင်ပွန်း၊ ဒေါ်မြတ်မိုးမိုးအေး-ဦးသောင်းကြည်၊ (ဦးမြတ်မင်းအေး)၊ ဦးနိုင်လင်းအေး-ဒေါ်ညိုမီဝင်း၊ ဒေါ်မြတ်သက်သက်အေးတို့၏ဖခင်ကြီး၊ မောင်ကျော်ခန့်သောင်း၊ မောင်သုတစွမ်းတို့၏အဘိုးသည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၆း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်မင်းရောင်လမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယကာကြီး
## ဦးတင်ထွန်း(အုန်းနဲ့) အသက်(၇၅)နှစ်
### အုန်းနဲ့အလကကျောင်းအုပ်ဆရာကြီး(ငြိမ်း)
### ကဝမြို့နယ် တရားသူကြီးဥက္ကဋ္ဌ(ငြိမ်း)
### အောင်သိုက်ရောင်းဝယ်ရေး

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ(ဦးဘိုးသစ်-ဒေါ်စိန်ရွှေ)တို့၏သား၊ (ဒေါ်မြင့်မြင့်ရီ၊ အလပြ၊ အုန်းနဲ့၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးဘခင်)-ဒေါ်ခင်ကြည်၊ (ဦးမောင်လေး)-ဒေါ်ခင်တုတ်၊ ဦးကျော်ထွန်း-ဒေါ်တင်နွဲ့တို့၏ညီမောင်၊ ဦးဖြိုးသာ-ဒေါ်သင်သင်နွယ်၊ ဦးတိုးလွင်-ဒေါ်မြသန်း၊(ဦးသင်းဇော်)၊ (ဦးစိုးသွင်)-ဒေါ်အေးအေးသင်းတို့၏အစ်ကို၊ ဦးအောင်ခိုင်-ဒေါ်ခင်မကြူဖေ၊ ကိုသိုက်စိုး-မအေးအေးသန့်ဟန်၊ မခိုင်ခိုင်စိုး၊ ကိုသိုက်ထွန်း(ခေတ္တဂျပန်)-မဆုမြတ်ခိုင်ဝင်း၊ (ကိုအောင်ထွန်း)တို့၏ဖခင်သည် ၁၈-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အုန်းနဲ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းကြည်
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ် ၁၀၈နေ (ဦးမျိုးသိန်း)၏ဇနီး၊ (ဦးဘိုစိန် - ဒေါ်အုန်းတင်)၊ ဦးအောင်ထွန်း-(ဒေါ်ခင်ညွန့်)၊ ဦးသန်းလွင်-ဒေါ်စိန်စိန်၊ (ဦးသိန်းလွင်-ဒေါ်ကြည်ကြည်လှ)၊ (ဦးဝင်းမြိုင်)-ဒေါ်အေးမြင့်၊ (ဦးတင့်လွင်-ဒေါ်ခင်အေးမြင့်)၊ ဒေါ်ခင်ထွေးမူ၊ ဦးသိန်းဝင်း-ဒေါ်ခင်သန်းမြင့်တို့၏ညီမ/အစ်မသည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၇း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစန်းမြင့်
### အသက်(၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊အောင်သစ္စာ(၆)လမ်း၊ အမှတ် ၆၉၇နေ (ဦးရန်ရှောင်-ဒေါ်စန်းရှင်)တို့၏သား၊ (ဦးကြီးစိန်-ဒေါ်စန်း)တို့၏သားသမက်၊ ဒေါ်ကျင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးမြင့်ရီ၊ ဒေါ်စန်းစန်းရီ (J.A.T၊ အမက-၄၁၊ သာကေတ)၊ဒေါ်ခိုင်ခိုင်သင်း(ကထိက၊ သမိုင်းဌာန၊ ရေနံချောင်း ဒီဂရီကောလိပ်)၊ ဦးစည်သူမင်းထွေး (သတင်းတပ်ဖွဲ့) - ဒေါ်ဝင်းဝင်းခိုင် (J.A.T၊ ထ-၂၊ဒဂုံဆိပ်ကမ်း)၊ကိုဇော်မိုး၊ ကိုမြင့်ဇော်-မဝေဝေခိုင်၊ကိုကျော်စိုးမိုး(Medi Power)တို့၏ဖခင်၊မောင်သုတကောင်းဟိန်းတို့၏အဘိုးသည် ၁၉-၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းရွှေ(ခ)
## ဦးထွန်းဝေ (ကင်းရွာ)
### ဒလသဘော်ကျင်း(ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ဦးစံညွန့်လမ်း၊ အမှတ် ၁၄/၄နေ (ဦးထွန်းတင်-ဒေါ်စိန်ဆင့်)တို့၏သား၊ (ဦးနု-ဒေါ်ငြိမ်းရှင်)တို့၏သားသမက်၊ (ဒေါ်စိန်ဆိုင်)၏ခင်ပွန်း၊ ဦးစိန်ငွေ(ဒုအရာခံဗိုလ်၊ငြိမ်း)-ဒေါ်ညွန့်တင်၊ (ဦးလှမြင့်)၊ (ဗိုလ်ကြီးစိုးနိုင်၊ ငြိမ်း)-ဒေါ်ခင်စန်းရီ၊ ဦးစော - ဒေါ်ညွန့်ရင်တို့၏ အစ်ကို၊ ဦးအောင်မြတ်စိုး-ဒေါ်စန္ဒာဦး၊ Mrs Vincent Yap -ဒေါ်သီတာအေး၊ဦးမင်းထွန်း(ဦးစီးအရာရှိ၊စစစ)-ဒေါ်ခင်လေးလှိုင်တို့၏ဖခင်၊ မောင်ဟန်ထိုက်စိုး၊ မောင်ညီမင်းသူ၊မသွန်းဆုရတီ၊မသွန်းဆုဝတီတို့၏အဘိုးသည်၁၉-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ကြည်
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၆၁၂နေ (ဦးဘရင်-ဒေါ်စောမြင့်)တို့၏သမီး၊ (ဦးကျင်ကွမ်း-ဒေါ်လှကြည်)၊ ဦးကျော်စိုး-(ဒေါ်ကျော့)တို့၏ညီမ၊ (ဦးအုန်းငွေး)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်ရွှေ(ဒု-ညွှန်ကြားရေးမှူး၊ငြိမ်း၊ စက်မှု-၁)-ဒေါ်ခင်ခင်ငွေး၊ ဒေါ်သန်းသန်းငွေး၊ ဦးအောင်အောင်(၄၉)ယာဉ်လိုင်း - ဒေါ်ဝင်းဝင်းငွေး၊ ဦးရဲဝင်းငွေး(2000 Co.,Ltd)-ဒေါ်သွယ်သွယ်လတ်(GEG Co.,Ltd)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မလွင်လွင်အောင်(BPI ဘဏ္ဍာရေး)၊ မမြင့်မြတ်သူ၊ မောင်လှမျိုး-မအေးသန္တာ၊ မနှင်းစံပယ် 2c 2p (Myanmar) Co., Ltd.၊ မောင်စည်သူကျော်ကျော်-မအေးသိမ့်လွင်၊ မပိုးမြင့်မြတ်သွန်း၊ မဝိုင်းတုန်ချစ်တို့၏ အဘွားသည် ၁၉-၁-၂၀၁၆ရက် နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဘီလူးကျွန်းတစ်ခုလုံးသို့ နိုင်ငံတော်ဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်ပို့လွှတ်



ဘီလူးကျွန်းသို့ လျှပ်စစ်ဓာတ်အားသွယ်တန်းနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-လျှပ်စစ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဘီလူးကျွန်းသည် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့၏ တစ်ဖက်ကမ်း သံလွင်မြစ်ဝတွင် တည်ရှိသော်လည်း ရေစီးသန်သောသံလွင်မြစ်ကို ဖြတ်သန်း၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်မှုမရှိသဖြင့် ချောင်းဆုံဒေသရှိ ကျေးရွာ ၁၁ ရွာမှ မီးသုံးစွဲသူ ၁၇၄၀ အား ၅၀၀ ကေဗွီအေ ဒီဇယ်မီးစက်နှစ်လုံးဖြင့် တစ်နေ့လျှင် လေးနာရီသာ ယခင်က ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ရသော ဒေသအဖြစ်တည်ရှိနေခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ချောင်းဆုံဒေသအား ၂၄ နာရီ ဓာတ်အားပေးနိုင်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်မည့် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်း ၁၇ ဒသမ ၁၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၂×၁၅ အမ်ဗွီအေ ချောင်းဆုံဓာတ်အားခွဲရုံတို့အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ဓာတ်အားလိုင်းအူကြောင်းတိုင်းတာခြင်းနှင့် ဓာတ်အားခွဲရုံ မြေနေရာရွေးချယ်ခြင်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် တိုင်းတာရရှိသော ဓာတ်အားလိုင်းအူကြောင်းအတိုင်း Normal Line (Concrete Mono Pole Tower ၅၇ တိုင်) ၁၆ မိုင် တည်ဆောက်ဆောင်ရွက်ခြင်းလုပ်ငန်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အဖွဲ့ ၁၁ ဖွဲ့၊ အင်အား ၅၅၀ ခန့်ဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် တိုင်ဆင်၊ ကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

*စာမျက်နှာ ၁၀ ကော်လံ ၃* ○

## ယနေ့ ဖတ်စရာ


**ဆစ်ဒနီရဲစခန်းတိုက်ခိုက်ခံရခြင်းကို ဩစတြေးလျရဲများ တုံ့ပြန်ပစ်ခတ်** စာမျက်နှာ » ၄

**ပုလဲ-ဂန့်ဂေါလမ်းပိုင်းတွင် မန္တလေးမှထွက်ခွာလာသည့် ဓာတ်အဖွဲ့ယာဉ်တိမ်းမှောက်ရာ သုံးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရ** စာမျက်နှာ » ၁၂

**မြဝတီမြို့၌ မော်တော်ယာဉ်မောင်းနှင်လာစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရမှုဖြစ်ပွား** စာမျက်နှာ » ၁၃


# စက်သုံးဆီဈေးနှုန်းများပြုတ်ကျပြီးနောက် ကုန်ဈေးနှုန်းများပါ ကျဆင်းလာဖို့လိုအပ်

သတင်းခင်ရတနာ

နေပြည်တော် ဇန်နဝါရီ ၁၉

**ယနေ့မှစတင်၍ စက်သုံးဆီဈေးနှုန်းများကို သတ်မှတ်လျှော့ဈေးနှုန်းအတိုင်း ရောင်းချရန် ညွှန်ကြားလိုက်သည့်အတွက် စက်သုံးဆီဈေးနှုန်းများ တစ်လီတာလျှင် ကျပ် ၅၀ မှ ကျပ် ၈၀အထိ ကျဆင်းသွားပြီးနောက် ကုန်စည်ဈေးနှုန်းများပါ လိုက်ပါကျဆင်းနိုင်ရန်လိုအပ်ကြောင်း ကုန်စည်ရောင်းဝယ်ရေးလုပ်ကိုင်သူများက ပြောသည်။**

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းလာသည်မှာ နှစ်နှစ်နီးပါးရှိခဲ့ပြီ ဖြစ်သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ အကြောင်းအမျိုးမျိုးဆွဲကာ ဈေးနှုန်းကို မြှင့်တင်နေခဲ့သည်။

ယခုအခါ စက်သုံးဆီတင်သွင်းမှုနှင့်ပတ်သက်၍ စနစ်တကျရှိစေရေးနှင့် ဖြစ်ပေါ်နေသော ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများနှင့် အညီဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြစ်လာစေရေးအတွက် စက်သုံးဆီဈေးနှုန်း ထိန်းသိမ်းရေးအဖွဲ့က တွက်ချက်ကာ ဈေးနှုန်းများ လျှော့ချခဲ့ခြင်းဖြစ်သည်။

"နေ့စဉ်ဖြစ်ပေါ်နေတဲ့ စင်ကာပူရဲ့ ဆီဈေးနှုန်းတွေ၊ ငွေလဲနှုန်းနဲ့ ပြည်တွင်းဝယ်လိုအားကို တွက်ချက်ပြီး ဖြစ်သင့်တဲ့ ဈေးနှုန်းတစ်ရပ်ကို

*စာမျက်နှာ ၅ ကော်လံ ၅* ■




ရန်ကုန်မြို့တွင်းရှိ ပုဂ္ဂလိကစက်သုံးဆီဆိုင်၏ စက်သုံးဆီဈေးနှုန်းများကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)


■ စက်အာမခံသက်တမ်း ၂ နှစ် (သို့မဟုတ်) နာရီ ၃၀၀၀။
■ အာမခံသက်တမ်းအတွင်း လဲလှယ်ရမည့် Maintenance Kits နှင့် စက်ဆီချောဆီများ ပံ့ပိုးပေးမှု။
■ အာမခံသက်တမ်းကာလအတွင်း ထိန်းသိမ်းစောင့်ရှောက်ရန် အဓိကကျသည့် Preventive Maintenance (၇)ကြိမ်အား ထွန်းနေဝန်းသစ္စာကုမ္ပဏီ စက်မှုအင်ဂျင်နီယာများမှ အခမဲ့လာရောက်စစ်ဆေးပေးမှု။
■ အာမခံသက်တမ်းကာလအတွင်း လက်ခမဲ့ပြုပြင်ဆောင်ရွက်ပေးမှု။
■ ရေဝတီဘဏ်နှင့် ချိတ်ဆက်၍ ဝယ်ယူနိုင်ပါသည်။
■ အထူးအာမခံ သက်တမ်း ၂နှစ်(သို့မဟုတ်) နာရီ၄၀၀၀ ကိုလည်း ရယူနိုင်ပြီး၊ ယင်းအတွက် စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားရှိပါသည်။

2 Years Warranty
Complimentary Maintenance Kits including Lube
Free Maintenance & Repair Service
SPECIAL DEAL

DOOSAN
Block - 246, Q-1, Corner of Min Gyi Mahar Min Khaung Street & Myin Wun U Aung Thu Street, Hlaing Tharyar Industrial Zone - 2, Hlaing Tharyar Township, Yangon.
TEL : 09 54 06627, 09 40 277 0563
HTUN NAY WUN





mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း